ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ပြည်သူ့တရားသူကြီးအဖွဲ့တဖွဲ့လုံး

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၇၄

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့တရားသူကြီးအဖွဲ့၏
ခွင့်ပြုချက်အရ၊ ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းတွင်
ရိုက်နှိပ်ထုတ်ဝေသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ပြည်သူ့တရားသူကြီးအဖွဲ့တဖွဲ့လုံး

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၇၄

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့တရားသူကြီးအဖွဲ့၏
ခွင့်ပြုချက်အရ၊ ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းတွင်
ရိုက်နှိပ်ထုတ်ဝေသည်။

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့တရားသူကြီးအဖွဲ့

၁။ သူရဦးအောင်ဖေ .... .... .... .... ဥက္ကဋ္ဌ

၂။ ဗေယျကျော်ထင် ဦးထွန်းအောင်ကျော် .... .... အဖွဲ့ဝင်

၃။ ဗိုလ်မှူးကြီး လှမောင် .... .... .... အဖွဲ့ဝင်

၄။ ဦးလွင်မောင် .... .... .... .... အဖွဲ့ဝင်

၅။ ဗေယျကျော်ထင်၊ စည်သူတံဆိပ်ရ ဦးစိုးလှိုင် .... .... အဖွဲ့ဝင်

၆။ ဦးကြည်မြ .... .... .... .... အဖွဲ့ဝင်

၇။ ဦးသန့်စင်၊ ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ.... .... .... အဖွဲ့ဝင်

၁၉၇၄ ခုနှစ်

ပြစ်မှုဆိုင်ရာအမှုများ

## စီရင်ထုံးပြုသောမှုခင်းများ

## ပြစ်မှုဆိုင်ရာအမှုများ


| | | စာမျက်နှာ |
|---|---|---|
| ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | .... | ၁ |
| ဦးကျော်ရှင် ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | | ၆ |
| ကိုကျော့ ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | .... | ၁၀ |
| ဦးချစ် ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | .... | ၁၈ |
| ဦးစိန်မြ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | .... | ၂၃ |
| မောင်တိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | .... | ၄၀ |
| ဦးပဏ္ဍိုရွှေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | .... | ၄၅ |
| ဦးမေရာမေဒင် နှင့် မသန်းညွန့် .... .... | .... | ၄၈ |
| ဦးမြမောင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးစောလှိုင်)။ | .... | ၅၅ |
| ဦးမြဝင်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | .... | ၅၇ |
| မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဒေါ်သီသီ)။ | | ၆၀ |

# ညွှန်းချက်

## ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

ဥပဒေများ—

တပ်မတော်ဥပဒေ။

ပြစ်မှုဆိုင်ရာဥပဒေ။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ။

သက်သေခံဥပဒေ။

၁၉၆၃ ခုနှစ်၊ အမျိုးနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ။

၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ။

တပ်မတော် အက်ဥပဒေပုဒ်မ ၆၅ အရ စနစ်တကျရှိခြင်းနှင့် စစ်စည်းကမ်းထိခိုက်အောင် ပျက်ကွက်မှု၊ ချီစစ်၏သဘောတရားအရ ဆုံရပ်တွင် ရှေ့ပြေးတပ်စုကို မတွေ့လျှင် အခြေအနေကို သုံးသပ်၍ သင့်တင့်သော အချိန်အနည်းငယ်ခန့်သာ စောင့်ဆိုင်းသင့်သည်ဖြစ်၍ ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကို စောင့်ဆိုင်း မနေခြင်းသည် စစ်စည်းကမ်းအရ ဖေါက်ဖျက်ခြင်း ရှိ မရှိ၊ စွဲချက်လွှာတွင်စွပ်စွဲထားခြင်းမရှိသည့် စွပ်စွဲချက်ကိုစဉ်းစားရန်လိုမလို။ ။ဆုံးဖြတ်ချက်။ ။ချီစစ်၏သဘောတရားအရ ဆုံရပ်တွင် ရှေ့ပြေးတပ်စုကိုမတွေ့လျှင် အခြေအနေကိုသုံးသပ်၍ သင့်တင့်သော အချိန်အနည်းငယ်ခန့်သာ စောင့်ဆိုင်းသင့်ပေသည်။ မရောက်လာပါက မိမိ ပင်မတပ်ထဲမှ သင့်လျော်သောတပ်ဖွဲ့တခုကို ရှေ့ပြေးတပ်အဖြစ် တာဝန်ပေး၍ အမိန့်အရ မိမိရည်မှန်းချက်ကို ဆက်လက်ချီတက်ရန်သာရှိသည်။ ထို့ကြောင့် ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကိုစောင့်ဆိုင်းမနေသဖြင့် စစ်စည်းကမ်းအရ ဖေါက်ဖျက်ခြင်း မရှိဟု ကျွန်ုပ်တို့ယူဆသည်။ ညတိုက်ပွဲကို နေ့တိုက်ပွဲကဲ့သို့ သုံးသပ်ခြင်း စသည့် စွပ်စွဲချက်မှာ စွဲချက်လွှာတွင် စွပ်စွဲထားခြင်းမရှိ၍ အသေးစိတ် စဉ်းစားရန် မလိုဟုယူဆသည်။ တပ်ခွဲစစ်ကြောင်းမှူး ဗိုလ်ကျော်မိုးသည် ရည်မှန်းချက်ဖြစ်သော နန်းမူရွာသို့ ၁၉၇၁ ခု၊ ဇူလိုင်လ ၁ ရက်နေ့ညအရောက် ချီတက်ရောက်ရှိရန်ကြိုးစား အားထုတ်ရင်း ရှေ့ပြေးတပ်စုက မိမိပင်မတပ်ကို စတင်ပစ်ခတ်မှားယွင်းတိုက်ခိုက်မှုကြောင့် ရဲဘော်အချို့ သေဆုံး ဒဏ်ရာရရှိခြင်းမှာ ဗိုလ်ကျော်မိုး၏ ပေါ့လျော့မှုကြောင့်ဖြစ်ပေါ်သည်ဟုမဆိုနိုင်ချေ။

ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် .... ၁

စာမျက်နှာ

နှုတ်သက်သေခံချက်အပေါ် လက်ခံခြင်း၊ တရားဝင်အကြင်လင်မယားတို့၏ပြုမူဆက်ဆံပုံ။ ။ဆုံးဖြတ်ချက်။ ။နှုတ်သက်သေခံချက်မှာမည်သူကိုမဆိုသင်ကြား၍လွယ်ကူစွာ သက်သေခံခိုင်းနိုင်သဖြင့် သေချာချင့်ချိန် ဝေဖန် သုံးသပ်ပြီးမှသာလျှင် လက်ခံရမည်။

ဦးမေရာခမဒင် နှင့် မသန်းညွန့် .... .... .... ၄၈

ပြစ်မှု ကျူးလွန်ခြင်းနှင့် ပတ်သက်၍ အရေးယူရာ၌ တရားရုံးတွင် အမှုမစွဲဆိုမီ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်လို မလို၊ အလုပ်မကျွမ်းကျင်၍ မှားယွင်းသည်ကိုခွင့်လွှတ်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ပျက်ကွက်လျှင် တရားခံအားအပြစ်မှလွှတ်ရမည်ဟူ၍တထစ်ချမှတ်ယူ၍လည်းမဖြစ်နိုင်ပေ၊ အမှုကြောင်းခြင်းရာ တမျိုးစီကို သီးခြားစိစစ်၍ မည်သည့်အမှုမျိုးတွင် တာဝန်ရှိသူ ထုတ်ဖေါ်နိုင်ရန်အတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုလိုသည်။ မည်သည့်အမှုမျိုးကို မလိုဟူ၍ ဝေဖန် သုံးသပ်ရမည် ဖြစ်ပေသည်။ ဌာနဆိုင်ရာ စုံစမ်းမှုနှင့် တရားရုံးတွင် စစ်ဆေး ကြားနာခြင်းတို့မှာ ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်ပြီး အဖြေရှာသော အခါတွင် တူညီကြသည်မဟုတ်ချေ။ ဌာနဆိုင်ရာ စုံစမ်းမှုတွင် ဂျီဆာကြူလာ ပြဋ္ဌာန်းချက်များ အရ သက်ဆိုင်သူအပေါ်တွင် မိမိတို့ဌာန အနေဖြင့် မည်သို့အရေးယူသင့်ကြောင်း အဖြေရှာရခြင်းဖြစ်သည်။ တရားရုံးတွင် စစ်ဆေး ကြားနာခြင်းမှာ တရားခံသည် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ အပြစ်ရှိ မရှိ အဖြေရှာခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာ စုံစမ်းမှု ကြိုတင် ပြုလုပ်ပြီးမှ ပြည်သူ့ရဲတပ်ဖွဲ့သို့ တိုင်တန်းသင့်သည် ဆိုသော အတွေးအခေါ် အယူအဆကို သဘောမတူနိုင်ချေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်ဆဲဖြစ်သောယခုအချိန်မျိုးတွင် တိုင်းပြည် ဝန်ထမ်းအားလုံးတို့သည် တာဝန်ကို အတိအကျ ယူနိုင်ရန် များစွာလိုလားအပ်ပေသည်။ မိမိက တာဝန် ခံရသည့် အလုပ်တခုနှင့် ပတ်သက်သော အကျိုးအမြတ် အခွင့်အရေး တို့ကို အပြည့်အဝ ရယူခဲ့လျှင် ယင်းအလုပ်နှင့် ပတ်သက်သော တာဝန်ကိုလည်း အပြည့်အဝ ထမ်းဆောင်ရမည် ဖြစ်ပေသည်။ ယခုအမှုတွင် တရားခံက မိမိသည် ပညာအရည်အချင်း ၆ တန်းမျှသာရှိကြောင်း တင်ပြသည်။ သို့ရာတွင် တရားခံကို ဌာနဆိုင်ရာ အနေနှင့် ကာယ ဉာဏစွမ်းအားအလိုက် နေရာ ချထားပေးသည်ဟု ယုံကြည်ပေသည်။ အလုပ်ကို ကျွမ်းကျင်တတ်မြောက်ခြင်း မရှိ၍ အမှားအယွင်း ခွင့်ပြုပါဆိုသော တောင်းပန်ချက်များကို လက်ခံစဉ်းစားရန် အကြောင်းမရှိပေ ။

မောင်တိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် .... ၄၀

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိခြင်း။ ။ ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ အမှုစစ်ဆေး ကြားနာခြင်းပြီးဆုံး သောအခါ တရားရုံးက သက်သေခံပစ္စည်းနှင့် ပတ်သက်၍ သင့်တော်သော အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇

အရချုပ်မှတ်ရသည်။ ဤကဲ့သို့အမိန့် ချမှတ်ရာ၌ အမှုတွင် နှစ်ဖက်မှ တင်ပြသော သက်သေခံချက်များကို အလေးအနက် စဉ်းစားလျက် သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိပါက ယေဘုယျ အားဖြင့် ယင်းပစ္စည်းကို သိမ်းဆည်းခြင်း ခံရသူသို့ ပြန်ပေးရန် ညွှန်ကြားနိုင်သည်။ ယင်း အမိန့်ကို မကျေနပ်သူသည် ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိသည်။

**ဦးမြမောင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်** .... ၁၁

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ မယားခိုးမှုမြောက်ရန်အင်္ဂါရပ်များ လျှောက်ထားသူသည် လင်ရှိ မယားဖြစ်ကြောင်းနှင့် လင်နှင့် တရားဝင်ကွာရှင်းခြင်း မရှိသေးကြောင်းကို သိရှိနိုင်ခြင်း၊ သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိခြင်း လင်ရှိမယားကိုယ်တိုင်က ကာမ စပ်ယှက်သည်ဟု ထွက်ဆိုခြင်း ဤကိစ္စမျိုးတွင် မျက်မြင်သက်သေရရန် ခဲယဉ်းခြင်း လျှောက်ထားသူက ငြင်းဆိုသော်လည်း ယုံကြည်လောက်အောင် ဖြေရှင်းချက် မပေးနိုင်ခြင်း။** ။ဆုံးဖြတ်ချက်။ ။မယားခိုးမှုမြောက်ရန် အောက်ပါ အင်္ဂါရပ် များနှင့် ပြည့်စုံရမည်။ ယင်းတို့မှာ(၁) လင်ရှိမယားဖြစ်ကြောင်း သိခြင်း၊ သို့မဟုတ် ယုံကြည်ရန် အကြောင်း ရှိခြင်း၊ (၂) ယင်းကိုသိလျက်၊ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိလျက် ထိုမိန်းမနှင့် ကာမစပ်ယှက်ခြင်း၊ (၃) ထိုသို့ ကာမစပ်ယှက်သည်ကို လင်ဖြစ်သူက သဘောမတူခြင်းတို့ဖြစ်သည်။ ယခုအမှုတွင် တရွာတည်း နေထိုင်သူများ ဖြစ်ကြသောကြောင့် မကြည်သည် မောင်ဖိုးတီး၏မယား ဖြစ်ကြောင်း မောင်ဖိုးတီး နှင့် တရားဝင်ကွာရှင်းခြင်း မရှိသေးကြောင်းကို လျှောက်ထားသူ ဦးပဏ္ဍိုရွှေ သိနိုင်လောက်သည်။ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိသည်။ လျှောက်ထားသူသည် မကြည်အား ကာမစပ်ယှက်ကြောင်း မကြည် ကိုယ်တိုင်က ထွက်ဆိုထားသည်။လျှောက်ထားသူ၏ အမှုအရာအားဖြင့်လည်း ပေါ်လွင်သည်။ ဤကိစ္စမျိုးတွင် မျက်မြင်သက်သေရရန် ခဲယဉ်းသည်။ လျှောက်ထားသူက ငြင်းကွယ်သော်လည်း ယုံကြည်လောက်အောင် ဖြေရှင်း တင်ပြခြင်း မပြုနိုင်။

**ဦးပဏ္ဍိုရွှေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်** .... ၄၅

**သတင်းစာများတွင်ဖြစ်စေ၊ အခြားရေးသားထုတ်ဝေသော စာစောင်အသီးသီး တို့တွင်ဖြစ်စေ တပါးသူအား အသရေပျက်စေသော အရေးအသားများ ထည့်သွင်းဖေါ်ပြသည့်အခါ အယ်ဒီတာနည်းတူထည့်သွင်းသူ ကာယကံရှင်၌လည်း မည်သည့်အခါ၌ တာဝန်ရှိခြင်း။** ။ဆုံးဖြတ်ချက်။ ။သတင်းစာ များတွင် ဖြစ်စေ၊ အခြား ရေးသားထုတ်ဝေသော စာစောင်အသီးသီးတို့တွင်ဖြစ်စေ အသရေဖျက်မှုနှင့် ပတ်သက်လာသောအခါတွင် သာမန်အားဖြင့် တာဝန်ခံ အယ်ဒီတာတွင် တာဝန်ရှိသည်။ သို့ရာတွင် အယ်ဒီတာသည် သတင်းအနေနှင့် တည်းဖြတ်ထည့်သွင်း ဖေါ်ပြခြင်းဖြစ်သည်။ သို့မဟုတ် သက်ဆိုင်သူ ကာယကံရှင် ကိုယ်တိုင်က ကြော်ငြာသဘော အမည်လိပ်စာများ ဖေါ်ပြ၍ ထည့်သွင်းခြင်း ဖြစ်သည်ဆိုသော အချက်ကို စိစစ်ဝေဖန်ရန် လိုသည်။ ဤအမှုတွင် ကာယကံရှင်သည် မိမိ

အမည် လိပ်စာနှင့်တကွ တယ်လီဖုန်း နံပါတ်တို့ကို ဖေါ်ပြထားသောကြောင့် ကာယကံရှင် ကိုယ်တိုင်က အတိအကျ စွပ်စွဲရေးသား ကြော်ငြာသဘောသက်ရောက်ခြင်း ဖြစ်သဖြင့် အယ်ဒီတာနည်းတူ ထည့်သွင်းသူ ကာယကံရှင်၌လည်း တာဝန်ရှိကြောင်းဆုံးဖြတ်သည်။

မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်သီသီ) .... .... ၆၀

သက်သေခံဥပဒေ ကြံရာပါတဦး၏ ထွက်ဆိုချက်ကို မည်သည့်အခါ ကျန်တရားခံတဦး အပေါ် အသုံးချနိုင်သည်ကို ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ကြံရာပါတဦး၏ ထွက်ဆိုချက်သည် တန်ဖိုး နည်းပါးသော်လည်း ယင်းထွက်ချက်ကို လုံးဝ ပစ်ပယ်ရမည်မဟုတ်။ ယင်းထွက်ချက်ကို ထောက်ခံသော ပတ်ဝန်းကျင် အထောက်အထားများရှိပြီး သဘာဝယုတ္တိအားဖြင့် ယုံကြည် သင့်သော ထွက်ချက်ဖြစ်လျှင် အသုံးချနိုင်သည်။ .... .... .... ....

ဦးမြဝင်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် .... ၅၇

သက်သေခံဥပဒေ၊ လုံလောက်သော သက်သေခံ အထောက်အထား မရှိပဲ စွဲချက်တင် သင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။ခိုင်လုံသော သက်သေခံ အထောက်အထား ပြရန်မှာ တရားလို၏ တာဝန်သာဖြစ်သည် တရားလိုပြ သက်သေထွက်ချက်များ အရ ပြစ်မှုထင်ရှားစေသော သက်သေခံ အထောက်အထား မရှိသဖြင့် စွဲချက် တင်ပြီး ပြစ်မှုထင်ရှား စီရင်လျက် ပြစ်ဒဏ်ပေးလိုက်ခြင်းမှာ ဥပဒေအရမှားယွင်း သည်။ .... .... .... .... ....

ဦးကျော်ရှင် ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၆

သက်သေအချို့တို့၏ ထွက်ချက်ကွဲလွဲမှုရှိခြင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၄၀ အရ မေးမြန်းသော အခါတွင်မှ ထွက်ဆိုခြင်း အမှန်တရားကို ထွက်ဆိုခြင်း မရှိဟု ယူဆနိုင် မနိုင် အမှုတွင်ပေါ်လွင်သည့်သက်သေအချို့အား တရားလိုဖက်မှ သက်သေမပြခဲ့သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၁၁၄ (ဆ) အရ ဆန့်ကျင်ဖက်သာဖြစ်ကြောင်း ယူဆသင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။ဤအမှုတွင် တရားလိုပြ သက်သေ အချို့တို့၏ ထွက်ချက် ကွဲလွဲမှုရှိနေခြင်းနှင့် မူလစစ်ဆေးစဉ်အခါက မထွက်ဆိုပဲ ကျင့်ထုံးပုဒ်မ ၅၄၀ အရ မေးမြန်းသောအခါတွင်မှ ထွက်ဆိုခြင်းကို တွေ့ရပေသည်။ တရားလိုပြသက်သက်သေများ၏ ထွက်ဆိုချက်များ ကွဲလွဲရခြင်းမှာ အထက်ကဖေါ်ပြခဲ့သည့်အတိုင်း အချိန် ကြာမြင့်ခဲ့ပြီဖြစ်၍ နေ့ရက်များကို မမှတ်မိတော့ပဲ စိတ်အမှန်းအဆ အားဖြင့်သာလျှင် ထွက်ဆိုခဲ့ခြင်း ဖြစ်သဖြင့် ကွဲလွဲမှုရှိခြင်း ဖြစ်ပေသည်။ ၎င်းတို့ အမှန်တရားကို ထွက်ဆိုခြင်း မရှိဟု ကျွန်ုပ်တို့က ယူဆရန် မဖြစ်နိုင်ပေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားလို၏ အကျိုးဆောင်က အမှုတွင် ပေါ်လွင်သည့် ဗိုလ်ကြီးမောင်ထွန်း ဆိုသူအား လည်းကောင်း၊ဗိုလ်မှူးဗိုလ်နီ ဆိုသူအားလည်းကောင်း၊ ဦးညွန့်မောင် ဆိုသူအား လည်းကောင်း တရားလိုဖက်မှ သက်သေပြခြင်း မပြုခဲ့သဖြင့် သက်သေခံ ဥပဒေ ပုဒ်မ ၁၁၄ (ဆ) အရ ဆန့်ကျင်ဖက် ယူဆရန်သာ ဖြစ်ကြောင်း လျှောက်ထား

စာမျက်နှာ

ခဲ့သည်။ ယင်းသက်သေများနှင့် ပတ်သက်၍ တရားခံအနေဖြင့် ကျင့်ထုံး ပုဒ်မ ၅၄၀ အရ ရုံးသို့ခေါ်ယူစစ်ဆေးပေးရန်အတွက် လျှောက်ထားနိုင်သည့် အခွင့်အရေးရှိပေသည်။ ထို သက်သေများသည် တရားခံအား အထောက်အကူ ပေးနိုင်သည့် သက်သေများဟု ယူဆလျှင် တရားခံက ယင်းသက်သေများအား ခေါ်ပေးရန်အတွက် ရုံးသို့လျှောက်ထားရန်သာ ဖြစ်သည်။ တရားလိုဖက်အနေဖြင့် ထိုသက်သေများမှာ အဓိကကျသောသက်သေများ မဟုတ်ဟု ယူဆ၍သာ မတင်ပြခြင်းဖြစ်နိုင်သည်။ ဤအမှုနှင့်ပတ်သက်၍ လေ့လာကြည့်ရှု၍အဓိကကျသောသက်သေဟူသမျှမှာ ပြည့်ပြည့်စုံစုံ စစ်ဆေးသွားပြီးဖြစ်၍ တရားလိုဖက်အနေဖြင့်အမှန်တရားကို ဖုံးကွယ်ထားသည်ဟုလည်း ယူဆရန် မဖြစ်နိုင်ချေ။ သို့ဖြစ်၍ တရားလိုအကျိုးဆောင်၏ လျှောက်ထားချက်မှာ အမှန်တရားကို စီရင်ရာတွင်အရေးကြီးသည့် အချက်မဟုတ်၍လက်ခံနိုင်စရာ အကြောင်းမရှိပေ။

ဦးစိန်မြ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် .... .... ၂၃

**သွားနေသော ပင်လယ်ကူး သင်္ဘောကြီးရှေ့မှ ဖြတ်ရန်ကြိုးစားခြင်း၊ မဆင်မခြင်သတိပေါ့လျော့စွာပြုလုပ်ခြင်းဖြစ်ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က) အရ ပြစ်မှုထင်ရှားခြင်း ရေယာဉ်၊မော်တော်ယာဉ်နှင့် လေယာဉ် အစရှိသည်တို့ကို မောင်းနှင် နေသူများ ထားရှိ အပ်သော သတိနှင့်တာဝန်များ။ ။ ဆုံးဖြတ်ချက်။** ။ကျယ်ပြန့်သော ရန်ကုန်မြစ် အတွင်းတွင် တိုးအေးသင်္ဘောသည် မိမိအရှေ့မှ သွားနေသော ဂျပန် သင်္ဘောကြီးကို ကြိုတင်မြင်ရသောအခါတွင် သတိမူ၍ ရှောင်တိမ်း မောင်းနှင်ရန်သာ ဖြစ်ပေသည်။ ပင်လယ်ကူးသင်္ဘောကြီးက ရပ်မပေးသောကြောင့် တိုက်မိရသည့် အခြေအနေမျိုး ဖြေရှင်းတင်ပြရန် အကြောင်းမရှိပေ။ ရေကြောင်းဆိုင်ရာ ဥပဒေများ အရလည်း ပင်လယ်ကူး သင်္ဘောကြီးကို ဦးစား ပေးရမည် ဟူ၍ အတိအလင်း ပေါ်ထွက်ထားပေသည်။ ထို့ကြောင့် ရေယာဉ်အုပ် ကိုကျော်သည် ဝင်းဝန်ခံသည့်အတိုင်း ပင်လယ်ကူး သင်္ဘောကြီး အရှေ့မှ ဖြတ်ရန်ကြိုးစားခြင်းပင်လျှင် မဆင်မခြင် သတိပေါ့လျော့စွာ ပြုလုပ်ခြင်းဖြစ်သဖြင့် ၎င်းသည် စွဲဆိုသည့်အတိုင်း ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ခရီးသည်များ၏ အသက် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် အစရှိသည်တို့ကို တာဝန်ယူ၍ မောင်းနှင်ရသူများသည် မိမိကိုယ်ပိုင်ယာဉ်များကို ထိန်းသိမ်း မောင်းနှင် ကြသူများထက် အဆပေါင်း များစွာ ပိုမို၍ဂရုစိုက်ရန်လိုအပ်ပေသည်။ ထို့ကြောင့် ဖြစ်လိုဖြစ်ငြား လွတ်လို လွတ်ငြား ဟူသော စိတ်ထားမျိုး ရှိရန်မသင့်ပေ။ အစစအရာရာ လွန်ကဲသော သတိကို မပြတ်ထားရှိရမည်သာဖြစ်သည်။ ယာဉ်ချင်း ဆုံမိသည့် အခါများတွင် တဖက်ယာဉ်က တိမ်းရှောင်ပေးလိမ့်မည်ဟူသောအယူအဆမျိုးကို ပယ်ရမည်သာ ဖြစ်သည်။ ခရီးသည်တင်ဆောင်သော ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ် မောင်းသူများသည် အစစ အရာရာ ခရီးသည်များ၏ ဘေးအန္တရာယ် ကင်းလွတ်စေမှုကို ဦးစားပေးရန်သင့်ပေသည်။

ကိုကျော်ပါ(၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် .... ၁၀

စာမျက်နှာ

၁၉၆၃ ခုနှစ် အမျိုးနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရစွဲဆိုသော အမှုတွင် စာရင်းအင်းနှင့် လက်ခံ ရယူထားသော ပြည်သူပိုင် ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည်ပေးအပ်ခြင်း မပြုနိုင်ပါက သက်ဆိုင်သူများ အပေါ်၌သာ တာဝန်ရှိခြင်း။ ။ဆုံးဖြတ်ချက်။ ဖယောင်း အိတ်များပျောက်ဆုံးနေခြင်းမှာ မငြင်းကွယ်နိုင်သော အချက်ဖြစ်၍ မည်သို့ မည်ပုံ မည်ကဲ့သို့နည်းမျိုးနှင့် ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း ပြုလုပ်ပါသည်ဟု တရားလိုဖက်မှ ရှင်းပြရန် တာဝန်မရှိချေ။ ဤကဲ့သို့ရှင်းပြရန်မှာလည်း သဘာဝယုတ္တိ မတန်ချေ။ စာရင်းအင်းနှင့် လက်ခံရယူထားသော ပြည်သူပိုင် ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည် ပေးအပ်ခြင်းမပြုနိုင်လျှင် သက်ဆိုင်သူများ အပေါ်၌သာ တာဝန်ရှိမည်ဖြစ်သည်။

**ဦးချစ် ပါ(၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်** .... ၁၈

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

# ဗိုလ်ကျော်မိုး

# နှင့်

# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၇၄
ဒီဇင်ဘာလ
၃ ရက်။

**တပ်မတော် အက်ဥပဒေပုဒ်မ ၆၅ အရစွဲချက်တင်ခြင်းနှင့် စစ်စည်းကမ်းထိခိုက်အောင်ပျက်ကွက်မှု၊ ရိုးရိုးသဘောတရားအရ ဆုံးရပ်တွင် ရှေ့ပြေးတပ်စုကိုမတွေ့လျှင် အခြေအနေကိုသုံးသပ်၍ သင့်တင့်သော အချိန်အနည်းငယ်စောင့်သော စောင့်ဆိုင်း သင့်သည်ဖြစ်၍ ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကို စောင့်ဆိုင်း မနေခြင်းသည်စစ်စည်းကမ်းအရ ဖေါက်ဖျက်ခြင်းရှိ မရှိ၊ စွဲချက်လွှာတွင် စွပ်စွဲထားခြင်း မရှိသည့်စွပ်စွဲချက်ကို စဉ်းစားရန်လို မလို။ ။**

**ဆုံးဖြတ်ချက်။** ။ရိုးရိုး၏ သဘောတရားအရ ဆုံးရပ်တွင် ရှေ့ပြေးတပ်စုကိုမတွေ့လျှင် အခြေအနေကို သုံးသပ်၍ သင့်တင့်သော အချိန်အနည်းငယ် ခန့်သာ စောင့်ဆိုင်းသင့်ပေသည်။ မရောက်လာပါက မိမိပင်မတပ်ထဲမှ သင့်လျော်သော တပ်ဖွဲ့တခုကို ရှေ့ပြေးတပ်အဖြစ်တာဝန်ပေး၍အမိန့်အရ မိမိရည်မှန်းချက်ကိုဆက်လက် ချီတက်ရန်သာရှိသည်။ ထို့ကြောင့်ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကို စောင့်ဆိုင်း မနေသဖြင့် စစ်စည်းကမ်းအရဖေါက်ဖျက်ခြင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။ ညတိုက်ပွဲကို နေ့တိုက်ပွဲကဲ့သို့သုံးသပ်ခြင်းစသည့်စွပ်စွဲချက်မှာ စွဲချက်လွှာတွင် စွပ်စွဲထားခြင်း မရှိ၍ အသေးစိတ် စဉ်းစားရန် မလိုဟုယူဆသည်။ တပ်ခွဲ စစ်ကြောင်းမှူး ဗိုလ်ကျော်မိုးသည် ရည်မှန်းချက်ဖြစ်သော နန်းမူရွာသို့ ၁၉၇၁ ခု၊ ဇူလိုင်လ ၁ ရက်နေ့ ညအရောက်ချီတက်ရောက်ရှိရန်ကြိုးစား အားထုတ်ရင်း ရှေ့ပြေးတပ်စုက မိမိပင်မတပ်ကို စတင်ပစ်ခတ်မှားယွင်း တိုက်ခိုက်မှုကြောင့်ရဲဘော်အချို့သေဆုံး ဒဏ်ရာရရှိခြင်းမှာ ဗိုလ်ကျော်မိုး၏ ပေါ့လျော့မှုကြောင့် ဖြစ်ပေါ်သည်ဟု မဆိုနိုင်ချေ။

**အယူခံတရားလိုအတွက်။** ။မလာ။

**အယူခံတရားခံအတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးလှသောင်း။

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ဂ။

† ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် နေ့စွဲပါ (နမခ) အကျဉ်းစစ်တရားရုံးချုပ် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၇၄

ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ဤအမှုသည် အမှတ် (၄) ကချင် သေနတ်ကိုင်တပ်ရင်းက (ကြည်း/၁၀၂၄၇) ဗိုလ်ကျော်မိုး၏ အယူခံမှုဖြစ်သည်။

အမှုဖြစ်ပွားပုံမှာ ဗိုလ်ကျော်မိုး ဦးစီးသော တပ်ခွဲ (၃) သည် ထုံးကြီးနှင့် လှိုင်မောက် ဒေသ၌ နယ်မြေလုံခြုံရေး တာဝန်ယူနေစဉ် ရှေ့တန်း ကချင် (၄) ၏ အမိန့်အရ၊ တပ်ခွဲ (၃) (တပ်စုတခုလျော့) သည်၊ မန်ယွန်းရွာကို ရှင်းလင်းပြီး နောက်၊ နန်းမူရွာသို့ ၁၉၇၃ ခု၊ ဇူလိုင်လ ၁ ရက်နေ့ည အရောက် ချီတက်ရန် နှင့် ကျန်တပ်စု တခုကိုမူ ဇူလိုင်လ ၂ ရက်နေ့ နံနက် လွယ်ယားရွာ အရောက် ချီတက် စေသည်။

ကြေးနန်းအမိန့်ကို ဇူလိုင်လ ၁ ရက်၊ ၁၂း၀၅ နာရီတွင် ဖေါ်ယူ သိရှိပြီးနောက် တပ်ခွဲမှူး ဗိုလ်ကျော်မိုးသည် တပ်စု (၁) အား၊ ရှေ့ပြေး တပ်စု အဖြစ် တာဝန် ပေး ခါ လှိုင်မောက်ရွာမှ ၁၃း၀၀ နာရီတွင် စတင်ချီတက်သည်။ လှိုင်မောက်၊ ကျောင်း ရွာ၊ တင်ကာရီရွာပျက်၊ မန်ယွန်း၊ နန်းမူရွာ ဟူသော လမ်းကြောင်း အတိုင်း ချီတက် သည်။ ရှေ့ပြေး တပ်စုမှူး ဗိုလ်ချစ်ခင်အား၊ ကွပ်ကဲရန် တာဝန်ပေးသည်။

မန်ယွန်း အထက်ရွာသို့ ၁၉း၃၀ နာရီခန့်တွင် ရောက်သည်။ တပ်ခွဲမှူးသည် ရှေ့ပြေး တပ်စုကိုပင် မန်ယွန်းရွာနှင့် ချီတက်ရာ လမ်း ဝဲယာကို ရှင်းလင်းစေပြီး နောက် ရွာအထွက် နန်းမူရွာသွား လမ်း၌ စောင့်ဆိုင်း တွေ့ဆုံရန် တာပန်မပေးသည်။ ဗိုလ်ချစ်ခင်၏ ရှေ့ပြေး တပ်စု ထွက်ခွာသွားပြီးနောက် ၁၀ မိနစ်ခန့် ကြာသောအခါ တပ်ခွဲမှူးနှင့် ကျန် ပင်မ တပ်များ ချီတက်ကြသည်။ မန်ယွန်းရွာ အထွက် နန်းမူ သွားသော လမ်းခွဲသို့ ရောက်သော အခါ ရှေ့ပြေး တပ်စုကို မတွေ့တော့ပေ။ ဗိုလ်ကျော်မိုးတို့က ၎င်းနေ့ည ၂၃း၀၅ နာရီခန့်အထိ ရှေ့ပြေး တပ်စုကို စောင့်ဆိုင်း ရှာဖွေကြသည်။ ရှာမတွေ့သောကြောင့် နန်းမူရွာသို့ ဆက်လက် ချီတက်ပြန်သည်။ ၁၅ မိနစ်ခန့် ချီတက်ပြီးနောက် ဗိုလ်ကျော်မိုးက ပျောက်နေသော တပ်စုကို ပြန်လည် ရှာဖွေရန် ရည်ရွယ်ချက်ဖြင့် မန်ယွန်းသို့ ပြန်လည် ချီတက်စေပြန်သည်။ ယင်း အကြောင်းကို ဗိုလ်ကျော်မိုးက ရှေ့တန်း ကချင် (၄) သို့ ၂၄း၀၀ နာရီတွင် သတင်း ပို့ပြီးနောက် ရှေ့ပြေး တပ်စုကို နောက်တနေ့ နံနက်တွင် ဆက်လက် ရှာဖွေရန် ဆုံးဖြတ်ပြီး၊ မန်ယွန်း အောက်ရွာ၌ ညအိပ် စခန်းချ ရပ်နားသည်။

ဇူလိုင်လ ၂ ရက်နေ့နံနက် ၀၅း၀၀ နာရီတွင် ဗိုလ်ချစ်ခင်၏ ရှေ့ပြေးတပ်စုက စခန်းချနေသော ဗိုလ်ကျော်မိုး၏တပ်ကို မှားယွင်းတိုက်ခိုက်ပစ်သောကြောင့် ဗိုလ် ကျော်မိုး၏တပ်မှ ရဲဘော် ၂ ဦးကျဆုံး၍ ၆ ဦး ဒဏ်ရာရရှိသွားသည်။ ထို့ကြောင့် တပ်ခွဲမှူး ဗိုလ်ကျော်မိုးအပေါ် တပ်မတော် ဥပဒေပုဒ်မ ၆၅ အရ စွဲချက်တင်ပြီး နမခ၏ အကျဉ်းစစ်တရားရုံးချုပ်ဖြင့် စစ်ဆေးစေခဲ့သည်။

၁၉၇၄

ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်။

ယင်းအမှုကို စစ်ဆေးပြီးနောက် အကျဉ်းစစ်တရားရုံးချုပ်က ဗိုလ်ကျော်မိုး၌ အပြစ်မရှိကြောင်း ဆုံးဖြတ် အတည်ပြုချက် ရယူရန်အတွက် တ/နမ၁တိုင်းမှူးထံသို့ တင်ပြသည်။ တိုင်းမှူးက အကျဉ်းစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို အတည်မပြုပဲ "ဗိုလ်ကျော်မိုးသည် မိမိနှင့် ဆုံရန် သတ်မှတ်ထားသည့် မန်ယွန်းရွာအထွက် နန်းမူးသို့ သွားမည့်လမ်း၌ ဗိုလ်ချစ်ခင်၏ တပ်စုကို မတွေ့သည့်အခါ အဆိုပါတပ်စုအား ရှာဖွေရန် မိမိမသိရှိသည့်နေရာ ဒေသများသို့လိုက်သွားခဲ့သည်။ ဗိုလ်ကျော်မိုးအနေဖြင့် အမှန် တကယ်ဆောင်ရွက်ရမည်မှာ ဗိုလ်ချစ်ခင်တပ်စုအား ချိန်းရပ်တွင် မတွေ့ရှိပါက အခြေ အနေအချပ်ချပ်ကို သုံးသပ်ပြီး ထိုနေရာ၌ပင် မတွေ့မချင်း စောင့်ဆိုင်းနေရမည်ဖြစ်ပေ သည်ဟူ၍ရှင်း" စစ်ဆင်ရေးတချပ်ပြုလုပ်ရာတွင် အခြေအနေအရပ်ရပ်ကို ငုံမိ ခြုံမိ အောင် သုံးသပ်ရပေမည်။ အထူးသဖြင့် ညတိုက်ပွဲသည် နေ့တိုက်ပွဲထက် တိုက်စစ်ဆင် သူအတွက် အခြေအနေမပေးသည့်အပြင် ကန့်သတ်ချက်များရှိသည်။ ဗိုလ်ကျော်မိုး သည်၎င်းတပ်အား ညတိုက်ပွဲအတွက် စေခိုင်းရာ၌ တိုက်ပွဲကဲ့သို့ သုံးသပ်သည်ကို တွေ့ရ သည်ဟူ၍ရှင်း အကြောင်းပြချက် ၂ ရပ်ကို ဖော်ပြ၍ အကျဉ်းစစ်တရားရုံးကို ပြန်လည် စုဝေးစေလျက် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် အကျဉ်းစစ်တရားရုံးချုပ်က အသစ်တဖန် ပြန်လည်စုဝေး၍ စဉ်းစားပြီးလျှင် ဗိုလ် ကျော်မိုးအပေါ်၌ တပ်မတော် အက်ဥပဒေပုဒ်မ ၆၅ အရ အပြစ်ရှိသည်ဟု ဆုံးဖြတ်ပြီး အငြိမ်းစားလခအတွက် စစ်မှုသမ်းသက် ၃ နှစ်လျော့စေရန် ပြင်ဆင် အမိန့်ချမှတ် ခြင်းကို တိုင်းမှူးက အတည်ပြုခဲ့လေသည်။

၎င်းနောက် ဗိုလ်ကျော်မိုး၏ လျှောက်ထားချက်အရ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်၏ အမိန့်ဖြင့် ဗိုလ်ကျော်မိုးအတွက် စစ်တရားရုံးက ချမှတ်ထား သည့်ပြစ်ဒဏ် (၃) နှစ်အစား (၁) နှစ်သို့ လျော့ပေါ့ပေးခဲ့လေသည်။

အမှုဖြစ်စဉ်ကြောင်းရာနှင့် ပတ်သက်၍ ဗိုလ်ကျော်မိုးအား တပ်မတော် အက်ဥပဒေ ပုဒ်မ ၆၅ အရ စနစ်တကျရှိခြင်းနှင့် စစ်စည်းကမ်းထိခိုက်အောင် ပျက်ကွက်မှုဖြင့် စွဲချက်တင်ထားသည့်အတိုင်း အပြစ်ရှိမရှိ စဉ်းစားရန်ဖြစ်သည်။ ယင်းစွဲချက်၏ အ ကြောင်းအရာဖော်ပြထားချက်များမှာ "ဗိုလ်ကျော်မိုးသည် မန်ယွန်းရွာစခန်း၌ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ ၂၁း၃၀ နာရီခန့်တွင် မိမိမှာ တပ်ခွဲမှူးတာဝန် ထမ်း ဆောင်နေစဉ် မန်ယွန်းရွာအထွက်၌ တွေ့ဆုံရန် ချိန်းဆိုထားသော မိမိတပ်ခွဲမှ တပ်စုမှူး ကြည်း/၁၁၀၁၅ ဗိုလ်ချစ်ခင်နှင့် တပ်စုအား ချိန်းဆိုထားသောနေရာ၌ မတွေ့ရှိဘဲ လျက်နှင့် အဆိုပါတပ်စုနှင့် တွေ့ရှိသည့်တိုင်အောင် ဆက်သွယ်မှု အတိအကျပြုရန် မသင့်မလျော် ပျက်ကွက်သည့်အတွက် ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ ဝ၅း၀၀ နာရီ ခန့်တွင် မန်ယွန်းအောက်ရွာထဲ၌ စခန်းချနှင့်နေသည့် မိမိတပ်စုနှင့် ရွာဘေးတောင်

ကုန်းတွင် နေရာယူနေသည့် ဗိုလ်ချစ်ခင်တပ်စုတို့ မှားယွင်းပစ်ပြီး ရဲဘော် ၂ ဦး ကျဆုံး ကာ ၆ ဦး ဒဏ်ရာ ရရှိစေသည် ဟူသော အကြောင်းပြ စွဲချက်ဖြစ်လေသည်။

ဤအမှု၏ ဖြစ်စဉ်အကြောင်းအရာအရ အမှုဖြစ်ပွားပုံမှာ တိုက်စစ်ဆင်ချိန်၌ ဖြစ်ပျက်ခြင်းမဟုတ်ပဲ " ချီစစ် " ပြုလုပ်နေဆဲ မိမိ၏ရည်မှန်းချက်သို့ မရောက်မီ လမ်းခရီး၌ ဖြစ်ပွားသော အမှုဖြစ်လေသည်။ ထို့ကြောင့် ချီစစ်၏ သဘောတရားနှင့် စစ်စည်းကမ်း ကိုသာ ဆန်းစစ်ကြည့်ရန်လိုသည်ဟု ကျွန်ုပ်တို့သဘောရရှိပေသည်။

အထက်ပါ စွဲချက်အရ သက်သေထွက်ချက်များကို လေ့လာရာတွင် တပ်ခွဲ စစ်ကြောင်းမှူး ဗိုလ်ကျော်မိုးသည် ချီစစ်၏ ချီတက်ရာလမ်းကြောင်းမှ ပေါက်နေသော ရှေ့ပြေးတပ်စုကို ရှာဖွေရာတွင် လုပ်သင့် လုပ်ထိုက်သော နည်းလမ်းများကို အသုံးပြု၍ ရှာဖွေသွားခဲ့ကြောင်း သက်သေထွက်ချက်များ၌ တွေ့ရှိရပေသည်။ ပျောက်နေသော ရှေ့ပြေးတပ်စုကို ဆက်သွယ်မှုရအောင် ကျိုးစားကြောင်း အမှု၌ ပေါ်လွင်သည်။ မသင့်မလျော် ပျက်ကွက်ကြောင်း မပေါ်လွင်ပေ။

ချီစစ်၏ သဘောတရားအရ ဆုံရပ်တွင် ရှေ့ပြေးတပ်စုကို မတွေ့လျှင် အခြေအနေကို သုံးသပ်၍ သင့်တင့်သော အချိန်အနည်းခန့်သာ စောင့်ဆိုင်းသင့်ပေသည်။ မရောက်လာပါက မိမိ ပင်မတပ်ထဲမှ သင့်လျော်သောတပ်ဖွဲ့တခုကို ရှေ့ပြေးတပ်အဖြစ် တာဝန်ပေး၍ အမိန့်အရ မိမိရည်မှန်းချက်ကို ဆက်လက် ချီတက်ရန် သာရှိသည်။ ထို့ကြောင့် ပင်မတပ်ဖွဲ့သည် ရှေ့ပြေးတပ်ကို စောင့်ဆိုင်း မနေသဖြင့် စစ်စည်းကမ်းအရ ဖောက်ဖျက်ခြင်း မရှိဟု ကျွန်ုပ်တို့ယူဆသည်။

တဖန် တပ်ခွဲမှူး ဗိုလ်ကျော်မိုးသည် ရှေ့ပြေးတပ်စုအား လမ်း၏ဝဲယာနှင့် မန်ယွန်းရွာသို့ ရှင်းလင်းပြီး ဆုံရပ်တွင် စောင့်ရန် တာဝန်ပေးသည်။ ရှေ့ပြေးတပ်စုသည် ပင်မတပ်အန္တရာယ်ကင်းစွာဖြင့် လျင်မြန်စွာ ချီတက်နိုင်ရေးအတွက် မိမိ၏သဘောအရ ရန်သူသတင်း မြေအခြေအနေနှင့် အချိန်အခါ စသည်တို့ကို သုံးသပ်၍ လွတ်လပ်စွာ စိတ်တိုင်းကျ ရှင်းလင်းသွားရန် ဖြစ်ပေသည်။ တပ်ခွဲထိုးစစ်ပြုလုပ်နေခြင်းမျိုးနည်းမဟုတ် ရန်သူနှင့် တွေ့ထိမှုလည်း မရှိသဖြင့် ပင်မစစ်ကြောင်းမှူးသည် အသေးစိတ် ပါဝင်လုပ်ဆောင်ခြင်း မရှိဟု သဘောရရှိသည်။ သို့ရာတွင် ညတိုက်ပွဲကို နေ့တိုက်ပွဲကဲ့သို့ သုံးသပ်ခြင်းစသည့် စွပ်စွဲချက်မှာ စွဲချက်လွှာတွင် စွပ်စွဲထားခြင်းမရှိ၍ ကျွန်ုပ်တို့အနေဖြင့် အသေးစိတ် စဉ်းစားရန် မလိုဟု ယူဆသည်။

တပ်ခွဲစစ်ကြောင်းမှူး ဗိုလ်ကျော်မိုးသည် ရည်မှန်းချက်ဖြစ်သော နန်းမူရွာသို့ ၁၉၇၁ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ညအရောက် ချီတက်ရောက်ရှိရန်ကျိုးစားအားထုတ်ရင်း ရှေ့ပြေးတပ်စုက မိမိပင်မတပ်ကို စဘင်ပစ်ခတ် မှားယွင်းတိုက်ခိုက်မှုကြောင့် ရဲဘော်

အချို့ သေဆုံး ဒဏ်ရာရရှိခြင်းမှာ ဗိုလ်ကျော်မိုး၏ ပေါ့လျော့မှုကြောင့်ဖြစ်ပေါ်သည်ဟု မဆိုနိုင်ချေ။

မည်သို့ပင်ဖြစ်စေ ယခုအမှုတွင် စွဲချက်အရ ပြစ်မှုမမြောက်ကြောင်းတွေ့ရှိရပေသည်။ စွဲချက်အရ ပြစ်မှုမမြောက်သူ တဦးအား ပြစ်ဒဏ်မပေးသင့်ဟု ကျွန်ုပ်တို့ယူဆသောကြောင့် ဗိုလ်ကျော်မိုးအပေါ် တွင်ချမှတ်ထားသော ပြစ်မှုစီရင်ခြင်းကို ပယ်ဖျက်ရန် အမိန့်ချမှတ်လိုက်သည်။

၁၉၇၄

ဗိုလ်ကျော်မိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးထွန်းအောင်ကျော်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄
နိုဝင်ဘာလ ၁၅
ရက်။

## ဦးကျော်ရှင် ပါ (၂)

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

**သက်သေခံဥပဒေ လိုလောက်သော သက်သေခံ အထောက်အထားမရှိဘဲ စွဲချက်တင်သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ခိုင်လုံသော သက်သေခံ အထောက်အထား ပြရန်မှာ တရားလို၏ တာဝန်သာဖြစ်သည်၊ တရားလိုပြ သက်သေထွက်ချက်များအရ ပြစ်မှု ထင်ရှား စေသော သက်သေခံအထောက်အထား မရှိသဖြင့် စွဲချက်တင်ပြီး ပြစ်မှုထင်ရှား စီရင်လျက် ပြစ်ဒဏ် ပေးလိုက်ခြင်းမှ ဥပဒေအရမှားယွင်းသည်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။မလာ။

**ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘရွှေ။

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်း မြို့နယ်၊ တော်ခရမ်း အရှေ့ကျေးရွာ ပထမအကြိမ် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရေး ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဘရီနှင့် အဖွဲ့ခွဲဝင် ၉ ဦးတို့က ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အစည်းအဝေးပြုလုပ်ပြီး၊ တော်ခရမ်း အရှေ့ကျေးရွာနေ ဦးကျော်ရှင်၊ ဦးအောင်စိုး၊ ဦးလှထွေး၊ ဦးကျော်စိန်နှင့် ဦးအေးမောင်တို့သည် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲအား ပျက်ပြားအောင် ခြိမ်းခြောက်နှောက်ယှက်၍ အတိုက်အခံဘက်မှ စည်းရုံးနေသဖြင့် ၎င်းတို့အား မြို့နယ်ကော်မတီမှ အမြန်ဆုံးအရေးယူပါရန် တိုင်ကြားစာရေးပြီး

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၁ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့စွဲပါ ကွမ်းခြံကုန်းမြို့ရုံးထိုင် ရန်ကုန်တိုင်း ပြည်သူ့တရားရုံး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၇၄၊
ဦးကျော်ရှင်ပါ ၂
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်။

လျှင် ကွမ်းခြံကုန်းမြို့နယ် တရားရေးကော်မတီသို့ ပေးပို့ပါသည်။ ယင်းမြို့နယ် တရားရေး ကော်မတီ၏ အတွင်းရေးမှူးက ယင်းတိုင်ကြားစာကို ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့တရားရုံးသို့ စစ်ဆေးဆုံးဖြတ်ရန် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ပေးပို့ပါသည်။ ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄/၇၄ ကို ဖွင့်၍ ဦးကျော်ရှင် (ပါ) ၅ ဦးတို့အပေါ်တွင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆ အရ၊ အရေးယူရန် ဆုံးဖြတ်ပြီး၊ တရားခံများထံသို့ ရုံးခေါ်စာများ ထုတ်ပါသည်။ တရားခံများ ရောက်လာကြသောအခါ ပါတီဝင်များ ဖြစ်ကြသော တရားခံ ဦးကျော်ရှင်၊ ဦးအောင်စိုးနှင့် ဦးလှထွေးတို့အား အာမခံမပေးဘဲ ချုပ်နှောင်ထားစေ၍ ပါတီဝင်များ မဟုတ်သော တရားခံ ဦးကျော်စိန်နှင့် ဦးအေးမောင်တို့ကိုမူ အာမခံနှင့် လွှတ်ထားကာ အမှုကို ကြားနာပါသည်။ တရားလိုပြ သက်သေများကို ခေါ်ယူစစ်ဆေးပြီးနောက် တရားခံ ဦးကျော်ရှင်၊ ဦးလှထွေးနှင့် ဦးအေးမောင်တို့အပေါ်တွင် ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆(၂) အရ အသီးသီးစွဲချက်တင်၍ တရားခံ ဦးအောင်စိုးနှင့် ဦးကျော်စိန်တို့အား စွဲချက်မတင်ဘဲ လွှတ်လိုက်ပါသည်။ ထို့နောက် စွဲချက်တင်ခြင်း ခံရသော တရားခံ ၃ ဦးနှင့် ၎င်းတို့၏ သက်သေများကို စစ်ဆေးပါသည်။ နောက်ဆုံးတွင် တရားခံ ဦးအေးမောင်အပေါ်၌ ပြစ်မှုထင်ရှားခြင်း မရှိကြောင်းဆုံးဖြတ်၍ ၎င်းအား အပြီးအပြတ် လွှတ်လိုက်ပါသည်။ ကျန်တရားခံ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့ အပေါ်တွင် ပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်၍ အလုပ်နှင့် ထောင်ဒဏ် တနှစ်စီ ကျခံစေရန် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ အမိန့်ချမှတ်လိုက်ပါသည်။ သက်ဆိုင်ရာ ဥပဒေပုဒ်မအရ အများဆုံး စီရင်နိုင်သည့် ထောင်ဒဏ်ကို ပေးလိုက်ခြင်း ဖြစ်ပါသည်။

ဦးကျော်ရှင်နှင့် ဦးလှထွေးတို့က မကျေနပ်သဖြင့် ကွမ်းခြံကုန်းမြို့ ရုံးထိုင် ရန်ကုန်တိုင်း ပြည်သူ့တရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂/၇၄ တွင် အယူခံကြသောအခါ တိုင်းတရားရုံးက အယူခံသူများအပေါ်၌ ပြစ်မှုထင်ရှားစီရင်ထားခြင်းကို အတည်ပြုပါသည်။ သို့ရာတွင် မူလရုံးမှ သတ်မှတ်ထားသော ပြစ်ဒဏ်ကို ပယ်ဖျက်၍ ၎င်းပြစ်ဒဏ်အစား ကျခံပြီးသော ထောင်ဒဏ်ကိုသာ ကျခံစေရန် လျှော့ပေါ့ သတ်မှတ်လိုက်ပါသည်။ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့က မကျေနပ်နိုင်ဘဲ မိမိတို့အပေါ်တွင် ပြစ်မှုထင်ရှားစီရင်ထားခြင်းနှင့် ပြစ်ဒဏ်ပေးထားခြင်းတို့ကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု လျှောက်ထားကြပါသည်။

ဦးကျော်ရှင်သည် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့က ကွမ်းခြံကုန် မြို့နယ်၊ တော်ခရမ်း ကျေးရွာတွင် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးကို လွှတ်လပ်

၁၉၇၄
ဦးကျော်ရှင်ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

စွာ မကျင့်သုံးနိုင်စေရန် ပြည်သူ့ကိုယ်စားလှယ်လောင်း တဦးဦးကိုလည်းကောင်း မဲဆန္ဒပေးပိုင်ခွင့်ရှိသူ တဦးဦးကိုလည်းကောင်း ခြိမ်းခြောက်ပါသည်ဟူ၍ ပြစ်မှုအကြောင်းအရာကို ဖေါ်ပြလျက် မူလရုံးက ဦးကျော်ရှင်အပေါ်၌ စွဲချက်တင်ခဲ့ပါသည်။

ဦးလှထွေးသည် ၁၉၇၄ ခု၊ ဇန်နဝါရီလ ၁၁ ရက်နေ့က ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းအရှေ့ကျေးရွာတွင် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများကို ခြိမ်းခြောက်ပါသည်ဟူ၍ ပြစ်မှုအကြောင်းအရာကို ဖေါ်ပြလျက် မူလရုံးက ဦးလှထွေးအပေါ်၌ စွဲချက် တင်ခဲ့ပါသည်။

ဦးကျော်ရှင်နှင့် ဦးလှထွေးတို့အား ဤကဲ့သို့ စွပ်စွဲချက်များ တင်နိုင်လောက်အောင် သက်သေခံ အထောက်အထား ရှိ-မရှိ စိစစ်ရန် လိုအပ်ပါသည်။ ခိုင်လုံသော သက်သေခံ အထောက်အထားပြရန် တရားလို၏ တာဝန်ဖြစ်ပါသည်။

တရားလိုဘက်မှ ပြသော သက်သေ (၇)ဦးတို့၏ ထွက်ဆိုချက်များကို သုံးသပ်သောအခါ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ဦးဘရီ (လိုပြ ၁)၊ ဦးကျော်အောင် (လိုပြ ၃)၊ ကိုအောင်ကြည် (လိုပြ ၄)၊ ဦးညွန့်မောင် (လိုပြ ၅)၊ မောင်သိန်းတန် (လိုပြ ၆) နှင့် ဦးသာချို (လိုပြ ၇) တို့သည် ဦးကျော်ရှင်နှင့် ဦးလှထွေး တို့အပေါ် တရားလိုဘက်မှ စွပ်စွဲချက်နှင့် ပတ်သက်၍ စိုးစဉ်းမျှ မထွက်ဆိုကြပါ။ ဦးဘရီ၊ ကိုအောင်ကြည်နှင့် ဦးညွန့်မောင်တို့၏ ထွက်ဆိုချက်များတွင် ဦးကျော်ရှင်၊ ဦးလှထွေးတို့နှင့် ပတ်သက်သော ထွက်ဆိုချက်များ လုံးဝမတွေ့ရပါ။ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့၏ အမည်မျှကိုပင် ထုတ်ဖေါ် ထွက်ဆိုထားခြင်း မရှိပါ။ ဦးကျော်အောင်၊ မောင်သိန်းတန်နှင့် ဦးသာချိုတို့မှာ တဆင့်ကြား သက်သေများသာ ဖြစ်ကြပါသည်။ မိမိတို့ကိုယ်တိုင် ဘာမျှ မသိကြဘဲ ဦးရွှေလွင်ကို လွန်ခဲ့သည့်ညက ဦးကျော်ရှင်က အခေါ်ခိုင်းကြောင်း ဦးစိုးလှ (သက်သေမပါသူ) က ပြောသည်ဟုသာ ထွက်ဆိုကြပါသည်။ ဦးကျော်ရှင်နှင့် ပတ်သက်၍ သက်သေခံ မဝင်ပါ။ ၎င်းပြင် ဦးကျော်အောင်၊ မောင်သိန်းတန်နှင့် ဦးသာချိုတို့၏ ထွက်ဆိုချက်များတွင် ဦးလှထွေး၏အမည် လုံးဝမပါရှိပါ။

ဦးရွှေလွင် (လိုပြ ၂) က ဦးကျော်ရှင်သည် မြို့နယ် ကိုယ်စားလှယ်အတွက် ဦးကျော်စိန်အား ရွေးချယ်ထားခြင်းကို လူထုက မကျေနပ်၍ ၎င်းနေရာမှာ ဦးရွှေလွင်နှင့် သင့်တော်သဖြင့် ဝင်ပြီး အရွေးခံရန် ပြောကြောင်း မည်သူ့ကို မဲပေးပါဟု မပြောကြောင်း၊ မဲပေးရမည်ဟု မခြိမ်းခြောက်ကြောင်း။ ထိုနေရာမှာ ဦးရွှေလွင်နှင့် တော်သည်သာ ပြောကြောင်း ထွက်ဆိုထားပါသည်။

၁၉၇၄
ဦးကျော်ရှင်ပါ ၂
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတ မြန်မာနိုင်ငံတော်။

လျှောက်ထားသူ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့သည် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများအတွက် ခြိမ်းခြောက်ခြင်း၊ မဲဆွယ်ခြင်း စသော ဥပဒေနှင့်ဆန့်ကျင်သည့်အပြုအမူများကိုပြုမူခဲ့ကြောင်းသက်သေခံ အထောက်အထား လုံးဝမရှိပါ၊ ပြစ်မှု ထင်ရှားစေသော သက်သေခံ အထောက်အထား မရှိသဖြင့် ၎င်းတို့အပေါ်တွင် ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၆ (၂) အရ စွဲချက်တင်ပြီး ပြစ်မှုထင်ရှား စီရင်လျက် ပြစ်ဒဏ်ပေးလိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်။

လျှောက်ထားသူ ဦးကျော်ရှင်နှင့် ဦးလှထွေးတို့ အပေါ်တွင် ပြစ်မှုထင်ရှား စီရင်ထားခြင်းနှင့် ထောင်ဒဏ်အပြစ်ပေးထားခြင်းတို့ကို ဤဗဟို တရားရုံးက ပယ်ဖျက်၍ လျှောက်ထားသူ နှစ်ဦးအား အပြီးအပြတ်လွှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄ နိုဝင်ဘာလ ၂၃ ရက်။

## ကိုကျော ါ(၂)

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

**သွားနေသော ပင်လယ်ကူးသင်္ဘောကြီးရှေ့မှ ဖြတ်ရန်ကြိုးစားခြင်း၊ မဆင်မခြင် သတိပေါ့လျော့စွာ ပြုလုပ်ခြင်းဖြစ်ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က) အရ၊ ပြစ်မှုထင်ရှားခြင်း၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် လေယာဉ်အစရှိသည်တို့ကို မောင်းနှင် နေသူများ ထားရှိအပ်သောသတိ နှင့်တာဝန်များ။**

**ဆုံးဖြတ်ချက်။** ။ကျယ်ပြန့်သော ရန်ကုန်မြစ်အတွင်းတွင် တိုးအေး သင်္ဘောသည် မိမိအရှေ့မှ သွားနေသော ဂျပန်သင်္ဘောကြီးကို ကြိုတင် မြင်ရသော အခါတွင် သတိပြု၍ ရှောင်တိမ်း မောင်းနှင်ရန်သာဖြစ်ပေသည်။ ပင်လယ်ကူး သင်္ဘောကြီးက ရပ်မပေးသောကြောင့် တိုက်မိရသည့် အခြေအနေမျိုး ဖြေရှင်း တင်ပြရန်အကြောင်းမရှိပေ။ ရေကြောင်း ဆိုင်ရာ ဥပဒေများ အရလည်း ပင်လယ်ကူး သင်္ဘောကြီးကို ဦးစားပေးရမည်ဟူ၍ အတိအလင်းဖော် ထုတ်ထားပေသည်။ ထို့ကြောင့် ရေယာဉ်အုပ်ကိုကျော်သည်၊ ၎င်းဝန်ခံသည့်အတိုင်း ပင်လယ်ကူးသင်္ဘောကြီးအရှေ့မှ ဖြတ်ရန်ကြိုးစားခြင်းပင်လျှင် မဆင်မခြင်သတိပေါ့လျော့စွာ ပြုလုပ်ခြင်းဖြစ်သဖြင့် ၎င်းသည် စွဲဆိုသည့်အတိုင်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ခရီးသည်များ၏ အသက် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် အစရှိသည်တို့ကို တာဝန်ယူ၍ မောင်းနှင်ရသူများသည်၊ မိမိကိုယ်ပိုင်ယာဉ်များကို ထိန်းသိမ်းမောင်းနှင်ကြသူများထက်အဆပေါင်းများစွာပိုမို၍ ဂရုစိုက်ရန်လိုအပ်ပေသည်။ ထို့ကြောင့်ဖြစ်လိုဖြစ်ငြား လွတ်လိုလွတ်ငြားဟူသောစိတ်ထားမျိုးရှိရန် မသင့်ပေ။ အစစအရာရာလွန်ကဲသောသတိကိုမပြတ်ထားရှိရမည်သာဖြစ်သည်။ ယာဉ်ချင်းဆုံမိသည့် အခါများတွင် တဘက်ယာဉ်က တိမ်းရှောင်ပေးလိမ့်မည် ဟူသောအယူအဆမျိုးကိုပယ်ရမည်သာဖြစ်သည်။ ခရီးသည်တင်ဆောင်သော ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ် မောင်းသူများသည် အစစအရာရာ ခရီးသည်များ၏ ဘေးအန္တရာယ် ကင်းလွတ်စေမှုကို ဦးစားပေးရန် သင့်ပေသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇၀ နှင့် ၇၄။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် နေ့စွဲပါ ရန်ကုန်မြို့၊ အထူးရာဇဝတ်ခုံအမှတ် ၇/၇၃ အမိန့်ကိုအယူခံမှု။

**အယူခံတရားလို (၁) အတွက်။** ။အကျိုးဆောင် ဦးပွားမောင် (ကိုယ်စား)၊ ဦးခွန်ဝင်းလှိုင်။ ၁၉၇၄

**အယူခံတရားလို (၂) အတွက်။** ။အကျိုးဆောင် ဦးမောင်မောင် (သထုံ)။

**အယူခံတရားခံအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးလှသောင်း။

ကိုကျော် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ပြည်တွင်းရေကြောင်းပိုင် ရန်ကုန်နှင့် ဒလပြေးဆွဲသော "တိုးအေး" အမည်ရှိ သင်္ဘောသည် ၁၉၇၃ ခု၊ ဖေဖေါ်ဝါရီလ ၂၁ ရက်နေ့ ညနေ ၄ နာရီ အချိန်ခန့်တွင် ရန်ကုန်မြို့မှ ဒလသို့ ဖြတ်ကူးစဉ် ပင်လယ်ကူး ဂျပန်သင်္ဘော ဘုံဘေမာရူးနှင့် တိုက်မိသဖြင့် နစ်မြုပ်ရာတွင် ခရီးသည် ၃၀၀ ခန့်အနက် ၉၀ ဦး သေဆုံးရခြင်းနှင့်ပတ်သက်၍ ရေယာဉ်အုပ် ကိုကျော်နှင့် စက်ခန်းအုပ် ဦးမောင်စိန်တို့ အပေါ်တွင် ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄(က)/၃၄ တို့အရ တရားစွဲဆိုသောအမှုဖြစ်သည်။ အမှုအကြောင်းအရာ အသေးစိတ်နှင့်ပတ်သက်ပြီးမူလရုံးစီရင်ချက်တွင် အပြည့်အစုံ ပေါ်ပြခဲ့ပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် တိုးအေးသင်္ဘော နစ်မြုပ်ရာတွင် ရေယာဉ်အုပ်ကိုကျော်နှင့် စက်ခန်းအုပ်ဦးမောင်စိန်တို့ အသီးသီး မည်မျှတာဝန်ရှိကြောင်း စိစစ်ခဝေဖန်ရန် သာသို့ပေလိမ့်မည်။

တိုးအေးသင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းမှ ၄၅ ဒီကရီခန့်စောင်း၍ ဒလဘက်သို့ ခုတ်မောင်းနေစဉ် ဂျပန်သင်္ဘောကြီးသည် ရေလယ်ခေါင်တည့်တည့်မှ ခုတ်မောင်းလာသည်၊ တိုးအေးသင်္ဘောသည် ပင်လယ်ကူးသင်္ဘောကြီးကို ကိုက် ၁၅၀ ခန့်အကွာအဝေးတွင် တွေ့မြင်ရသည်။ ထိုအချိန်တွင် မိုးရွာခြင်းမရှိ ရာသီဥတု ကောင်း၍ သင်္ဘောအသွားအလာရှင်းသည်။ တိုးအေးသင်္ဘောသည် ပင်လယ်ကူးသင်္ဘောကြီး ရှေ့မှနေ၍ လွတ်မည်ဟုယူဆသောကြောင့် စက်အားကို ပိုမိုမြန်စေပြီး ဖြတ်မောင်းသည် သို့ရာတွင် မလွတ်နိုင်သောကြောင့် တိုက်မိပြီး တိုးအေးသင်္ဘောသည် ချက်ခြင်းပင် နစ်မြုပ်သွားခြင်းဖြစ်ပေသည်။

အယူခံတရားလိုနှစ်ဦးအနက် ရှေးဦးစွာ ရေယာဉ်အုပ် ကိုကျော်နှင့်ပတ်သက်ပြီး စဉ်းစားမည်။ ကိုကျော်အတွက်လိုက်ပါဆောင်ရွက်သော ပညာရှိအကျိုးဆောင်ကြီးက အမှုဖြစ်ပွါးသော အကြောင်းအရာများထက် ဥပဒေအကြောင်းအရာကို ပိုမိုအားကိုးပြီးလျှောက်လဲတင်ပြသည်။ မူလရုံးက အပြစ်ဒဏ် (၇) နှစ်သာချမှတ်ခြင်းကို အတည်ပြုအဖွဲ့မှ မိမိအလိုအလျောက် အပြစ်ဒဏ် (၁၅) နှစ်သို့ တိုးမြှင့်ချမှတ်ခြင်းသည် ဥပဒေအရ လွဲမှားနေကြောင်းတင်ပြသည်။ ထို့အပြင် အထူးရာဇဝတ်ရုံးက စစ်ဆေး

၁၉၇၄ — ကိုကျော် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ကြားနာနိုင်သောအမှု ပုဒ်မများကို ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေတွင် ဇယားပြုလုပ်ဖော်ပြထားရာ ယင်းစာရင်းဇယားတွင် ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄ (က) ဖော်ပြခြင်းမရှိကြောင်းလည်းတင်ပြသည်။ သို့ရာတွင် အမှုတွဲကို ကျွန်ုပ်တို့လေ့လာသောအခါတွင် အတည်ပြုအဖွဲ့သည် မူလရုံးမှထောင်ဒဏ် (၇) နှစ်ချမှတ်ခြင်းကို မိမိတို့အလိုအလျောက် ထောင်ဒဏ် (၁၅) နှစ်သို့ တိုးမြှင့်လိုက်ခြင်းမဟုတ်ချေ။ ဥပဒေညွှန်ကြားချက်အတိုင်း အပြစ်ဒဏ်ကို တကြိမ် ပြန်လည်ပြင်ဆင်စေခြင်းသာ ဖြစ်သည်။ ထောင်ဒဏ် (၁၅) နှစ်ချမှတ်ခြင်းမှာလည်း မူလရုံးကပင် တကြိမ် ပြန်လည်ပြင်ဆင် သတ်မှတ်ခြင်းဖြစ်သည်။ အထူးရာဇဝတ်ရုံးမှ စစ်ဆေးနိုင်သော ပြစ်မှုများ စာရင်းဇယားတွင် ပုဒ်မ ၃၀၄(က)ကို မတွေ့ရပါဟူသော တင်ပြချက်နှင့် ပတ်သက်၍လည်း၊ ၁၉၆၂ ခုနှစ် အထူးရာဇဝတ်ရုံးဥပဒေကို ၁၉၆၄ ခုနှစ်၊ ဥပဒေအမှတ် ၃၄ အရ ပြင်ဆင်ဖြည့်စွက်ပြီးဖြစ်သည်။ ဤသို့ပြင်ဆင်ဖြည့်စွက်ရာတွင် ဇယားဝင် ပြစ်မှုများကို ပယ်ချလိုက်ပြီးလျှင် အခြားတည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ ပင်ပါရှိစေကာမူ အထူးရာဇဝတ်ရုံးသည် မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးကြားနာစီရင် နိုင်သည်ဟု ပုဒ်မ ၄(၁)တွင် အတိအလင်း ထည့်သွင်းဖော်ပြထားသည်။ ထို့ကြောင့် အယူခံတရားလို ကိုကျော်နှင့်ပတ်သက်၍ တင်ပြသော ဥပဒေအချက်အလက်မှာ လက်ခံ နိုင်ဘွယ်ရာအကြောင်းမရှိချေ။

ဖြစ်ပျက်သော အကြောင်းအရာနှင့်ပတ်သက်၍ စဉ်းစားမည်ဆိုလျှင်၊ ကိုကျော်သည် ပင်လယ်ကူး သင်္ဘောကြီးကိုမြင်သောအခါတွင် အရှေ့မှဖြတ်၍ကူးရန်ကြိုးစားသည်၊ ထို့နောက် လွတ်မည်မထင်သောအခါမှာ စက်အရှိန်ပြန်လျှော့သည် ထိုအချိန်မှာတိုက်မိ ခြင်းဖြစ်သည်။ သင်္ဘောတွင်ပါသော ခရီးသည်များက လွတ်မည်မထင်၍ ဖြတ်မကူးရန် သတိပေးသော်လည်း ဇွတ်ဖြတ်ကူးခြင်းဖြစ်လေသည်။ ကိုကျော်အား ရုံးမှမေးခွန်းများ နှင့်စစ်ဆေးသောအခါတွင် စက်အကုန်မောင်း၍ ရှေ့သို့လွတ်အောင်ဖြတ်ကြောင်းဝန်ခံ သည်။ ထို့အပြင် သင်္ဘောကြီးအားမြင်သည်နှင့် စက်အကုန်တင်၍ လွတ်ကင်းရန် ကြိုးစားပြီးနောက် မလွတ်ကြောင်းသိသောအခါတွင် တက်မကို လက်ျာဘက်သို့ အကုန်ပေး၍ သင်္ဘောကြီးနှင့်ပွတ်ပြီး တိုက်ရန်ကြိုးစားသော်လည်း မရဘဲ ဘေးတိုက် တိုးမိကြောင်းလည်းထွက်ဆိုသည်။ ဤထွက်ဆိုချက်များအရပင် ကိုကျော်သည်သင်္ဘော ကြီးကိုမြင်ရသောအချိန်မှာ စက်ကိုလျှော့၍ ကြိုကြိုတင်တင် သင်္ဘောကြီးနှင့်ဘေးတိုက် မောင်းမည်ဆိုလျှင် သင်္ဘောချင်းတိုက်မိနိုင်စရာ အကြောင်းမရှိပေ။ ဆိပ်ကမ်းနည်း ဥပဒေအပိုဒ် ၄၅ အရ ဆိပ်ကမ်းနယ်နိမိတ်အတွင်းတွင် အခြားသင်္ဘောများသည် ပင်လယ်ကူး သင်္ဘောကြီးများကို ဦးစားပေးရှောင်ရှားရမည်ဖြစ်ကြောင်း ဖော်ပြ ထားသည်။ ဤဥပဒေကို ရေယာဉ်အုပ်တဦးဖြစ်သော ကိုကျော်သည် သိရှိရမည်ဖြစ်သည်။

၁၉၇၄

ကိုကျော် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ။

လွှတ်မည်သင်၍ အမြန်ဖြတ်မောင်းပါသည်ဆိုသော ဆင်ခြေမှာလည်း လက်ခံသင့်သည် မဟုတ်ချေ။ သဘောသီးခရီးသည် ၃၀၀ ခန့်တို့၏အသက်နှင့်ပတ်သက်၍ တာဝန်ယူ ဆောင်ရွက်ရသူဘဦးသည် လွှတ်လိုလွှတ်ငြားဟူ၍ အမြန်ဖြတ်မောင်းရန် ကြိုးစားခြင်း သည်ပင်လျှင် မဆင်မခြင်ပြုမှုသော အကြောင်းတရပ်ပင်ဖြစ်ပေသည်။ ထို့အပြင် ဆိပ်ကမ်းဥပဒေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများအရ ရေယာဉ်အုပ်သည် သဘော တွေ့မည်ဆိုလျှင် ဥသြဆွဲရသည်။ သဘောမတွေ့မီ ပတ်ဝန်းကျင်ကို ကြိုတင်ကြည့်ရှု ရသည်။ သဘောမတွေ့မီနောက်ပိုင်းကို ကြည့်ရှုပြီးအချက်ပေးရန်အတွက် နောက် ကြည့်ခေါ်သော သဘောသားထားရမည်။ ဤအချက်အားလုံးတို့ကို လိုက်နာဆောင် ရွက်ရန်လည်း ကိုကျော်သည်ပျက်ကွက်ကြောင်းထင်ရှားသည်။

ကိုကျော်၏ ပညာရှိအကျိုးဆောင်ကြီးက ကိုကျော်သည် ပြစ်မှုကျူးလွန်ရန်အတွက် ရည်ရွယ်ချက်အကြံအစည်မရှိကြောင်းတင်ပြသည်။ ဒေါက်တာဆီးဂရေအမှုကိုလည်း နမူနာတင်ပြသည်။ ဒေါက်တာဆီးဂမ်ရေသည် သူပုန်ဗိုလ် နေဘ်ဆိုင်းအား ဆေးများ ပေးလိုက်သောအခါတွင် နိုင်ငံတော်ကိုပုန်ကန်ရန်အတွက် အကြံအစီ ရည်ရွယ်ချက် မရှိသောကြောင့် အပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရကြောင်းလည်းတင်ပြသည်။ သို့ရာတွင် ယခုကိုကျော်အပေါ်တွင် အပြစ်ဒဏ်ပေးထားသော ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄(က)မှာ ပြစ်မှုကျူးလွန်လိုသောဆန္ဒ ပြစ်မှုကျူးလွန်သောရည်ရွယ်ချက်နှင့် မသက်ဆိုင်ပေ။ ဤသို့ ရည်ရွယ်ချက်နှင့် ဆန္ဒသာရှိမည်ဆိုလျှင် ကိုကျော်သည်ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၀ တွင် ဖေါ်ပြပါရှိချက်များအရ လူသတ်မှုကျူးလွန်ရာရောက်ပေလိမ့်မည်။ ပုဒ်မ ၃၀၄(က) သည်ပေါ့လျော့ခြင်းဖြင့် သေစေမှုဖြစ်သောကြောင့် ပြစ်မှုကျူးလွန်ရန်ရည်ရွယ်ချက်နှင့် မသက်ဆိုင်ချေ။

သဘောချင်းတိုက်ရခြင်းမှာ ဂျပန်သဘော၏မှားယွင်းမှုကြောင့်လည်း ဖြစ်နိုင် သောကြောင့် ဂျပန်သဘောဘုံဘေမာရှူးမှ သက်ဆိုင်သူအရာရှိများကိုလည်း ခေါ်ယူ စစ်ဆေးသင့်ကြောင်းကိုလည်း ထပ်မံတင်ပြသည်။ ကျွန်ုပ်တို့အမှုကို လေ့လာသော အခါတွင် အချင်းဖြစ်ပွါးစဉ်က ဘုံဘေမာရှူးသဘောတွင် ရေကြောင်းပြအဖြစ် ဆောင် ရွက်သော ဦးကျော်ဝင်း (လိုပြ ၃၁) ကို စစ်ဆေးထားကြောင်းတွေ့မြင်ရသည်။ ထိုအချိန်က သဘောကြီး၏ သွားလာမှုနှင့် ပတ်သက်ပြီး အမိန့်ပေးနိုင်သူမှာ ဦးကျော် ဝင်းသာဖြစ်၍၊ ဂျပန်သဘောမာလိန်မှူးမဟုတ်ချေ။ ထို့ကြောင့် ဂျပန်သဘောမာလိန် မှူးနှင့် သဘောမှ အခြားအရာရှိများကို စစ်ဆေးရန်ပျက်ကွက်ခြင်းအားဖြင့် လျှောက် ထားသူကိုကျော်အပေါ်တွင် မည်သို့မျှထိခိုက်နိုင်ဖွယ်ရာမရှိပေ။ သဘောချင်းတိုက်မိရာ တွင် ပေါ့လျော့လစ်ဟင်းမှုနှင့် ပတ်သက်၍ **ဦးစောဦး နှင့် ဦးစိန်လွင်ပါ ၂ (၁)** အမှုတွင် အောက်ပါအတိုင်းတွေ့မြင်ရသည်။

---

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၉၇၆။

၁၉၇၄
ကိုကျေ့ ပါ ၂
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်။

"မော်တော် ၂ စင်းသည် လွတ်လပ်စွာရှောင်တိမ်း ခုတ်မောင်းနိုင်သည့်အလျောက်၊ ရေကြောင်းဌာန စည်းကမ်းများ အတိုင်း လိုက်နာခုတ်မောင်းရန်မလိုပဲ၊ တစင်းနှင့်တစင်းမတိုက်မိရအောင် သတိမူ၍ လွတ်လပ်စွာ မိမိတို့စိတ်ကြိုက်လမ်းအတိုင်းခုတ်မောင်းနိုင်ပေသည်။ ဤသို့ဖြစ်ရာ ဤအမှုတွင် မည်သည့်မော်တော်က ရေကြောင်းမှားပြီး ခုတ်မောင်းလာသည်ဆိုသည့် ပြဿနာမှာ အဓိကတရပ်မဟုတ်ပေ"

ထို့ကြောင့် ယခုကဲ့သို့ ကျယ်ပြန့်သော ရန်ကုန်မြစ်အတွင်းမှာ တိုးအေးသင်္ဘောသည် မိမိအရှေ့မှ သွားနေသော ဂျပန်သင်္ဘောကြီးကို ကြိုတင်မြင်ရသောအခါတွင် သတိမူ၍ ရှောင်တိမ်းမောင်းနှင်ရန်သာ ဖြစ်ပေသည်။ ပင်လယ်ကူးသင်္ဘောကြီးက ရပ်မပေးသောကြောင့် တိုက်မိရသည့်အနေမျိုး ဖြေရှင်းတင်ပြရန် အကြောင်းမရှိပေ။ ရေကြောင်းဆိုင်ရာ ဥပဒေများအရလည်း ပင်လယ်ကူးသင်္ဘောကြီးကို ဦးစားပေးရမည်ဟူ၍ အတိအလင်းဖေါ်ထုတ်ထားပေသည်။ ထို့ကြောင့်ရေယာဉ်အုပ်ကိုကျေ့သည် ၎င်းဝန်ခံသည့်အတိုင်း ပင်လယ်ကူးသင်္ဘောကြီး အရှေ့မှဖြတ်ရန် ကြိုးစားခြင်းပင်လျှင် မဆင်မခြင် သတိပေါ့လျော့စွာ ပြုလုပ်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် ရေယာဉ်အုပ်ကိုကျေ့သည် စွဲဆိုသည့်အတိုင်း ပြစ်မှုကျူးလွန်ထင်ရှားသည်ဟုကျွန်ုပ်တို့ယူဆသည်။ အပြစ်ဒဏ်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ စဉ်းစားလျှင် ထောင်ဒဏ်(၁၅) နှစ်မှာသာမန်အားဖြင့် များသည်ဟု ဆိုနိုင်ဖွယ်ရှိသော်လည်း ကျူးလွန်သောပြစ်မှုမှာ အပြစ်မဲ့သူခရီးသည်ပေါင်း ၉၀ ကျော်အသက်ဆုံးရှုံးစေ၍ ကျန်ခရီးသည် ၂၀၀ ခန့်တို့မှာ ဒုက္ခအမျိုးမျိုးတွေ့ကြုံခဲ့ရသည်။ ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့အနေဖြင့်လည်း တန်ဖိုးများစွာ ထိုက်တန်သော သင်္ဘောတစီးပျက်စီးဆုံးရှုံးခဲ့သည်။ ခရီးသည်များ၏ အသက်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ်အစရှိသည့်တို့ကို တာဝန်ယူ၍ မောင်းနှင်ရသူများသည် မိမိကိုယ်ပိုင်ယာဉ်များကို ထိန်းသိမ်းမောင်းနှင်ကြသူများထက် အဆပေါင်းများစွာ ပိုမို၍ ဂရုစိုက်ရန်လိုအပ်ပေသည်။ ထို့ကြောင့်ဖြစ်လိုဖြစ်ငြား၊ လွတ်လိုလွတ်ငြားဟူသော စိတ်မျိုးထားရှိရန်မသင့်ပေ။ အစစအရာရာလွန်ကဲသောသတိကိုမပြတ်ထားရှိရမည်သာဖြစ်သည်။ ယာဉ်ချင်းဆုံမိသည့်အခါများတွင်တဘက်ယာဉ်ကတိမ်းရှောင်ပေးလိမ့်မည်ဟူသောအယူအဆမျိုး၊ မိမိတို့က လမ်းမှန်လျက်ရှိသည်ဟူသောအယူအဆမျိုးကို ပယ်ရမည်သာ ဖြစ်သည်။ ယခု တိုးအေးနစ်မြုပ်သည့်သာဓကကို နမူနာယူ၍ ခရီးသည်တင်ဆောင်သော ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ် မောင်းသူများသည် အစစအရာရာ ခရီးသည်များ၏ ဘေးအန္တရာယ်ကင်းလွတ်စေမှုကို ဦးစားပေးရန် သင့်ပေသည်။ အမှုဖြစ်လာ၍ တရားခံအဖြစ်သို့ ရောက်သောအခါမှ လူမှုရေးကို

၁၉၇၄
ကိုကျော့ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ။

တင်ပြခြင်း၊ မသိနားမလည်မှုကို တင်ပြခြင်း၊ တဘက်ယာဉ်၏မှားယွင်းမှုကို တင်ပြခြင်း အစရှိသည်တို့မှာ တရားရုံးများက အထူးလိုအပ်မှသာ ထည့်သွင်း စဉ်းစားနိုင်ပေလိမ့်မည်။ ထို့ကြောင့် မူလရုံးကပေးထားသော အပြစ်ဒဏ်(၁၅)နှစ်ကို လျှော့ပေါ့ရန် အကြောင်းမမြင်ပဟု ကျွန်ုပ်တို့ယူဆသည်။

တိုးအေးသဘော် နစ်မြုပ်မှုနှင့် ပတ်သက်၍ စက်ခန်းအုပ် ဦးမောင်စိန်အပေါ်တွင်လည်းထောင်ဒဏ် (၁၅)နှစ်ချမှတ်သည်။ နှစ်ဘက်အငြင်းမထွက်သော အချက်မှာ တိုးအေးသဘော်သည် ပင်လယ်ကူး သဘော်ကြီးနှင့် တိုက်မိသော အချိန်တွင် ဦးမောင်စိန်သည် စက်ခန်းအတွင်းမှာ မရှိသည့်အချက်ဖြစ်သည်။ ထိုအချိန်တွင် စက်မောင်းလျက်ရှိသူမှာ ဒု-ဆီလောင်း မောင်ဘကြည် (လိုပြ-၃၈) ဖြစ်သည်။ မောင်ဘကြည်ကထွက်ဆိုသည်မှာ သဘော်ကမ်းမှ ခွာလာပြီးနောက် စက်ကို အရှေ့သို့ အပြည့်မောင်းရန် အချက်ခေါင်းလောင်းပေးသည်။ ထို့နောက်စက်ကို နောက်ပြန် အပြည့်မောင်းရန် အချက်ပေးခေါင်းလောင်းပေးပြန်သည်။ ထို့နောက်တယ်လီဂရမ်မှာ ရှေ့သို့နောက်သို့ ကစားနေစဉ် သဘော် ၂ စင်းတိုက်မိကြောင်း ဖြစ်လေသည်။ ရေယာဉ်အုပ် ကိုကျော့ကလည်း သဘော်ရှေ့မှဖြတ်ကူးနိုင်ရန်အတွက် စက်ကိုအမြန်မောင်းရန် ကြိုးစားကြောင်း ထွက်ဆိုသောကြောင့် စက်ခန်းတွင် ရှိနေသော မောင်ဘကြည်၏ လုပ်ဆောင်ချက်သည် ရေယာဉ်အုပ် ညွှန်ကြားသည့်အတိုင်း ဖြစ်သည်ဟု ဆိုရပါမည်။ ကိုကျော့သည် မိမိသဘော်ကို အမြန်မောင်း၍ ဖြတ်ကူးရန် ကြိုးစားပြီးနောက် မဖြစ်နိုင်မှန်းသိသောအခါတွင် နောက်ပြန်ဆုတ်၍ သဘော်ချင်း ယှဉ်ပြီး တိုက်မိရန် ကြိုးစားသော်လည်း မအောင်မြင်သောကြောင့် ယခုအမှု ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

စက်ခန်းအုပ် ဦးမောင်စိန် အပေါ်တွင် တာဝန်ရှိသည်ဟူ၍ မူလရုံးကအပြစ်ပေးထားခြင်းမှာ သက်သေခံအမှတ် (က-က) ပရသဖစက်ခန်းအုပ် များအား ညွှန်ကြားချက်များအရဖြစ်သည်။ ယင်းညွှန်ကြားချက်တွင် ရန်ကုန်ဆိပ်ကမ်းအတွင်း သဘော်များခုတ်မောင်းရာတွင် စက်မောင်းခန်း၌ တာဝန်ခံစက်ခန်းအုပ် ကိုယ်တိုင် ရှိရမည်ဟုဖော်ပြထားသည်။ သို့ရာတွင် သက်သေခံအမှတ် (က-က) သည် ၁၉၆၄ ခုနှစ်ကထုတ်ပြန်သောအမိန့်ဖြစ်သည်။ ထိုအမိန့်နောက်ပိုင်းတွင် ၁၉၇၂ ခုနှစ်မှ ပြင်ဆင်သောအမိန့်ထပ်မံ၍ထုတ်သည်။ ယင်းပြင်ဆင်သောအမိန့်ကို သက်သေခံ အမှတ် (၁) အဖြစ် အမှုတွင် တွေ့မြင်နိုင်သည်။ အမိန့်တွင်စက်ခန်းအုပ်၏တာဝန် ဝတ္တရားများနှင့်ပတ်သက်၍ အပိုဒ် ၁၇ (က) တွင် စက်ခန်းအုပ်သည် မိမိကိုယ်တိုင် ဆိပ်ကမ်းအကပ်အခွာများတွင် စက်မောင်းစဉ်၌ ရှိနေရမည်ဟု ဖော်ပြထားလေသည်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်တွင် ထုတ်ပြန်သော ညွှန်ကြားချက်အရ စက်ခန်း

**၁၉၇၄**
ကုကျေ့ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

အုပ်သည် စက်ခန်းတွင်အချိန်မရွေး ရှိနေရမည်ဟု ဖေါ်ပြထားသော်လည်း ၁၉၇၂ ခုနှစ်ညွှန်ကြားချက်အရ ဆိပ်ကမ်းမှ သင်္ဘောခွာစဉ်နှင့် ဆိပ်ကမ်းသို့ သင်္ဘောကပ်စဉ် အချိန်များ သာရှိရမည်ဟု ပြင်ဆင်သတ်မှတ် ထားကြောင်း တွေ့မြင်ရသည်။ ဦးမောင်စိန်အတွက် လိုက်ပါဆောင်ရွက်သော ပညာရှိအကျိုးဆောင်ကလည်း စက်ခန်းအုပ်များသည် အစဉ်မပြတ် စက်ခန်းအတွင်းမှာ ရှိနေရန် မဖြစ်နိုင်သောကြောင့် ၁၉၇၂ ခုနှစ်တွင် အမိန့်တရပ် အသစ်ထပ်မံ ထုတ်ပြန်ရကြောင်း တင်ပြသည်။ ဗဟိုဥပဒေချုံးအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိဥပဒေ အကျိုးဆောင်ကလည်း ၁၉၇၂ ခုနှစ်တွင် ထုတ်သော ညွှန်ကြားချက်သည် ၁၉၆၄ ခုနှစ်တွင် ထုတ်သော ညွှန်ကြားချက်ကို လွှမ်းမိုးကြောင်းဝန်ခံသည်။ သို့ရာတွင်အချင်းဖြစ်ပွါးသောအချိန်မှာ သင်္ဘောသည် ဆိပ်ကမ်းမှခွာစဉ်အချိန်ပင်ဖြစ်သောကြောင့် စက်ခန်းအုပ်သည်မိမိ စက်ခန်းတွင်ရှိနေသေးကြောင်းနှင့် ဤကဲ့သို့ရှိနေရန် ပျက်ကွက်သောကြောင့် အပြစ်ရှိကြောင်းတင်ပြသည်။

အချင်းဖြစ်ပွါးသောအချိန်တွင် စက်မောင်းလျက်ရှိသော မောင်ဘကြည် (လိုပြ ၃၈) ၏ ထွက်ဆိုချက်နှင့် ရေယာဉ်အုပ်ကိုကျေ့တို့၏ ထွက်ဆိုချက်မှာ တူညီလျက်ရှိကြောင်းတွေ့ရသည်။ သင်္ဘောကိုပို့မို့၍ အမြန်မောင်းကြောင်းကိုကျေ့က ဝန်ခံသည်။ ကိုကျေ့၏ ညွှန်ကြားချက်အတိုင်း မောင်ဘကြည်က စက်ကို အမြန်မောင်းပေးကြောင်း ထွက်ဆိုသည်။ ထို့ကြောင့် စက်ခန်းတွင် မောင်ဘကြည်ရှိသည်ဖြစ်စေ၊ ဦးမောင်စိန်ကိုယ်တိုင် ရှိသည်ဖြစ်စေ၊ ရေယာဉ်အုပ်၏ ညွှန်ကြားချက်အတိုင်း စက်ကို အမြန်မောင်းပေးရမည်သာ ဖြစ်သည်။ ဤသို့အမြန်မောင်း၍ ပင်လယ်ကူးသင်္ဘောကြီးရှေ့မှ ဖြတ်ကူးရန် ကြိုးစားခြင်းကြောင့်လည်း တိုက်ခိုက်မှုဖြစ်ရသည်။ ထို့ကြောင့် ဦးမောင်စိန် စက်ခန်းတွင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရေယာဉ်အုပ် ကိုကျေ့၏ အရင်စလို မောင်းနှင်ရန် ညွှန်ကြားမှုကြောင့် အချင်းဖြစ်ပွါးရခြင်းဖြစ်လေသည်။ ဤသို့ဖြစ်ပွါးရန်အတွက် စက်ခန်းအုပ် ဦးမောင်စိန်၏ ပေါ့ဆမှုပါရှိသည်မဟုတ်ချေ။ ဗဟိုဥပဒေချုံးမှ အကျိုးဆောင်က အချင်းဖြစ်ပွါးစဉ် အချိန်မှာ သင်္ဘောသည်ဆိပ်ကမ်းမှ ခွာဆဲသာဖြစ်သည်ဟု ဆိုခြင်းကိုလည်း ကျွန်ုပ်တို့ လက်မခံနိုင်ချေ။ အဘယ်ကြောင့်ဆိုသော ပင်လယ်ကူးသင်္ဘောကြီးသည် ရန်ကုန်မြစ်အလယ်မှ သွားလာနေခြင်းသာဖြစ်သည်။ ဆိပ်ကမ်းအနီးမှ ကပ်၍သွားလာနေခြင်းမဟုတ်ပေ။ တိုက်ခိုက်မှု ဖြစ်ပွားရခြင်းမှာလည်း ဆိပ်ကမ်းမှ ထွက်ပြီးအတန်ကြာရွေ့သို့စက်အား တဝက်မောင်းနှင်သွားပြီးနောက်၊ ပင်လယ်ကူး သင်္ဘောကြီးကို မြင်သောအခါမှာ စက်အားအမြန်တိုး၍ မောင်းနှင်ပြီး တိုက်ခိုက်မိခြင်း ဖြစ်လေသည်။ ဦးမောင်စိန်၏ ပညာရှိအကျိုးဆောင်က **မောင်ညိုမောင် နှင့် ပြည်ထောင်စု မြန်မာ**

၁၉၇၄

ကိုကျော့ ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

နိုင်ငံ (၂) အမှုကို ကိုးကားတင်ပြသည်။ ယင်းအမှုတွင် "ရွှေဂျီးဖြူ" အမည်ရှိသော မော်တော်ယာဉ် နှစ်မြှုပ်ခြင်းနှင့် ပတ်သက်၍ ပွဲကိုင်ဖြစ်သူမှာသာ တာဝန်ရှိပြီး စက်မောင်းသူတွင် တာဝန်မရှိကြောင်း ဖေါ်ပြထားပေသည်။ ထို့ကြောင့် စက်ခန်းအုပ် ဦးမောင်စိန်သည် တိုးအေးသဘော်ာနစ်မြှုပ်ခြင်းနှင့် ပတ်သက်၍တာဝန်မရှိဟုကျွန်ုပ်တို့ယူဆသည်။

အယူခံတရားလိုကိုကျော့အပေါ်တွင် ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄ (က) အရ ထောင်ဒဏ် (၁၅) နှစ်ချမှတ်သည့်အမိန့်ကို အတည်ပြု၍ အယူခံပယ်လိုက်သည်။ အယူခံတရားလို ဦးမောင်စိန်အပေါ်တွင် ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၀၄ (က) အရ ထောင်ဒဏ် (၁၅) နှစ်ချမှတ်သည့်အမိန့်ကိုပယ်ဖျက်၍၊ ဦးမောင်စိန်အား ယခုအမှုအတွက်အပြီးအပြတ်လွှတ်ရန်အမိန့်ချမှတ်သည်။

---

(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (အထူးရာဇဝတ်ရုံးအယူခံအဖွဲ့) စာ ၅၉။

# ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးချစ်ပါ (၂) *

နှင့်

† ၁၉၇၄ စက်တင်ဘာလ ၆ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

**၁၉၆၄ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ စွဲဆိုသော အမှုတွင် စာရင်းအင်းနှင့် လက်ခံရယူထားသော ပြည်သူပိုင်ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည်ပေးအပ်ခြင်း မပြုနိုင်ပါက သက်ဆိုင်သူများ အပေါ်၌သာ တာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဖယောင်းအိတ်များ ပျောက်ဆုံးနေခြင်းမှာ မငြင်းကွယ်နိုင်သော အချက်ဖြစ်၍ မည်သို့ မည်ပုံ မည်ကဲ့သို့နည်းမျိုးဖြင့် ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း ပြုလုပ်ပါသည်ဟု တရားလိုဘက်မှ ရှင်းပြရန် တာဝန်မရှိချေ။ ဤကဲ့သို့ ရှင်းပြရန်မှာလည်း သဘာဝယုတ္တိမတန်ချေ။ စာရင်းအင်းနှင့် လက်ခံရယူထားသော ပြည်သူပိုင်ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည်ပေးအပ်ခြင်း မပြုနိုင်လျှင် သက်ဆိုင်သူများအပေါ်၌သာ တာဝန်ရှိမည်ဖြစ်သည်။

**အယူခံတရားလိုအတွက်။** ။ဗဟိုဥပဒေရုံး အကျိုးဆောင် မစ္စတာ ဂျေ၊ ဒီ၊ ဂို (မှ)။
ဗဟိုဥပဒေရုံး အကျိုးဆောင် ဦးထွန်းဝင်း။

**အယူခံတရားခံအတွက်။** ။ဗဟိုဥပဒေရုံး၊ ဦးလှသောင်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

အယူခံ တရားလို ဦးချစ်နှင့် မောင်ကျော်ညွန့် တို့သည် သီးခြား အယူခံမှုများ တင်ကြသော်လည်း မှုဖြစ်ခြင်းရာတို့မှာ ဆက်စပ်လျက်ရှိသည် ဖြစ်သောကြောင့် ဤစီရင်ချက်သည် နှစ်မှုစလုံးအတွက် အကျုံးဝင်စေရမည်။ ဦးချစ်သည် ဗိုလ်တထောင်မြို့နယ် ပြည်သူ့ ရေနံလုပ်ငန်း ကော်ပိုရေးရှင်းပိုင် ဆိုင်အမှတ် (၅၄) ၏ ဆိုင်ကြီးကြပ်ရေးမှူးဖြစ်၍ မောင်ကျော်ညွန့်သည် ဆိုင်ထိုင်ဖြစ်

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၉/၆၀ ။

† ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၉တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ဩဂုတ်လ ၃၀ ရက်နေ့စွဲ ပါရန်ကုန်မြို့ အထူးရာဇဝတ်ရုံး ၅၉/၆၉ ၏ အမိန့်ကိုအယူခံမှု။

၁၉၈၄

ဦးချစ်ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

သည်။ ဦးချစ်နှင့် မောင်ကျော်ညွန့်တို့အပြင် လက်ထောက်ဆိုင်ထိုင် မောင်အေးသိန်းနှင့် နေ့စား အလုပ်သမား မောင်သိန်းဝင်းတို့ကိုလည်း ပူးတွဲတရားခံများအဖြစ် စစ်ဆေးခဲ့ရာ မောင်အေးသိန်းနှင့် မောင်သိန်းဝင်းတို့ကို မူလရုံးမှ အပြီးအပြတ်လွှတ်ပြီး ဖြစ်သည်။ အမှုစတင် ပေါ်ပေါက်လာသည်မှာ ၁၉၈၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကုန်းလမ်း သယ်ယူပို့ဆောင်ရေး အဖွဲ့မှ ကုန်တင်ကား ၂ စီးကို မသင်ကာသောကြောင့် စစ်ဆေးသော အခါတွင် ဗိုလ်တထောင် ဆိုင်အမှတ် (၅၄)မှ ထုတ်ပေးလိုက်သော ဖယောင်းအိတ် အပိုများကို တွေ့ရသည်။ ထို့ကြောင့် ပြည်သူ့ရေနံလုပ်ငန်း ကော်ပိုရေးရှင်း အရာရှိများက သက်ဆိုင်ရာ ဂိုဒေါင်များတွင်လည်း ဖယောင်းများ လျော့နည်းနိုင်မည်ဟု ယူဆသဖြင့် ဖယောင်းဂိုဒေါင် ၂ လုံးကို ထိုနေ့ည ၉ နာရီ အချိန်ခန့်တွင် ချိပ်ပိတ်လိုက်ပြီးနောက် ၁၉၈၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှ ၁၉၈၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့အထိ ဖယောင်းလက်ကျန် အိတ်များကို စစ်ဆေးသောအခါတွင် အိတ်ပေါင်း ၁၈၉၁၊ တန်ဘိုးသင့်ငွေကျပ် ၁၁၄၃၉၈-၁၅ ပြား လျော့နည်းနေကြောင်း တွေ့ရှိရပေသည်။

ဖယောင်းအိတ်များ လျော့နည်း ပျောက်ဆုံးလျက် ရှိကြောင်းမှာ အငြင်းမထွက်ချေ။ အသူခံတရားသိုမျှားက မိမိတို့တွင်တာဝန်မရှိကြောင်း ချေပခြင်းနှင့်ပတ်သက်ပြီး၊ လက်ခံသင့် မသင့် စဉ်းစားရန်သာ ရှိပါသည်။ ဦးချစ်က အောက်ပါအတိုင်း တင်ပြသည်။ ဖယောင်းအိတ်များ ပျောက်ဆုံးသောကြောင့် ပထမ သတင်းပေးချက် ပေးပို့တိုင်တန်းသော အခါတွင် မိမိနာမည် မပါခဲ့ပါ။ မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းကိုသာ တိုင်တန်းခဲ့ပါသည်။ ဖယောင်းအိတ်များ လျော့နည်းသောကြောင့် တာဝန်ရှိကြောင်း ဝန်ခံသည့်စာကို ဦးချစ်၊ မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းတို့က ရုံးချုပ်မှ အရာရှိ ဦးထွန်းဖြူထံ ပေးခဲ့ကြောင်း မှန်ပါသည်။ ယင်းစာကို အမိက ထားပြီး မိမိအပေါ်တွင် တရားခံအဖြစ် အရေးယူခြင်း ဖြစ်ပါသည်။ သို့ရာတွင်ယင်းစာမှာ မိမိလက်မှတ် ထိုးခဲ့ခြင်း မှန်သော်လည်း ဦးထွန်းဖြူထံသို့ စာယူသွားသော အခါတွင် လက်မှတ် မထိုးလိုကြောင်း ပြောပြပါသည်။ ဦးထွန်းဖြူက မထိုးလိုလျှင် လက်မှတ်ကို ဖျက်ခွင့်ပြုသောကြောင့် ပြန်၍ဖျက်လိုက်ပါသည်။ ထို့ကြောင့် အပြစ်ရှိကြောင်း ဝန်ခံသောစာသည် မိမိနှင့် မပတ်သက်ကြောင်း ဖြစ်လေသည်။ မိမိသည် ဆိုင်အမှတ် (၅၄)၏ ကြီးကြပ်ရေးမှူးသာ ဖြစ်ပါသည်၊ ဆိုင်ထိုင်မဟုတ်ပါ၊ ယခင်ဆိုင်အမှတ် (၅၄)ကို မေးပြတိုက်သော အခါမှာလည်း အလုပ်သမားများနှင့်အတူ ခုခံကာကွယ်ခဲ့ပါသည်။ ထို့ကြောင့် ဂုဏ်ထူးဆောင် လက်မှတ်နှင့် နာရီတလုံး ရရှိခဲ့ပါသည်။ ကြီးကြပ်ရေးမှူး၏ တာဝန်မှာ ဆိုင်၏စာရင်းများကို မှန်ကန်စွာ ပြုစုခြင်း၊ နေ့တိုင်း ရောင်းချရရှိသော ငွေကို ဘဏ်သို့သွင်းခြင်းနှင့် မိမိလက်အောက် အမှုထမ်းများအား တာဝန်ခွဲဝေပေး

၁၉၇၄
ဦးချစ် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ခြင်းသာ ဖြစ်ပါသည်။ မနိုတောမှပို့သော ဖယောင်းကို လက်ခံရန်အတွက် မောင်သိန်းဝင်းအား တာဝန်ပေးထားပြီး ပြန်လည်ရောင်းချရန်အတွက် မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းတို့အား တာဝန်ပေးထားသည် ဖြစ်သောကြောင့် ဖယောင်းများ လျော့နည်း နေခြင်းမှာ မိမိနှင့် မသက်ဆိုင်ကြောင်း ဖြစ်လေသည်။ ဦးချစ်က ထပ်မံတင်ပြသည်မှာ ၁၉၆၇ ခု၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ဆိုင်အမှတ် (၅၄) ကို သက်ဆိုင်ရာမှ စစ်ဆေးပါသေးသည်။ ထိုအချိန်က ဖယောင်းများ လျော့နည်းခြင်း မရှိသေးပါ။ မိမိသည် တလလျှင်တကြိမ်သာ ဆိုင်ကိုစစ်ဆေးရန် တာဝန်ရှိသောကြောင့် မိမိစစ်ဆေးရန် အချိန်မတိုင်မီ ချိပ်ပိတ်စစ်ဆေးပြီး ဖယောင်းများ လျော့နည်းကြောင်း တွေ့ရှိသည်ဆိုခြင်းနှင့် ပတ်သက်ပြီး မိမိအပေါ် တာဝန်မရှိနိုင်ပါဟူ၍ ဖြစ်လေသည်။

မောင်ကျော်ညွန့်က အောက်ပါအတိုင်း တင်ပြသည်။ ဖယောင်းအိတ်များ ပျောက်ဆုံးသည်ဆိုသော်လည်း မည်ကဲ့သို့ ပျောက်ဆုံးကြောင်းကို တရားလိုဘက်မှ သက်သေမပြနိုင်ပါ၊ ဖယောင်းအိတ်များသည် အလွန်လေးလံသော ၁၁၂ ပေါင်အိတ်များဖြစ်သောကြောင့် မိမိတဦးချင်း တိတ်တဆိတ်ခိုးထုတ်ရန် မဖြစ်နိုင်ပါ၊ ဆိုင်ရှိ အမှုထမ်းများနှင့် အလုပ်သမားများအားလုံး ပူးပေါင်းပြီး ကြံစီမှသာ ဖြစ်နိုင်ဖွယ်ရာရှိပါသည်။ မိမိတို့ဆိုင်ကို ရုံးချုပ်မှအခါအားလျော်စွာ လာရောက်စစ်ဆေးသောအခါများတွင်စနစ်တကျ ရေတွက်စစ်ဆေးခြင်း မလုပ်ခဲ့ပါ။ ထို့ကြောင့် လျော့နည်းနေသော ဖယောင်းအိတ်များသည် မည်သည့်အချိန်ကာလအတွင်းမှာ ပျောက်ဆုံးနေကြောင်း မထင်ရှားပဲ မိမိတို့အပေါ် ခိုးယူသည်၊ သို့မဟုတ် အလွဲသုံးစားပြုသည်ဟု စွပ်စွဲခြင်းမှာ မှားယွင်းပါသည်။ ဆိုင်အမှတ် (၅၄) သည် မြန်မာနိုင်ငံတွင် အကြီးဆုံးသော ပြည်သူ့ရေနံလုပ်ငန်းကော်ပိုရေးရှင်းဆိုင်ဖြစ်၍နေ့စဉ် ကျပ် ၇ သောင်းဘိုးခန့်ရောင်းရပါသည်။ ထိုဆိုင်အတွက် လခစားအမှုထမ်းသုံးယောက်နှင့်သာ၊ နံနက် ၇ နာရီမှ ည ၆ နာရီအထိ ရောင်းချခဲ့ရပါသည်၊ အလုပ်မနိုင်မနင်းဖြစ်သောကြောင့် အလုပ်သမားထပ်တောင်းသော်လည်း မရခဲ့ပါ။ ဖယောင်းဂိုဒေါင်များတွင် လုံလောက်သော အစောင့်အကြပ်များမရှိပါ။ ဝင်းတံခါးများ ဂိုဒေါင်တံခါးများမှာလည်း ပျက်စီးချို့ယွင်းလျက်ရှိသောကြောင့် လုံခြုံမှုမရှိပါ။ ဖယောင်းအိတ်များလျော့နည်းခြင်းနှင့် ပတ်သက်ပြီး အမှုအတွက် စာရင်းစစ်ဆေးသောအခါမှာလည်း စာရင်းစစ်ပညာ အောင်လက်မှတ်ရရှိသော ကျွမ်းကျင်သည့် စာရင်းစစ်များနှင့် မဆောင်ရွက်သောကြောင့် တိကျမှန်ကန်မှု မရှိနိုင်ပါဟူ၍ဖြစ်သည်။

ဦးချစ်သည် ကြီးကြပ်ရေးမှူးဟူ၍ အမည်ခံယူသော်လည်း ဆိုင်နှင့်ပတ်သက်ပြီး တိုက်ရိုက်တာဝန်ရှိသူဖြစ်ပါသည်။ ဆိုင်တာဝန်ခံနှင့် မလုံလောက်၍ ကြီးကြပ်ရေးမှူးအဖြစ် ခန့်ထားခြင်းဖြစ်ပါသည်။ ဖယောင်းအိတ်များ လက်ခံရန် တာဝန်နှင့် ရောင်းချ

ရန်တာဝန်တို့ကို မိမိလက်အောက် ငယ်သားများအား ခွဲဝေပေးလိုက်သည်ဆိုကာမျှနှင့် တာဝန်မရှိဟုမပြောနိုင်ပေ။ ဦးချစ်သည် ရောင်းရသောငွေများကို ရှိုးချုပ်သို့ ပေးသွင်းကာမျှနှင့် တာဝန်ကျေပြီဟု မဆိုနိုင်ပေ။ မှန်မှန်ကန်ကန် ရောင်းချခြင်း ရှိ မရှိနှင့် လက်ကျန်ပစ္စည်းစာရင်းတိုက်ရန်အတွက် အမြဲတစေ လေ့လာကြည့်ရှုနေရမည်သာဖြစ်သည်။ ဖယောင်းများကို ထုံးစံအတိုင်း စစ်ဆေးရန် အချိန်ကာလမတိုင်မီ လာရောက်စစ်ဆေးသောကြောင့် လျော့နည်းကွာခြားခြင်းနှင့် ပတ်သက်ပြီး တာဝန်မရှိပါဟုသော ဦးချစ်၏ အကြောင်းပြချက်မှာလည်း လက်ခံနိုင်ရန် အကြောင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် ကုန်ပစ္စည်း၊ ငွေစာရင်း အစရှိသည်တို့ကို အချိန်သတ်မှတ်ထားသည့် အခါကျရောက်မှသာ စစ်ဆေးရမည်ဟူသော ပြဋ္ဌာန်းချက်မရှိချေ။ အခါမရွေး အလျဉ်းသင့်သလို စစ်ဆေးရမည်သာဖြစ်ပေသည်။ စာရင်းများ၊ ကုန်ပစ္စည်းများနှင့် ပတ်သက်၍ တာဝန်ရှိသူသည် မည်သည့်နေ့ရက် အချိန်အခါတွင်မဆို စာရင်းများနှင့် လက်ကျန်ကုန်ပစ္စည်းများတိကျ မှန်ကန်စေရမည်သာဖြစ်လေသည်။ ဖယောင်းအိတ်များ လျော့နည်းကွာခြားသောအခါတွင် ဦးချစ်၊ မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းတို့သည် တာဝန်ရှိကြောင်း အထက်အရာရှိထံ ဝန်ခံစာ ရေးသား ပေးပို့သည်။ သို့ရာတွင် ဦးချစ်၏ လက်မှတ်ကို ပြန်၍ဖျက်ထားသည်။ မောင်ကျော်ညွန့်၏ ပညာရှိ အကျိုးဆောင်ကြီးက တင်ပြသည်မှာ ဦးချစ်ကိုယ်တိုင် ဦးဆောင်၍ သဘောတူလက်မှတ်ရေးထိုးကြပြီးနောက် ဦးချစ်တယောက်တည်းကသာ ယင်းစာကို ယူသွားပါသည်။ ထို့နောက် ကျန်နှစ်ယောက်ကို အသိမပေးဘဲ ဦးချစ်၏ နာမည်ကိုပြန်၍ ဖျက်လိုက်ခြင်းမှာ လက်အောက်ငယ်သား နှစ်ဦးအပေါ်တွင် လူလယ်လုပ်ခြင်းသက်သက်ဖြစ်ပါသည်ဟူ၍ ဖြစ်လေသည်။ ဤတင်ပြချက်မှာလည်း လုံးဝမဖြစ်နိုင်ဟု မဆိုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ ဦးချစ်၊ မောင်ကျော်ညွန့်နှင့် မောင်အေးသိန်းတို့ ပူးတွဲ လက်မှတ်ထိုးခြင်းမှာ မည်သူ တဦးတယောက်၏ တိုက်တွန်းသွေးဆောင်ချက်အရ ဖြစ်သည်ဟု မပေါ်ပေါက်ချေ။ မိမိတို့အလိုအလျောက် လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။ ဦးချစ်သည် နောက်ပိုင်းတွင် မိမိလက်မှတ်ကိုပြန်၍ ဖျက်လိုက်သည်ဆိုစေကာမူ ဖြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ ဝန်ခံရန် ကြံရွယ်ခဲ့ကြောင်း တစိပ်တဒေသ ပေါ်လွင်လျက်ရှိပေသည်။ ဦးချစ်သည် ယခင်က ဆိုင်ကို ဒေးပြတိုက်စဉ် ခုခံကာကွယ်ခဲ့ခြင်း၊ နာမည်ကောင်းလက်မှတ်နှင့် နာဒီတသုံး ချီးမြှင့်ခံခဲ့ခြင်းနှင့် ပတ်သက်၍ အငြင်းမပွားချေ။ ထိုပြုလုပ်မှုသည် အယူခံတရားလို၏ အကျင့်စာရိတ္တ အထောက်အထားဖြစ်ပါသည်ဟု ထည့်သွင်း စဉ်းစားသွားရမည်သာ ဖြစ်ပါသည်။

သျှောက်ထားသူ မောင်ကျော်ညွန့် တင်ပြချက်အရ ဖယောင်းအိတ်များသည် ခေလးသံသောကြောင့် တဦးချင်း တိတ်တဆိတ် ခိုးထုတ်ရန် မလွယ်ကူခြင်း၊မိမိတို့ဆိုင်

၁၉၇၄

ဦးချစ် ပါ ၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

တွင် လုံခြုံမှုမရှိခြင်း၊ အလုပ်များပြားခြင်း၊ အလုပ်သမား မလုံလောက်ခြင်းအစရှိသည်တို့မှာ ပြစ်မှုကို ပပျောက်စေနိုင်သော အကြောင်းပြချက်များမဟုတ်ပဲ ပြစ်မှုဖြစ်ပေါ်လာရခြင်း၏ အကြောင်းတရားများသာ ဖြစ်ချေသည်။ လုံခြုံမှု မရှိခြင်း၊ အလုပ်များပြားခြင်းနှင့် အလုပ်သမား မလုံလောက်ခြင်း စသည်တို့ကို လိုအပ်လျှင် ပြုပြင်နိုင်ရန်အတွက် သက်ဆိုင်ရာထံ ထိထိရောက်ရောက်တင်ပြသင့်သည်။ မိမိတို့အနေဖြင့်လည်း ယာယီလုံခြုံမှုရှိရန်နှင့် အလုပ်တိကျမှန်ကန်စေရန်အတွက် ကြိုးစားအားထုတ်သင့်သည်။ ဖဲယောင်းအိတ်များ ပျောက်ဆုံးနေခြင်းမှာ မငြင်းကွယ်နိုင်သော အချက်ဖြစ်၍ မည်သို့မည်ပုံ မည်ကဲ့သို့ နည်းမျိုးနှင့် ခိုးယူခြင်း၊အလွဲသုံးစားပြုခြင်းပြုလုပ်ပါသည်ဟု တရားလိုဘက်မှ ရှင်းပြရန် တာဝန်မရှိချေ။ ဤကဲ့သို့ ရှင်းပြရန်မှာလည်း သဘာဝ ယုတ္တိမတန်ချေ။ စာရင်းအင်းနှင့် လက်ခံရယူထားသော ပြည်သူပိုင် ပစ္စည်းကို စာရင်းအင်းနှင့် ပြန်လည် ပေးအပ်ခြင်း မပြုနိုင်လျှင် သက်ဆိုင်သူများအပေါ်၌သာ တာဝန်ရှိမည်ဖြစ်သည်။ စာရင်းစစ်ဆေးသူများသည် စာရင်းအင်း ပညာကို တတ်ကျွမ်းသူများမဟုတ်ပါဟူသော အကြောင်းပြချက်မှာလည်း လက်ခံသင့်သည်ဟု မယူဆပေ။ တရားဝင် စစ်ဆေးပိုင်ခွင့်ရှိသူ၏ စာရင်းသည် တရားဝင်ပါသည်။ ယင်းစာရင်းစစ်ဆေးချက်မည်သည့်နေရာတွင် မမှန်မကန် မှားယွင်းချွတ်ချော်နေသည်ဟု ပြရန်တာဝန်မှာတရားခံများအပေါ်၌သာ တည်ပါသည်။ ထို့ကြောင့် လျှောက်ထားသူ နှစ်ဦးစလုံးသည် ပြစ်မှုကျူးလွန် ထင်ရှားသည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ အပြစ်ဒဏ် သတ်မှတ်ရန်အတွက် စဉ်းစားသောအခါတွင် ဦးချစ်နှင့် မောင်ကျော်ညွန့်တို့အပေါ် ထောင်ဒဏ် (၁၀) ဆယ်နှစ်စီ အပြစ်ဒဏ်ပေးထားကြောင်း တွေ့မြင်ရသည်။ ဦးချစ်အား အခြင်းဖြစ်ဆိုင်တွင် အလုပ်များခြင်း၊ ပစ္စည်းတန်ဘိုးများခြင်းတို့အတွက် ထိရောက်စွာ ကြီးကြပ်ကွပ်ကဲရန် တာဝန်ခံနှင့်ထားသော ကြီးကြပ်ရေးမှူးဖြစ်ပြီး၊ မောင်ကျော်ညွန့်သည် ဦးချစ်၏ လက်အောက်ခံ ဆိုင်ထိုင်မျှသာဖြစ်သည်။ အပြစ်ဒဏ် သတ်မှတ်ရာတွင် မောင်ကျော်ညွန့်ကို ဦးချစ်နှင့် အလားတူ သတ်မှတ်ရန် သင့်လျော်မည်မဟုတ်ပေ။ ထို့ကြောင့် ဦးချစ်၏ အယူခံကို ပယ်သည်၊ မောင်ကျော်ညွန့်နှင့် ပတ်သက်၍ သက်ညှာစွာ စဉ်းစားသင့်သည်ဟု ယူဆသောကြောင့် ၁၉၆၃ ခုနှစ်အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးအက်ဥပဒေပုဒ်မ ၃ အရ၊ ထောင်ဒဏ် (၁၀) ဆယ်နှစ် ချမှတ်ထားခြင်းကို ပယ်ဖျက်၍၊ပြစ်မှုဆိုင်ရာပုဒ်မ ၄၁၉ အရ ထောင်ဒဏ် (၇) ခုနှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ရာဇဝတ်အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးစိန်မြ

† ၁၉၇၄

မေလ ၂၄ ရက်။

## နှင့်

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

**သက်သေအချို့တို့၏ ထွက်ချက်ကွဲလွဲမှုရှိခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ မေးမြန်းသောအခါတွင်မှ ထွက်ဆိုခြင်း၊ အမှန်တရားကို ထွက်ဆိုခြင်း မရှိဟုယူဆနိုင် မနိုင်၊ အမှုတွင် ပေါ်လွင်သည့် သက်သေအချို့အား တရားလိုဘက်မှ သက်သေမပြခဲ့သဖြင့် သက်သေခံဥပဒေပုဒ်မ ၁၁၄(ဆ)အရ ဆန့်ကျင်ဘက်သာ ဖြစ်ကြောင်း ယူဆသင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ဤအမှုတွင် တရားလိုပြ သက်သေအချို့တို့၏ ထွက်ချက် ကွဲလွဲမှုရှိနေခြင်းနှင့်မှု လခ်ခေါ်ဆေးစဉ်အခါက မထွက်ဆိုပဲ ကျင့်ထုံးပုဒ်မ ၅၄၀ အရ မေးမြန်းသောအခါတွင်မှထွက်ဆိုခြင်းကို တွေ့ရပေသည်။ တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များ ကွဲလွဲရခြင်းမှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း အချိန်ကြာမြင့်ခဲ့ပြီဖြစ်၍ နေ့ရက်များကို မမှတ်မိတော့ဘဲ စိတ်အမှန်းအဆအားဖြင့်သာလျှင် ထွက်ဆိုခဲ့ခြင်းဖြစ်သဖြင့် ကွဲလွဲမှုရှိခြင်း ဖြစ်ပေသည်။ ၎င်းတို့ အမှန်တရားကိုထွက်ဆိုခြင်းမရှိဟု ကျနုပ်တို့ကယူဆရန်မဖြစ်နိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။အယူခံ တရားလို၏ အကျိုးဆောင်က အမှုတွင် ပေါ်လွင်သည့် ဖိုလ်ကြီးမောင်ထွန်း ဆိုသူအားလည်းကောင်း၊ ဗိုလ်မှူး ဗိုလ်နီဆိုသူအားလည်းကောင်း၊ ဦးညွန့်မောင် ဆိုသူအားလည်းကောင်း တရားလိုဘက်မှသက်သေပြခြင်း မပြုခဲ့သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၁၁၄ (ဆ) အရ ဆန့်ကျင်ဖက် ယူဆရန်သာဖြစ်ကြောင်း လျှောက်ထားခဲ့သည်။ ယင်းသက်သေများနှင့် ပတ်သက်၍ တရားခံအနေဖြင့် ကျင့်ထုံး ပုဒ်မ ၅၄၀ အရ ရုံးသို့ ခေါ်ယူစစ်ဆေးပေးရန် အတွက် လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိပေသည်။ ထိုသက်သေများသည် တရားခံအား အထောက်အကူ ပေးနိုင်သည့် သက်သေများဟု ယူဆလျှင် တရားခံက ယင်းသက်သေများအား ခေါ်ပေးရန်အတွက် ရုံးသို့လျှောက်ထားရန်သာဖြစ်သည်။ တရားလိုဘက်အနေဖြင့် ထိုသက်သေ

---

* ၁၉၇၄ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၂။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် ချမှတ်သော ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့စွဲပါ အထူးရာဇဝတ်ရုံး အမှတ် ၁/၇၃ (ရန်ကုန်မြို့)၏ အမိန့်ကိုအယူခံမှု။

၁၉၇၄ — ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

များမှာ အဓိကကျသော သက်သေများ မဟုတ်ဟု ယူဆ၍သာ မတင်ပြခြင်း ဖြစ်နိုင်သည်။ ဤအမှုနှင့်ပတ်သက်၍ လေ့လာကြည့်ရာ၌ အဓိကကျသော သက်သေဟူသမျှမှာ ပြည့်ပြည့်စုံစုံ စစ်ဆေးထားပြီးဖြစ်၍ တရားလိုဘက်အနေဖြင့် အမှန်တရားကို ဖုံးကွယ်ထားသည်ဟုလည်း ယူဆရန် မဖြစ်နိုင်ချေ။ သို့ဖြစ်၍တရားလိုအကျိုးဆောင်၏ လျှောက်ထားချက်မှာ အမှန်တရားကိုစီရင်ရာတွင် အရေးကြီးသည့် အချက်မဟုတ်၍ လက်ခံနိုင်စရာ အကြောင်းမရှိပေ။

**အယူခံတရားလိုအတွက်။** ၁။ အကျိုးဆောင် ဦးကျော်မြင့်၊
၂။ အကျိုးဆောင် ဒေါ်တင်တင်မြင့်၊။
၃။ အကျိုးဆောင် ဦးရဲထွန်း၊

**အယူခံတရားခံအတွက်။** ၁။ ဥပဒေအကျိုးဆောင် ဦးထွန်းရွှေ၊
၂။ ဥပဒေအကျိုးဆောင် မစ္စတာဂန်ဂူလီ။

**တရားသူကြီး ဦးထွန်းအောင်ကျော်။** ။အထူးရာဇဝတ်ရုံးအမှတ် ၁/၁၉၇၃ (ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁/၇၃) (ရန်ကုန်မြို့) တွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄၈ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃½ နှစ် (သုံးနှစ်ခွဲ) ကျခံစေရန် အမိန့်ချမှတ်ခြင်း ခံရသော တရားခံ ဦးစိန်မြက ယင်းအမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်၍ အမှုဖြစ်စဉ် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

မန္တလေးမြို့နေ ဦးသက်ထွန်းနှင့် ပထမ ဇနီး ဒေါ်သိန်းတင်တို့မှ မွေးဖွားသော သားသမီး ၆ ယောက်တို့မှာ ကြီးစဉ် ငယ်လိုက်အားဖြင့် ဒေါ်ကြည်ကြည် (လိုပြ-၂၇) ဦးဘဟန် (လိုပြ-၂၃)၊ ဒေါ်နုနု (လိုပြ-၂၈)၊ ဦးထွန်းရှိန် (စိတ်နောက်နေသူ)၊ ဒေါ်သန်းသန်း (လိုပြ-၃၀) နှင့် ဦးဖေသန်း (လိုပြ-၂၉) တို့ ဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ တွင် ဦးဘဟန် သည်၊ ဒေါ်ခင်ခင်ထူး (လိုပြ-၂၄) နှင့် အိမ်ထောင်ကျ၍ ယောက္ခမ ဦးခင်မောင်သိန်း၏ အိမ်သို့ လိုက်နေသည်။ ၁၉၅၈ ခုနှစ်တွင် ဒေါ်သိန်းတင် သေဆုံးသည်။ ၁၉၅၉ ခုနှစ်တွင် ဒေါ်သန်းသန်းသည် ဦးကိုကိုကြီးနှင့် အိမ်ထောင်ကျပြီး နောက်၊ ရန်ကုန်မြို့သို့ ရွှေပြောင်း နေထိုင်သည်။ ၁၉၆၂-၆၃ ခုနှစ် လောက်တွင် ဦးသက်ထွန်းသည် သားသမီးများအား အမွေ ခွဲဝေ ပေးသည်။ ၁၉၆၅ ခုနှစ်၊ တွင် ဒေါ်ကြည်ကြည်တို့ မောင်နှစ်မ ၄ ယောက်သည် ဘခင်နှင့် ခွဲခွာ၍ မိမိတို့ အမွေ ရသော တိုက်သို့ ရွှေပြောင်း နေထိုင်သည်။ ဦးသက်ထွန်းသည် ကားမောင်းသူ မောင်အောင်ခင်၊ ထမင်းချက် ဒေါ်တင် (လိုပြ-၂၆) တို့ကို အဖော်ပြုလျက် နေရင်း စွဲ မန္တလေးမြို့ ရွာဟိုင်းဈေး တောင်ဘက်ရှိ တိုက်တွင် ဆက်လက် နေထိုင်သည်။ များမကြာမီ ဦးသက်ထွန်းသည် ကျောက်ဆည်မြို့မှ မိတ်ဆွေဦးသိန်း (လိုပြ-၂၅) ၏ ဆက်သွယ်ပေးချက်အရ၊ အိမ်ထောင်ပျက် ဒေါ်လှလှ (လိုပြ-၂၀) နှင့် နောက်

၁၉၇၄

ဦးစိန်မြ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်။

အိမ်ထောင်ပြုသည်၊ ဦးသက်ထွန်း၏ ကျန်းမာရေး ဆုတ်ယုတ်လာသည်။ ဦးဘဟန်သည် ဇနီး ဒေါ်ခင်ခင်ထူးနှင့် အတူ ဘခင် ဦးသက်ထွန်းအား လာရောက် ပြုစုသည်။ ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဦးသက်ထွန်း သေဆုံးသည်။

ဦးသက်ထွန်း မသေမီက စိန်ထည်များကို ငွေသေတ္တာတွင် ထည့်၍၊ ရွှေထည်များကို မီးခံသေတ္တာငယ်တွင် ထည့်ကာ၊ ၂ နေရာခွဲပြီး တိုက်အပေါ်ထပ် အုတ်နံရံတွင် မြှုပ်နှံထားခဲ့သည်။ ဦးသက်ထွန်း သေဆုံးပြီးနောက်၊ အမွေဆိုင် ပစ္စည်းဖြစ်သော ယင်းစိန်ရွှေ ရတနာများကို ဒေါ်ကြည်ကြည်နှင့် မောင်နှစ်မ တစုက တူးဖော်လိုသောအခါ ဦးဘဟန်က ခွင့်မပြုသဖြင့် မကျေမနပ် ဖြစ်ကြသည်။ ဒေါ်ကြည်ကြည်တို့က ဦးဘဟန်၊ ဇနီး ဒေါ်ခင်ခင်ထူးနှင့် မိဒွေး ဒေါ်လှလှတို့သည် အမွေ ပစ္စည်း စိန်ရွှေရတနာများ တဘက်သတ် အနိုင်ကျင့် အပိုင် စီးထားခြင်းကို တရားမျှတစွာ ဖြေရှင်းပေးပါရန် မန္တလေးမြို့၊ ပထမ အရှေ့တောင် ဒေသစိတ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီသို့ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တိုင်ကြားသည်။ မန္တလေးမြို့မ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီသို့ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့၊ ၁၉၆၇ ခုနှစ် မတ်လ ၁ ရက်နေ့၊ ၁၉၆၇ ခုနှစ် မတ်လ ၂၃ ရက်နေ့နှင့် ၁၉၆၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့စွဲများဖြင့် ထပ်ဆင့် တိုင်ကြားသည်။ အဆိုပါ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီများက ဒေါ်ကြည်ကြည်တို့ဘက် နှင့် ဦးဘဟန်တို့ဘက်ကို ခေါ်ယူ ဆွေးနွေး စေ့စပ်သော်လည်း မအောင်မြင်ပေ။ ၁၉၆၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဒေါ်ကြည်ကြည်သည် မန္တလေးမြို့ ၂ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၌ ဦးဘဟန်၊ ဒေါ်ခင်ခင်ထူးနှင့် ဒေါ်လှလှတို့အပေါ် ခိုးမှုဖြင့် တရားစွဲဆိုသည်။ ၁၉၆၇ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဒေါ်ကြည်ကြည်နှင့် မောင်နှစ်မ ၄ ယောက်တို့က ဦးဘဟန်၊ ဒေါ်ခင်ခင်ထူးနှင့် ဒေါ်လှလှတို့သည် အမွေဆိုင် ပစ္စည်းများကို မတရား ရယူထားသဖြင့် မန္တလေးတိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီသို့ တရားသဖြင့် ဖြစ်အောင် ဆောင်ရွက်ပေးရန် လျှောက်ထားသည်။ ယင်းလျှောက်လွှာတွင် မန္တလေးတိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ အတွင်းရေးမှူး ဗိုလ်ကြီး မောင်ထွန်းက မှတ်ချက်ရေး၍၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ (နမက) အတွင်းရေးမှူး ဒု-ဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃) ထံ ပို့သည်။ ဒု-ဗိုလ်မှူးကြီး မင်းနောင်က ထပ်ဆင့်၍ မှတ်ချက်ရေးသားပြီး တိုင်းမှူး ဗိုလ်မှူးကြီးစိန်မြ (အယူခံတရားလို) ထံ တင်ပြသည်။

တိုင်းမှူး ဗိုလ်မှူးကြီး စိန်မြသည် မိမိ၏ လက်အောက် အရာရှိများ ဖြစ်သော မန္တလေး အမှတ် ၁ ထောက်လှမ်းရေး တပ်၊ တပ်မှူး ဒု-ဗိုလ်မှူးကြီး တင်ထွန်း (လိုပြ-၂)၊ (နမက) အတွင်းရေးမှူး ဒု-ဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃)၊ အနောက်

၁၉၇၄
ဦးစိန်မြ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

မြောက်တိုင်း စစ်ဌာနချုပ် စစ်ဦးစီးမှူး (ဒုတိယတန်း) (စစ်ဆင်ရေးနှင့် ထောက်လှမ်းရေး) ဒု-ဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄)၊ မန္တလေးမြို့မ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူး ကိုကိုကြီး (လိုပြ-၅)၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဦးစီး (ပထမတန်း) (စစ်ဆင်ရေးနှင့်ထောက်လှမ်းရေး) ဒု-ဗိုလ်မှူးကြီး တင်ကိုကို (လိုပြ-၇) တို့ကို အသီးသီး ခေါ်တွေ့၍ ဤကိစ္စကို ဖြေရှင်းပေးရန် နှုတ်ဖြင့် ညွှန်ကြားချက်အရ ဦးဘဟန်၊ ဒေါ်ခင်ခင်ထူး၊ ဒေါ်လှလှနှင့် ဦးခင်မောင်သိန်းတို့အား လည်းကောင်း၊ ထိုသူများနှင့် ခင်မင်သော ဦးသိန်းနှင့် ထမင်းချက် ဒေါ်တင်တို့အားလည်းကောင်း ဖမ်းဆီး ချုပ်နှောင်ခြင်းများ အပြင် ပူးပေါင်း ထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ ကွပ်ကဲမှုဖြင့် အထက်ပါ ဖမ်းဆီး ချုပ်နှောင် ထားသူများအား ညှဉ်းပမ်း စစ်ဆေးခြင်းများ ဖြစ်ပေါ် လာလေသည်။

ဒု-ဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃) က၊ တိုင်းမှူး ဗိုလ်မှူးကြီး စိန်မြထံမှ ဖမ်းဆီးရန် နှုတ်မိန့် ရရှိသည်ဟု ထွက်ဆိုသည်။ ဒု-ဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄) က ၎င်းအား ထောက်ခံထွက်ဆိုသည်။ ဗိုလ်မှူး ကိုကိုကြီး (လိုပြ-၅) က ဒု-ဗိုလ်မှူးကြီး မင်းနောင်၏ နှုတ်ဖြင့်တဆင့် ညွှန်ကြားချက်အရ ဖမ်းဆီးပါသည်ဟု ထွက်ဆိုသည်။

ဦးဘဟန်၊ ဒေါ်ခင်ခင်ထူး၊ ဦးခင်မောင်သိန်း၊ ဦးသိန်းနှင့် ဒေါ်တင်တို့အား မန္တလေး အကျဉ်းထောင်၌ ချုပ်နှောင်ထားသည်။ ဒေါ်လှလှအား မန္တလေးစစ်အကျဉ်းထောင်၌ ချုပ်နှောင်ထားသည်။

ဦးဘဟန်၊ ဒေါ်ခင်ခင်ထူးနှင့် ဦးခင်မောင်သိန်းတို့ အကျဉ်းထောင်သို့ ရောက်လာသောနေ့သည် ၁၉၆၇ ခု ဇွန်လ ၁၉ ရက်နေ့ ဟူ၍၎င်း၊ ဦးသိန်းနှင့် ဒေါ်တင်တို့ အကျဉ်းထောင်သို့ ရောက်လာသောနေ့သည် ၁၉၆၇ ခု ဇွန်လ ၂၅ ရက်နေ့ ဟူ၍၎င်း၊ ဗိုလ်မှူး မောင်မြင့် (လိုပြ-၁၇) က ထွက်ဆိုသည်။ စစ်အကျဉ်းထောင်သို့ ဒေါ်လှလှသည် ၁၉၆၇ ခု၊ ဇွန်လ ၂၀ ရက်နေ့တွင် ရောက်လာသည်ဟု ဗိုလ်ကြီး မောင်ကြီး (လိုပြ-၁၉) က ထွက်ဆိုသည်။

ဦးဘဟန်၊ ဒေါ်ခင်ခင်ထူး၊ ဦးခင်မောင်သိန်း၊ ဒေါ်လှလှ၊ ဦးသိန်းနှင့် ဒေါ်တင်တို့အား ဖမ်းဆီး ချုပ်နှောင်ခြင်းကို ပုဒ်မ မတပ်၊ အမိန့်စာမပါ၊ အမှုမဖွင့်ဘဲ ပြုလုပ်ခဲ့ပြီးနောက် ပထမစတင် ဖမ်းဆီးသည့်နေ့မှ ရက်ပေါင်း ၂၀ ခန့်ကြာမှ ရဲကြီးကြပ်ရေးမှူး ဦးစော (လိုပြ-၁၅)၊ ခရိုင်ဝန် ဦးအောင်တိုး (လိုပြ-၁၄) နှင့် ခလက ဥက္ကဋ္ဌ ဗိုလ်မှူး ခင်မောင်ထွန်း (လိုပြ-၁၆) တို့က တရားဥပဒေ ဘောင်ဝင်အောင် နောက်ကြောင်းပြန်ရက်စွဲဖြင့် အမိန့်များထုတ်ရန် စီစဉ်ပေးရသည်။ သို့ရာတွင် ပြည်သူ့ငြိမ်ဝပ် ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) ဥပဒေ ပုဒ်မ ၅ အရ ထုတ်သော ယင်းအမိန့်များသည် အမှန်တကယ် ဖြစ်ရပ်နှင့် အပ်စပ်ခြင်းရှိပုံ မပေါ်ပေ။

၁၉၇၇

ဦးစိန်မြ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

တရားဥပဒေနှင့် အညီ မဟုတ်ဘဲ ချုပ်နှောင်ခြင်း ခံရပြီးနောက်၊ ညှဉ်းပန်းနှိပ်စက်ခြောက်လှန့်၍ မေးမြန်းသဖြင့် ဦးဘဟန်နှင့် ဒေါ်ခင်ခင်ထူးတို့က ထုတ်ဖော်ပြောချက်အရ စိန်ရွှေရတနာ ပစ္စည်းများ ပြန်ရသည်။ ၁၉၆၈ ခု ဩဂုတ်လ ၃ ရက်နေ့တွင် ကျေးအေးကြောင်း လက်မှတ်ရေးထိုးပြီးနောက်၊ ဦးဘဟန်နှင့် အပေါင်းပါများကို ချုပ်နှောင်ထားခြင်းမှ လွှတ်လိုက်သည်။

ယင်းကဲ့သို့ ခြောက်လှန့်၍ ထုတ်ဖော်ပြောပြချက်ယူရန်နှင့် ပစ္စည်းပြန်ပေးအောင် အဘင်းအခမ့်ပြုရန် မတရားချုပ်နှောင်ခြင်းအတွက် အမိန့်ပေးသူအယူခံ တရားလိုတွင် တာဝန်ရှိကြောင်း သက်သေခံ အထောက်အထား ပြည့်စုံသည်ဟု အထူးရာဇဝတ်ရုံးက ယူဆ၍ အယူခံတရားလိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၈ အရ စွဲချက်တင်ခဲ့သည်။ အယူခံတရားလိုက ထိုစွဲချက်ကို ဝန်မခံသော်လည်း တွန်းလှန်ပယ်ဖျက်ရန် သက်သေခံ အထောက်အထား ပြနိုင်စွမ်း မရှိဟု အထူးရာဇဝတ်ရုံးက ယူဆ၍ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ယင်းကဲ့သို့ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ တရားဥပဒေနှင့် ကိုက်ညီမှန်ကန်သည်ဟု အတည်ပြုအဖွဲ့က ထင်မြင်ယူဆ၍ အတည်ပြုခဲ့ပါသည်။ အထူး ရာဇဝတ်ရုံးက သတ်မှတ်သော အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃နှ (သုံးနှစ်ခွဲ) ကိုလည်း အတည်ပြုအဖွဲ့က အတည်ပြုခဲ့သော အမှုဖြစ်သည်။

ဤအယူခံမှုနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် အယူခံတရားလိုဘက်မှ အကျိုးဆောင်၏ လျှောက်ထားချက်များကိုလည်းကောင်း၊ အယူခံတရားခံဘက်မှ အကျိုးဆောင်၏ လျှောက်ထားချက်များကိုလည်းကောင်း အသေးစိတ် လေ့လာခဲ့ကြသည်။ အယူခံတရားလိုဘက်မှ လျှောက်ထားသည့် အဓိကအချက်များမှာ (၁) ဦးဘဟန် ပါ ၆ ဦးတို့အား အယူခံတရားလိုက ဖမ်းဆီးခိုင်းကြောင်း အထောက်အထား ခိုင်လုံစွာ မရှိကြောင်း၊ (၂) တရားလိုပြသက်သေများ၏ ရှေ့နောက်မညီ ကွဲလွဲဆန့်ကျင်စွာထွက်ဆိုချက်များကို လက်ခံပြီး အပြစ်ပေးရန် မသင့်ကြောင်းနှင့် (၃) တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များမှာ ဒွိဟဖြစ်ရာ အကြောင်းများ ပေါ်ပေါက်နေသဖြင့် အယူခံတရားလိုအား အပြစ်မပေးထိုက်ကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားခဲ့သည်။

ဦးဘဟန် ပါ ၆ ဦး တို့အား အယူခံတရားလိုက ဖမ်းဆီးခိုင်းကြောင်း အထောက်အထား ခိုင်လုံစွာ မရှိပါဟူသော အချက်သည် ဤအမှုနှင့် ပတ်သက်ပြီး အရေးကြီးဆုံးသော အချက်ဖြစ်၍ လေးလေးနက်နက် စဉ်းစားရပေမည်။ ဥပဒေ၏ သဘောအရဆိုလျှင် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း ခိုင်ခိုင်လုံလုံ သက်သေထူရန်တာဝန်မှာ တရားလိုအပေါ်တွင် တည်ရှိပေသည်။ တရားလိုသည် ခိုင်လုံစွာ သက်သေမပြနိုင်လျှင် တရားခံအား အပြစ်မပေးဘဲ လွှတ်ရမည်သာ ဖြစ်ပေသည်။ ဤအမှုနှင့် ပတ်သက်၍

၁၉၇၄

ဦးစိန်မြ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

အဓိက သက်သေများမှာ ဒု-ဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃)၊ ဒု-ဗိုလ်မှူးကြီး တင်ထွန်း (လိုပြ-၂)၊ ဒု-ဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄) နှင့် ဦးကိုကိုကြီး (လိုပြ-၅)တို့ ဖြစ်ပေသည်။

ဒု-ဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃) က——

"တိုင်းမှူးက ဦးဘဟန်၊ ဒေါ်လှလှ၊ ဒေါ်ခင်ခင်ထူးနှင့် ဦးခင်မောင်သိန်းတို့အား ဗလက ဥက္ကဋ္ဌ ဗိုလ်မှူး ကိုကိုကြီးကို ဖမ်းခိုင်းလိုက်၊ ခရိုင်ဝန် ဦးအောင်တိုးအား ဖမ်းဆီးခြင်းများကို ဘောင်ဝင်အောင် (Legalise) လုပ်ခိုင်းလိုက်ဟု အမိန့်ပေးပါသည်။ ကျွန်တော် တိုင်းမှူးအခန်းမှ ထွက်လာသောအခါ ဗိုလ်မှူး စိုးနိုင် အခန်းမှဖြတ်လာစဉ် ဗိုလ်မှူး စိုးနိုင်ကို၊ တိုင်းမှူးကတော့ ကျွန်တော့်အား ဦးခင်မောင်သိန်း၊ ဦးဘဟန်၊ ဒေါ်ခင်ခင်ထူးနှင့် ဒေါ်လှလှတို့ကို ဖမ်းခိုင်းဘို့ ညွှန်ကြားလိုက်သည်ဟု ပြောပါသည်"

ဟု ထွက်ဆိုခဲ့သည်။ တဖန် ဒု-ဗိုလ်မှူးကြီး မင်းနောင်ကပင်——

"စစ်၍ တပတ်လောက်ကြာလျှင် မပေါ်နိုင်သဖြင့် ဗိုလ်မှူး တင်ထွန်းရုံးတွင် အားလုံးစု၍ ပြန်လည်သုံးသပ်ကြပြီး ဆက်လက်စစ်ဆေးဘို့ ဆုံးဖြတ်လိုက်ပါသည်။ တိုင်းမှူးထံ အမှု၏ အခြေအနေကို နှုတ်ဖြင့်တင်ကြပါသည်။ အမှုမပေါ်မီ တိုင်းမှူးကိုတင်ပြရာတွင် မျက်နှာမသာလှသော်လည်း၊ ဦးဘဟန် ဖြောင့်ချက်ပေးမည် ပြောသောအခါ တိုင်းမှူးထံ အမြန်တင်ပြကြပါသည်။ တိုင်းမှူးထံ တင်ပြသောအခါ ဦးဘဟန် ဖြောင့်ချက်ပေး၍ မလုံလောက်သေး၊ ပစ္စည်းများ လက်ရောက် မရသေး၍ မသေချာသေးဟု တိုင်းမှူးမှပြောပါသည်။ ပစ္စည်းများ လက်တဲရောက်အောင်လုပ်ပြီးမှ သေချာမယ်လို့ ပြောပါသည်"

ဟု ထွက်ဆိုခဲ့သည်။

ဒု-ဗိုလ်မှူးကြီး တင်ထွန်း (လိုပြ-၂) က——

"ကျွန်တော်နှင့် ဗိုလ်မှူး စိုးနိုင်တို့တိုင်းမှူးက မှုလခေါ်ပြီး ညွှန်ကြားစဉ်ကပင် ဤကိစ္စကို အရေးယူကာ မည်ကဲ့သို့ တိုးတက်မှုရှိသည်ကို နေ့စဉ် တင်ပြဘို့ ညွှန်ကြားလိုက်ပါသည်။ အခါအားလျော်စွာ တိုးတက်မှု ရှိသည်ကိုတင်ပြရမည်ဟု ညွှန်ကြားလိုက်ပါသည်"

ဟု ထွက်ဆိုခဲ့သည်။ တဖန် ဒု-ဗိုလ်မှူးကြီး တင်ထွန်းက——

"မူလက ရဲအချုပ်တွင်ထားသော ဒေါ်လှလှအား၊ နောက် နန်းတွင်း စစ်အကျဉ်းထောင်သို့ ပြောင်းရွှေ့ထားသည်။ ပြန်လည်သုံးသပ်သော အဖွဲ့က

လုပ်ငန်းသဘောအရ ခွဲချုပ်မှုဖြစ်မည်ဟု ဆုံးဖြတ်၍ ခွဲချုပ်ထားခဲ့ ပါသည်။ ဤကဲ့သို့ ချုပ်ထားခြင်းကို တိုင်းမှူးအား တင်ပြပါသည်။ ကျွန်တော်တို့ တင်ပြသောအခါ တိုင်းမှူးက နားထောင်ပြီး ဘာမျှမပြောပါ။ တိုင်းမှူးက ဖမ်းထားသော အမျိုးသမီးများမှာ အမျိုးသားများထက် စိတ်အားငယ်သူ ဖြစ်၍ မြန်မြန်ဆန်ဆန် ဖြောင့်ချက်ပေးမည် ဖြစ်၍ ဦးစားပေး စစ်ဆေးရန် ညွှန်ကြားပါသည်။ ညွှန်ကြားချက်အတိုင်း စစ်ဆေးပါသည်"

၁၉၇၄

ဦးစိန်မြနှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်။

ဟု ထွက်ဆိုခဲ့သည်။ ထို့ပြင်—

"ဦးဘဟန်၏ ဖြောင့်ချက်အရနှင့် ဒေါ်ခင်ခင်ထူး တို့၏ ဖြောင့်ချက် အရ ပစ္စည်းများကို သိမ်းဆည်းပြီးနောက် ကျွန်တော်နှင့် ဗိုလ်မှူး စိုးနိုင် တိုင်းမှူးထံ သွားရောက် အစီရင်ခံပါသည်။ ဤကဲ့သို့ တင်ပြသောအခါ တိုင်းမှူးက ၂ ဦး ၂ ဘက် ကာယကံရှင်များကို ခေါ်၍ ကျေနပ်အောင် နယ်ဘက် အရာရှိများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးရန် ညွှန်ကြားပါသည်"

ဟု ထွက်ဆိုခဲ့သည်။

ဒု-ဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄) က—

"ဦးဘဟန်တို့အား ပုဒ်မ ၅ ဖြင့်ဖမ်းရန်ကိစ္စ ဗိုလ်မှူး မင်းနောင်က ကျွန်တော့် အခန်းမှ ဖြတ်သွားသော အခါ တိုင်းမှူးက ပုဒ်မ ၅ ဖြင့် ဖမ်းရန် အမိန့်ပေးလိုက်ကြောင်း ပြောပါသည်။ ဆက်လုပ်ပါဟု ကျွန်တော်က ပြောပါသည်။ နောက် ဦးအောင်တိုးနှင့် ဗိုလ်မှူး ကိုကိုကြီးတို့အား ခေါ်ပြီး ၎င်းကတဆင့် ညွှန်ကြားသည်ကိုလည်း ကြားလိုက်ပါသည်"

ဟုထွက်ဆိုခဲ့သည်။ ထို့ပြင်၊ ဒု-ဗိုလ်မှူးကြီး စိုးနိုင်က—

"ပူးပေါင်း ထောက်လှမ်းရေးအဖွဲ့မှ သုံးသပ်ပြီး ဦးသိန်းနှင့် ဒေါ်တင်တို့အား ဖမ်းရန်လိုကြောင်း တိုင်းမှူးထံတင်ပြ၍ တိုင်းမှူးက ညွှန်ကြားသဖြင့် ဖမ်းရပါသည်။ တိုင်းမှူးထံသို့ တခါတရံ ကျွန်တော်တင်ပြ၍ တခါတရံ ကျွန်တော်နှင့် ဗိုလ်မှူး မင်းနောင် တင်ပြပါသည်။ ဦးသိန်းနှင့် ဒေါ်တင်တို့အား ဖမ်းရန် ကိစ္စကို စစ်ကြောမှုအပေါ် တည်၍ တိုင်းမှူးက ဖမ်းဘို့ အမိန့်ပေးပါသည်။"

ဟု ထွက်ဆိုခဲ့သည်။

ဦးကိုကိုကြီး (လိုပြ-၅) က —

"တနေ့တွင် ဤအမှုနှင့် ပတ်သက်၍ ကျွန်တော်နှင့် ခလရ ၃၃ ဗိုလ်မှူး ခင်မောင်ထွန်းတို့အား တိုင်းမှူးမှ ခေါ်ယူပါသည်။ တိုင်းမှူးက ဦးသက်ထွန်း

အမှုကိစ္စ ဘာဆောင်ရွက်သလဲမေးသောအခါ၊ ကျွန်တော်က ဦးသက်ထွန်း သေဆုံးပြီးနောက် သိုဝှက်ထားခဲ့သော သမီးနှင့်အတူ မြှုပ်ထားခဲ့သော ပစ္စည်းများကို သား မောင်ဘဟန်က ထုတ်ယူပြီး အိမ်ပေါ်ကိုလည်း မတက်ရဟု သမီးများအား တားထားကြောင်း စုံစမ်းသိရှိရပါသည်”

ဟု တိုင်းမှူးအား တင်ပြပါသည်။ ထိုအခါ တိုင်းမှူးက——

“ဒီကိစ္စမှာ အမှုမှုမဟုတ်ဘဲ၊ ခိုးမှုဘဲဟု ကျွန်တော်တို့အား ပြောပါသည်။ ၁၉၆၈ ခု ဇွန်လ ၁၈ ရက်နေ့တွင် တိုင်းမှ (ဂျီတူး) ဖြစ်သူ ဗိုလ်မှူး မင်းနောင်မှ ကျွန်တော့်အား တယ်လီဖုန်းဆက်၍ ခေါ်ပါသည်။ သွားသောအခါ ရုံးတွင် အရေးပိုင် ဦးအောင်တိုးပါ တွေ့ရပါသည်။ ဗိုလ်မှူး မင်းနောင်က ကျွန်တော်တို့အား ဦးဘဟန်၊ ဦးဘဟန်၏ ဇနီး ဒေါ်ခင်ခင်ထူး၊ ဦးဘဟန်၏ ယောက္ခမ ခေါ်ခင်ခင်ထူး၏ အဖေ၊ ဦးသက်ထွန်း၏ ဇနီး ဒေါ်လှလှတို့အား ဖမ်းဆီးဘို့ ညွှန်ကြားပါသည်။ နှုတ်ဖြင့်သာ ညွှန်ကြားပါသည်”

ဟု ထွက်ဆိုခဲ့သည်။ ထို့ပြင် ဦးကိုကိုကြီးက——

“ဗိုလ်မှူး မင်းနောင်မှာ ဖမ်းဆီးနိုင်သော အခွင့်အရေးမရှိပါ။ ၎င်း၏ ညွှန်ကြားခြင်းမှာ အစဉ်အလာအရ တိုင်းမှူး၏ ညွှန်ကြားချက်ဖြင့်သာ ဆက်လက် ညွှန်ကြားနိုင်ပါသည်။ များသောအားဖြင့်တိုင်းမှူးမှ တိုက်ရိုက်မဟုတ်ဘဲ ရာထူး အရ အောက်မှ အရာရှိများမှ အမိန့်ပေးလေ့ရှိပါသည်။ ဤကဲ့သို့ လိုက်နာ ဆောင်ရွက်ရခြင်းမှာ တပ်၏ လုပ်ရိုးလုပ်စဉ် သဘောဖြစ်ပါသည်။ ဤဖမ်းဆီး သောကိစ္စများမှာညွှန်ကြားချက်အပေါ် မူတည်၍ဆောင်ရွက်ခြင်းဖြစ်ပါသည်”

ဟုထွက်ဆိုခဲ့သည်။

အထက်ဖော်ပြပါ တရားလိုပြ သက်သေတို့၏ ထွက်ချက်များ အပေါ်တွင် သေချာစွာ လေ့လာသုံးသပ်လျှင်၊ တိုင်းမှူးသည် ဤအမှုတွင် စိတ်ပါဝင်စားစွာ ဆောင်ရွက်နေကြောင်း ပေါ်လွင်ပေသည်။ အယူခံတရားလိုက ဦးဘဟန် ပါ ၆ ဦးတို့အား အဖမ်းခိုင်းကြောင်းမှာ အထက်ပါ အစိုက သက်သေများ၏ ထွက်ချက်များကို ပေါင်းစပ် လေ့လာကြည့်ခြင်းအားဖြင့် ထင်ရှား ပေါ်လွင်နေပေသည်။ တရားလိုပြ သက်သေတို့၏ ထွက်ဆိုခြင်းမှာ တဦးနှင့်တဦး အပြန်အလှန် ထောက်ခံသည် အချက်များ ပါရှိရုံတွင်မက၊ သဘာဝကျသော အချက်များလည်း ပါဝင်နေသောကြောင့်၊ အယူခံ တရားလိုက ဖမ်းဆီးခိုင်း၍ ဦးဘဟန် ပါ ၆ ဦးတို့အား ဖမ်းဆီးရခြင်းသဘောမှာ ယုံမှားသံသယမရှိဘဲ လက်ခံရမည်သာ ဖြစ်ပေသည်။

၁၉၇၄
ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

အယူခံ တရားလို၏ အကျိုးဆောင်က တရားလိုပြသက်သေများ၏ ရှေ့နောက်မညီ ကွဲလွဲဆန့်ကျင်စွာ ထွက်ဆိုချက်များကို လက်ခံပြီး အပြစ်ပေးရန် မသင့်ဟု လျှောက်ထားခဲ့ခြင်းကိုလည်း ကျွန်ုပ်တို့ အလေးအနက် စဉ်းစားကြပေသည်။ တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များကို လေ့လာကြည့်ရာတွင် ကွဲလွဲမှုများအချို့ရှိနေသည်ကို တွေ့ရှိရပေသည်။ ယင်းကွဲလွဲချက်အရ တရားလိုပြ သက်သေများအပေါ်တွင် လုံးဝမယုံကြည်ထိုက်ဟု ယူဆရန်လည်း မဖြစ်နိုင်ပေ။ ဤအမှုမှာ အမှုဖြစ်ပွားပြီး ၅ နှစ်ကြာပြီးသော အခါတွင်မှ စစ်ဆေးရသော အမှုဖြစ်ပေသည်။ နှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့ပြီးဖြစ်၍ အချင်းဖြစ်စဉ်က နေ့ရက်များကို တိကျစွာ မှတ်မိနိုင်ရန် မဖြစ်နိုင်ပေ။ သက်သေများ အနေဖြင့် အမှန်းအဆအားဖြင့်သာလျှင် ထွက်ဆိုနိုင်ကြပေလိမ့်မည်။ မည်သူမဆို လွန်ခဲ့သည့် တနှစ်ခန့်က ဖြစ်ပွားခဲ့သည့် အကြောင်းအရာများကို နေ့ရက်များနှင့်တကွ တိကျစွာ မှတ်မိရန်မှာ သဘာဝအလျောက် မဖြစ်နိုင်ချေ။ ယခုအမှုတွင်လည်း ၅ နှစ်မျှပင် ကြာမြင့်ခဲ့ပြီဖြစ်၍ သဘာဝအလျောက် နေ့ရက်များကို တိတိကျကျ မှတ်မိနိုင်ရန်မှာ လုံးဝမဖြစ်နိုင်ပေ။ အထူးရာဇဝတ် အယူခံရုံးမှ **မောင်စောဖေ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၁)စီရင်ထုံး၌...**

* * * *

> သက်သေတဦးသည် ကွဲလွဲစွာ ထွက်ဆိုရုံမျှနှင့် ၎င်းကို လုံးဝမယုံကြည်ထိုက်ဟူ၍လည်း မဆိုသာ၊ မေ့လျော့ ကွဲလွဲခြင်းလည်း ဖြစ်နိုင်သည်။ အမှုအခင်းဖြစ်ပွား ပြီးသည့်နောက် အချိန်ကြာမြင့် လာသောအခါ၊ "ဖြစ်ပြီးတာ ဖြစ်ပါစေ၊ တရားခံ အပေါ်တွင်လည်း ပေါ့ပါစေ" ဟူသော လွဲမှားသော စေတနာ ကရုဏာဖြင့် လျော့ပေါ့၍ ထွက်ခြင်းမျိုးလည်း ရှိနိုင်သည်"

ဟုစီရင်ထုံး ဖွဲ့ထားသည်ကို တွေ့ရှိရသည်။ ထို့အပြင် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့မှ **ဗိုလ်ကြီး အောင်ဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၂)**အမှု၌

* * * *

> သက်သေတဦး၏ စကားတခွန်းကို မယုံကြည်ရုံမျှနှင့် သူပြောသော အခြားစကားဟူသမျှ မုသားဖြစ်ရမည် မဆိုသာ။ ဆန်ကွဲနှင့်ဆန် ခွဲခွါ၍ ထုတ်ရသကဲ့သို့ အမှန်နှင့် မုသားကိုလည်း ခွဲခြမ်းစိတ်ဖြာ၍ ထုတ်ယူရသည်။

ဟုစီရင်ထုံး ဖွဲ့ထားသည်ကို တွေ့ရသည်။ အထက်ပါ အထူးရာဇဝတ် အယူခံအဖွဲ့မှ ဆုံးဖြတ်ထားခြင်းကို မူအားဖြင့် ကျွန်ုပ်တို့က သဘောတူသည်။ သို့ဖြစ်၍ ကွဲလွဲသည့်

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၊ စာ ၅၇။
(၂) ၁၉၆၅-၁၉၇၁ ခုနှစ်၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ၊ စာ ၂၉၂။

၁၉၇၄ — ဦးစိန်မြနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

ထွက်ဆိုချက်များ ရှိနေ၍ အပြစ်မပေးနိုင်ကြောင်းဖြင့် အယူခံတရားလို၏အကျိုးဆောင် လျှောက်လဲချက်ကို ကျွန်ုပ်တို့ လက်မခံနိုင်ပေ။

အယူခံတရားလို၏ အကျိုးဆောင်က တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များမှာ ဒွိဟဖြစ်ရာအကြောင်းများ ပေါ်ပေါက် နေသဖြင့် အယူခံ တရားလိုအား အပြစ် မပေးထိုက်ကြောင်းဖြင့် လျှောက် ထား ခြင်း ကို လည်း ကျွန်ုပ်တို့ အလေးအနက် စဉ်းစားကြသည်။ ဤအမှုတွင် တရားလိုပြသက်သေ အချို့တို့၏ ထွက်ဆိုချက် ကွဲလွဲမှု ရှိနေခြင်းနှင့် မူလစစ်ဆေးစဉ်အခါက မထွက်ဆိုပဲ၊ ကျင့်ထုံးပုဒ်မ ၅၄၀ အရ၊ မေးမြန်းသော အခါတွင်မှ ထွက်ဆိုခြင်းကို တွေ့ရှိရပေသည်။ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များ ကွဲလွဲရခြင်းမှာ အထက်က ဖေါ်ပြခဲ့သည့်အတိုင်း အချိန် ကြာမြင့်ခဲ့ပြီဖြစ်၍ နေ့ရက်များကို မမှတ်မိဘော့ပဲ စိတ်အမှန်းအဆ အားဖြင့်သာလျှင် ထွက်ဆိုခဲ့ခြင်း ဖြစ်သဖြင့် ကွဲလွဲမှုရှိခြင်း ဖြစ်ပေသည်။ ၎င်းတို့ အမှန်တရားကို ထွက်ဆိုခြင်းမရှိဟု ကျွန်ုပ်တို့က ယူဆရန်မဖြစ်နိုင်ပေ။ ထို့ပြင် သက်သေအချို့က မူလစစ်ဆေးစဉ် အခါက ထွက်ဆိုခြင်းမပြုပဲ၊ ကျင့်ထုံးပုဒ်မ ၅၄၀ အရ ရုံးမှခေါ်ယူစစ်ဆေးသောအခါတွင် ထွက်ဆိုခြင်းမှာလည်း မူလစစ်ဆေးစဉ်အခါက တရားခံမှာ မိမိ၏ အကြီးအကဲ ဖြစ်နေသဖြင့် ကြောက်ရွံ့အားနာခြင်း ရှိသောကြောင့် မထွက်ဆိုခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် မေ့လျော့၍ မထွက်ဆိုခြင်းလည်း ဖြစ်နိုင်သည်။ ရုံးမှစစ်ဆေးသော အခါတွင် အမှန်တရားကို ဖုံးကွယ်ရန် မဖြစ်နိုင်၍ အမှန်အတိုင်း ထွက်ဆိုခြင်းဖြစ်သည်။ အမှုတမှုကို ဆုံးဖြတ်ရာ၌ ၎င်းအမှုနှင့် ပတ်သက်သည့် အချက်အလက်များ ပြည့်ပြည့်စုံစုံ ရရှိဖို့ အထူးလိုအပ်ပေသည်။ အချက်အလက်များပေါ်တွင် မူတည်၍ စီရင်ဆုံးဖြတ်ရခြင်း ဖြစ်သဖြင့် အချက်အလက်များ မပြည့်စုံခဲ့လျှင် အမှန်တရား မပေါ်ထွက်နိုင်ပဲ တရားလမ်းကြောင်း တိမ်းစောင်းသွားနိုင်စရာရှိသည်။ သို့ဖြစ်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၄၀ အရ၊ တရားရုံးမှ အမှန်တရား စီရင်နိုင်စေခြင်း အလို့ငှါ အမှုနှင့်ပတ်သက်သည့် သက်သေများကို မည်သည့် အချိန်တွင်မဆို တရားရုံးက စစ်ဆေး စီရင်နိုင်ရန်အတွက် ပြဋ္ဌာန်း ထားခဲ့ပြီး ဖြစ်ပေသည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၄၀ အရ၊ စစ်ဆေးသည့် ထွက်ဆိုချက်မှာ တရားဝင်သည့် ထွက်ဆိုချက်များပင် ဖြစ်ပေသည်။ သို့ဖြစ်၍ တရားလိုပြ သက်သေတို့အပေါ်တွင်သံသယရှိစရာ မလိုပေ။

အယူခံတရားလို၏ အကျိုးဆောင်က အမှုတွဲတွင် ပေါ်လွင်သည့် ဗိုလ်ကြီးမောင်ထွန်း ဆိုသူအား၎င်း၊ ဗိုလ်မှူးဘိုနီ ဆိုသူအား၎င်း၊ ဦးညွန့်မောင် ဆိုသူအား၎င်း တရားလိုဖက်မှ သက်သေပြသခြင်း မပြုခဲ့သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၁၁၄ (ဆ) အရ၊ ဆန့်ကျင်ဖက် ယူဆရန်သာဖြစ်ကြောင်း လျှောက်ထားခဲ့သည်။ ယင်းသက်သေများနှင့် ပတ်သက်၍ တရားခံအနေနှင့် ကျင့်ထုံးပုဒ်မ ၅၄၀ အရ၊ ရုံးသို့ခေါ်ယူ စစ်ဆေး

၁၉၇၄

ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ပေးရန်အတွက် လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိပေသည်။ ထိုသက်သေများသည် တရားခံအား အထောက်အကူ ပေးနိုင်သည့် သက်သေများဟု ယူဆလျှင် တရားခံက ၎င်းသက်သေများအား ခေါ်ပေးရန်အတွက် ၎င်းသို့ လျှောက်ထားရန်သာ ဖြစ်သည်။ တရားလိုဘက်အနေဖြင့် ထိုသက်သေများမှာ အဓိက ကျသော သက်သေများမဟုတ်ဟုယူဆ၍သာမတင်ပြခြင်းဖြစ်နိုင်သည်။ ဤအမှုနှင့် ပတ်သက်၍ လေ့လာကြည့်ရာ၌ အဓိကကျသော သက်သေဟူသမျှမှာ ပြည့်ပြည့်စုံစုံ စစ်ဆေးထားပြီးဖြစ်၍ တရားလိုဘက်အနေဖြင့် အမှန်တရားကို ဖုံးကွယ်ထားသည်ဟုလည်း ယူဆရန် မဖြစ်နိုင်ပေ။ သို့ဖြစ်၍ တရားလိုအကျိုးဆောင်၏ လျှောက်ထားချက်မှာ အမှန်တရားကို စီရင်ရာတွင် အရေးကြီးသည့် အချက်မဟုတ်၍ လက်ခံနိုင်စရာ အကြောင်းမရှိပေ။

အယူခံတရားလို၏ အကျိုးဆောင်က သက်သေခံ စာရွက်စာတမ်းများ အရ ဦးဘဟန်ပါ ၆ ဦးတို့အား ဖမ်းဆီးခြင်းမှာ ဥပဒေအရ မတရား ဖမ်းဆီးချုပ်နှောင်ခြင်း မဖြစ်နိုင်ပါဟု လျှောက်ထားခဲ့ခြင်းကိုလည်း ကျွန်ုပ်တို့ကအလေးအနက် စဉ်းစားကြသည်။ ဦးကိုကိုကြီး (လိုပြ-၆) က—

"ဖမ်းစဉ်က ပုဒ်မ တပ်မဖမ်းပါ။ နောက် ပုဒ်မ ၅ နှင့် ချုပ်ပါသည်။ ပုဒ်မ ၅ နှင့် ပတ်သက်သော ကိစ္စများကို ကိုင်ရပါ၍ ကျွန်တော် သိခြင်း ဖြစ်ပါသည်။ ဖမ်းဆီးသော အချိန်နှင့် ပုဒ်မ ၅ ဖြင့် ဖမ်းပြီးသော အချိန်မှာ ရက် ၂၀ လောက် ကွာပါသည်။ ဖမ်းသည့်အခါ ပုဒ်မ မပါ၍ အကြောင်းမဲ့ ဖမ်းသကဲ့သို့ ဖြစ်ပါသည်။ ဗလက ညွှန်ကြားချက် အရ၊ ပုဒ်မ ၅ နှင့် ဖမ်းရန် ကိစ္စများ နှင့် ယခု ဖမ်းသော ကိစ္စမှာ မကိုက်ညီပါ"

ဟု ထွက်ဆိုခဲ့သည်။ ဦးအောင်တိုး (လိုပြ-၁၄) က—

"ပြီးခဲ့သော ကိစ္စကို ဘောင်ဝင်အောင် ပြန်လုပ်ရသော ကိစ္စ ဖြစ်သည့် အပြင် ဇွန်လ ၁၉ ရက်နေ့မှ စ၍၊ ပုဒ်မ ၅ ဖြင့် ဖမ်းသည် ဆိုသော ကိစ္စမှာလည်း နောက်ကြောင်းပြန် ရက်စွဲ တပ်ရသော ကိစ္စ ဖြစ်ပါသည်။ ချုပ်ရန် သဘောတူသော ရက်မှာ ဖမ်းဆီး ထားသော ရက်ထက် ၁၅ ရက်လောက် နောက်ကျမည် ထင်ပါသည်"

ဟုထွက်ဆိုခဲ့သည်။ ထိုထွက်ဆိုချက်များအရ ဦးဘဟန်ပါ ၆ ဦးတို့အား ပုဒ်မ မတပ်ပဲ ဖမ်းခြင်းဖြစ်သဖြင့် မတရားသဖြင့် ဖမ်းထားသည်ဟု ယူဆရန်သာ ရှိပါသည်။ ထို့အပြင် ပုဒ်မ ၅ ဖြင့်ဖမ်းဆီးသည့်ကိစ္စကိုကျွန်ုပ်တို့ စဉ်းစားကြရာတွင်ပုဒ်မ ၅ မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေနိုင်သည့် အခြေအနေပေါ်မှာသာလျှင် လည်းကောင်း၊ သို့မဟုတ် အများ ပြည်သူတို့အား အထိတ်တလန့် ဖြစ်စေရန် ကြံရွယ်၍ ပြုလုပ်လျှင် လည်းကောင်း အရေးယူရမည့် ဥပဒေ ပြဋ္ဌာန်းချက် ဖြစ်ပေသည်။ ယခုအမှုမှာ နိုင်ငံ

၁၉၇၄
ဦးစိန်မြ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

တော်၏ အရေးအခင်းနှင့်သော်လည်းကောင်း၊ အများပြည်သူတို့၏အရေးအခင်း နှင့် သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိပေ၊ အမွေဆိုင် အချင်းချင်း တဦး နှင့် တဦး အမွေရလို့မှုအတွက် ဖြစ်ပွားသည့် အမှုသာလျှင် ဖြစ်ပေသည်။ သို့ဖြစ်၍ ဤအမှုမှာ တရားမကြောင်းနှင့် သက်ဆိုင်သောအမှုမျိုးတွင် အကျုံးဝင်နေပေသည်။ သက်သေခံအမှတ် (ဟ) အရ၊ မန္တလေးမြို့ အရှေ့တောင် ဒေသစိတ်၊ အရှေ့တောင်မြို့နယ်ခွဲ၊ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီမှ ဒေါ်ကြည်ကြည်ပါ ၅ ဦးတို့နှင့် ဦးဘဟန်၊ ဒေါ်လှလှတို့အား တရားမကြောင်း ဖြစ်နေ၍၊ တရားရုံးသို့ လျှောက်ထားရန် အကြောင်း ကြားထားခြင်းကိုလည်း တွေ့ရှိရပေသည်။ ထို့ပြင် ဦးအောင်လတ် (လိုပြ ၁၇) က—

"၁၉၆၇ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှာ ဒေါ်ကြည်ကြည်က တရားလို ပြုလုပ်၍ တရားခံ ဦးဘဟန်၊ ဒေါ်လှလှ၊ ဒေါ်ခင်ခင်ထူးတို့အား ရာဇသတ် ပုဒ်မ ၃၇၉၊ ၄၁၁၊ ၄၁၄၊ ၄၁၆/၃၄ တို့အရ၊ တရားစွဲဆို ဦးတိုက် လျှောက် ထား ခဲ့ပါသည်။ တရားလိုအား စစ်ဆေးပါသည်။တရားလို အစစ်ခံချက် အရ၊ တရားခံများအပေါ် ရာဇသတ် ပုဒ်မ ၃၇၉၊ ၄၁၄၊ ၄၁၆/၃၄ အရ၊ အရေးယူရန်၊ သမ္မာန်စာ ထုတ်ယူရန် ချိန်းဆိုခဲ့ပါသည်။ သမ္မာန် နှင့် အတူ စာရင်းအရ ပစ္စည်းများ ကျင့်ထုံး ပုဒ်မ ၉၄ အရ၊ တင်ပြရန် နို့တစ် ထုတ်ခဲ့ပါသည်။ ရက်ချိန်းမှာ ၁၉၆၇ ခုနှစ် ဇွန်လ ၂၀ ရက်နေ့သို့ ချိန်းလိုက် ပါသည်။ ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် အမှုတွဲကို လေ့လာကြည့်ခြင်း အားဖြင့် အမှုသဘော အရ၊ အမွေဆိုင် ပစ္စည်းများနှင့် ပတ်သက်၍ ရှုတ်ထွေးနေသည်ကို တွေ့ရသဖြင့် တရားခံများ အပေါ် စွဲဆိုသည့် အတိုင်း မှန် မမှန် အထောက် အထား ပြည့်စုံစွာ သိရှိရန် ကျင့်ထုံး ပုဒ်မ ၂၀၂ (၁) အရ၊ သက်ဆိုင်ရာ ရဲစခန်းမှူး အား အမှတ် (၉) ရဲစခန်းမှူး ဦးစံထူးထံသို့ လိုက်ပါသည်"

ဟု ထွက်ဆိုခဲ့သည်။

သက်ဆိုင်ရာ တရားရုံးမှ ဥပဒေအရ တရားခံများကို အရေးယူနေဆဲ အချိန်တွင် တရားခံများကို ဖမ်းဆီးခြင်းမှာ တရားရုံး၏ လုပ်ရမည့် လုပ်ငန်းများကို ဝင်ရောက်၍ အနှောင့် အယှက် ပြုရာကျသည်။ သို့ဖြစ်၍ အယူခံ တရားလို၏ အကျိုးဆောင်က ဖမ်းဆီးသည့် ကိစ္စမှာ တရားသဖြင့် ဖမ်းဆီးခြင်းဟု တင်ပြသည့် အချက်ကို ကျွန်ုပ်တို့ အနေနှင့် လက်ခံ နိုင်စရာ မရှိပေ။

အယူခံ တရားလို၏ အကျိုးဆောင်က အယူခံ တရားလိုအား ရာဇသတ် ပုဒ်မ ၃၄၇ အရ၊ ပြစ်မှု ကျူးလွန်ခဲ့သည်ဟု ယူဆခဲ့သည့် တိုင်အောင် ရာဇသတ် ပုဒ်မ

ဂ္ဂဇ အရ၊ သဘောရိုးဖြင့် အမိန့်ပေးခဲ့ခြင်း ဖြစ်၍၊ အယူခံ တရားလိုဦးစိန်မြ အပေါ် တွင် မည်သို့မျှ အရေးယူ တရားစွဲဆိုပြီး အပြစ်ပေးခြင်း မပြုနိုင်ပါဟုလည်း လျှောက် ထားခဲ့သည်။

၁၉၇၄ — ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ရာဇသတ်ပုဒ်မ ဂ္ဂဇ အရ—

“ဥပဒေအရ၊ ပြုလုပ်ရန် တာဝန်ရှိသူက သော်၎င်း၊ ဥပဒေကို အယူအဆ လွဲခြင်းကြောင့် မဟုတ်ပဲ ကြောင်း ခြင်းရာကို အယူ အဆ လွဲခြင်းကြောင့် ဥပဒေအရ၊ တာဝန် ရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သူကသော် ၎င်း၊ ပြုလုပ် လျှင် ထို ပြုလုပ်မှုသည် ပြစ်မှု မမြောက်”

ဟု ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်ကို လေ့လာ ကြည့်ရှုရာတွင်၊ အကြောင်း ခြင်းရာ အယူအဆ လွဲခြင်းကြောင့် သဘော ရိုးနှင့် ပြုလုပ်ခြင်းကိုသာလျှင် ကင်း လွတ်ခွင့် ရနိုင်ပေသည်။ ယခု ဖြစ်ပွားသည့် ကိစ္စမှာ ကြောင်းခြင်းရာကို အယူ အဆ လွဲ၍ ပြုလုပ်ခြင်း မဟုတ်ပေ၊ သို့ဖြစ်ခြင်းကြောင့် ကင်းလွတ်ခွင့် မရနိုင်ပေ။ ဥပဒေ ကို အယူအဆ လွဲပြီး သဘောရိုးနှင့် ပြုလုပ်မိပါသည်ဟု ထုချေ၍ မရပေ။ တရားရုံး က စစ်ဆေး စီရင်ရမည့် မိသားစု အမှုအပေါ် ဝင်ရောက် စွက်ဖက်ကာ ဖမ်းဆီး ချုပ်နှောင်ရန် အမိန့် ပေးခြင်းမှာ လုပ်ပိုင်ခွင့် မရှိသော လုပ်ငန်းကို ဝင်ရောက် စွက် ဖက်ခြင်း ဖြစ်၍ ရာဇသတ် ပုဒ်မ ဂ္ဂဇ တွင် ပြဋ္ဌာန်းသည့် ကင်းလွတ်ခွင့်ကို ခံစားခွင့် မရှိနိုင်ပေ။

အယူခံ တရားလို၏ ထုချေချက်နှင့် အယူခံ တရားလိုမှ တင်ပြသော သက်သေ များ၏ ထွက်ဆိုချက်တို့ကိုလည်း လေးနက်သေချာစွာ ကျွန်ုပ်တို့ လေ့လာခဲ့ပေသည်။ အယူခံတရားလိုက—

“၎င်းသည် ဦးဘဟန် နှင့် ဒေါ်ခင်ခင်ထူးတို့၏ အမွေပစ္စည်း ကိစ္စကို ပူး ပေါင်း ထောက်လှမ်းရေးအဖွဲ့နှင့်ဆောင်ရွက်ရန်၊ ဒု-ဗိုလ်မှူးကြီးများဖြစ်ကြသော တင်ထွန်းနှင့် စိုးနိုင်ကို မညွှန်ကြားခဲ့ရကြောင်း၊ ဦးဘဟန်၊ ဒေါ်ခင်ခင်ထူး၊ ဒေါ်လှလှနှင့် ဦးခင်မောင်သိန်းတို့ကို ဖမ်းဆီး ထားသည်ကို လုံးဝ မသိရ ကြောင်း၊ ဒု-ဗိုလ်မှူးကြီး တင်ထွန်း၊ ဒု-ဗိုလ်မှူးကြီး မင်းနောင်နှင့် ဒု-ဗိုလ်မှူးကြီး စိုးနိုင်တို့က ၎င်းအား တိုးတက်မှုရှိသည်ကို နေ့စဉ် တင်ပြရန် ညွှန်ကြားသည် ဆိုခြင်းမှာလည်း မဟုတ် ရကြောင်း၊ ဒု-ဗိုလ်မှူးကြီး မင်းနောင်အား ဦးဘဟန်

ဒေါ်ခင်ခင်ထူး၊ ဦးခင်မောင်သိန်း နှင့် ဒေါ်လှလှတို့အား၊ ဖမ်းဆီးရန် ခိုင်းသည် ဆိုခြင်းမှာ လည်း မဟုတ်ကြောင်း"

ဖြင့် ထွက်ဆိုခဲ့သည်။ သို့ရာတွင် အယူခံ တရားလိုက—

"ဇွန်လ ၁၈ ရက်နေ့ (၁၄း၃၀) နာရီ အချိန် တိုင်းအတွင်းရေးမှူး ဗိုလ်မှူး မင်းနောင်နှင့် မန္တလေး ခလက အဖွဲ့တွင် ခရိုင်ဝန် ဦးအောင်တိုး အား ခေါ်တွေ့ ပြီး၊ ဦးသက်ထွန်း၏ သားသမီးများ အမွေကိစ္စကို ဆွေးနွေးခဲ့ကြသည်။ ဦးသက်ထွန်း၏ သားသမီးများ အချင်းချင်း ဖြစ်ပွားသည့် အမွေကိစ္စနှင့် ပတ်သက်ပြီး လအက ညှိနှိုင်းရေး အစည်းအဝေးတွင် မြို့မ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ ဥက္ကဋ္ဌက အခါ အားလျော်စွာ တင်ပြ ခဲ့သဖြင့် သိရှိခဲ့ပြီး ဖြစ်ပါသည်။ မြို့မ အဆင့်တွင် မပြေမလည် ဖြစ်ပြီး၊ တိုင်းအဆင့်သို့ တက်လာသည့် ကိစ္စ ဖြစ်ခြင်းကြောင့်၊ လအက ကိစ္စ တရပ် အနေဖြင့် သက်ဆိုင်ရာတို့က လိုအပ်သလို ဆောင်ရွက်သွားကြရန် ဆွေးနွေး ညှိနှိုင်း ခဲ့ကြခြင်း ဖြစ်ပါသည်"

ဟု ထွက်ဆိုခဲ့ပြန်သည်။ တဖန် အယူခံ တရားလိုက—

"သက်သေခံအမှတ် (က) နှင့် ပတ်သက်၍ ကျွန်တော် ဇွန်လ ၂၃ ရက်နေ့ ရန်ကုန်မှ ပြန်ရောက်ပြီးနောက်ပိုင်းတွင်၊ လအက ညှိနှိုင်း အစည်း အဝေးတွင် လား၊ သို့မဟုတ် တဦးတယောက်ကလား လာပြော၍၊ တိုင်းပူးပေါင်း ထောက်လှမ်းရေးနှင့် မန္တလေး ခလကတို့ ညှိပြီး သက်ဆိုင်သူ များကို ခေါ်ယူ စစ်ဆေးနေသည်ကို သိပါသည်။ ကျွန်တော်အနေနှင့် တိုင်းပူးပေါင်း ထောက်လှမ်းရေး အဖွဲ့မှာရော၊ ခလက အဖွဲ့ထဲမှာရော ပြုလုပ်ခွင့် အာဏာ အပြည့်အဝ ရှိသည့် ပုဂ္ဂိုလ်များ ပါဝင်နေသည့် အတွက် ကိစ္စ အသေးစိတ်ကိုတော့ မမေးမြန်းခဲ့ပါဘူး"

ဟု တဖန် ထွက်ဆိုခဲ့သည်။

အထက်ပါ ထွက်ဆိုချက်များကို စုပေါင်း လေ့လာ ကြည့်သောအခါတွင် အယူခံ တရားလိုသည် ၎င်းက ဦးဘဟန်တို့ အမွေကိစ္စနှင့် ပတ်သက်၍ လက်အောက် အရာရှိများအား မညွှန်ကြားပါဟု သာမန်အားဖြင့် ငြင်းဆိုရုံမျှဖြစ်ပြီး လက်တွေ့ သဘော အားဖြင့် ၎င်းသည် ဦးဘဟန်တို့ အမွေ ကိစ္စကို ကိုယ်တိုင်ကိုယ်ကြပ် လက်အောက် အမှုထမ်း အရာထမ်း များနှင့် ဆွေးနွေး ခဲ့ခြင်းမှာ ထင်ရှားသည့် အပြင် ဦးဘဟန်တို့အား အမွေမှုနှင့် ပတ်သက်၍၊ ခေါ်ယူ စစ်ဆေးခြင်းကိုလည်း ကိုယ်တိုင် ကိုယ်ကြပ် သိရှိနေခြင်းမှာ ပေါ်လွင် ထင်ရှားပေသည်။

၁၉၇၄

ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ဦးဗန်ကူး (ခံပြ-၂)၊ ဦးတင်ထွန်း (ခံပြ-၃)၊ ဦးထွန်းအောင်ကျော် (ခံပြ-၄) နှင့် ဦးမြင့်သိန်း (ခံပြ-၆) တို့က၊ အယူခံ တရားလို၏ စစ်ဆင်ရေးကိစ္စနှင့် အခြား ကိစ္စများကိုသာလျှင် ထွက်ဆို နိုင်ခဲ့ပြီး၊ ဦးဘဟန်တို့၏ အမွေ ကိစ္စနှင့် ပတ်သက်၍၊ တစုံတရာ ထွက်ဆိုနိုင်ခြင်း မရှိခဲ့ပေ။ ဦးဝင်းမောင် (ခံပြ-၅) က––

"၁၉၆၇ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ရန်ကုန် တက္ကသိုလ်များ ဗဟို ကောင်စီ အစည်း အဝေးသို့ အယူခံ တရားလို တက်ရောက် ခဲ့သည်"

ဟုသာ ထွက်ဆိုသည်။ ဦးဘဟန်၏ အမွေ ကိစ္စနှင့် ပတ်သက်ပြီး လုံးဝ ထွက်ဆိုခြင်း မပြုနိုင်ချေ။

ဒု-ဗိုလ်မှူးကြီး လှထွန်း (ခံပြ-၇) က––

"အယူခံတရားလိုသည် ၁၉၆၇ ခု ဇွန်လ ၂၁ ရက်နေ့ (၁၄း၃၀) နာရီ အချိန်တွင် မြောက်ကိုရီးယား ဒုတိယ သမ္မတ ခရီးစဉ်နှင့် ပတ်သက်၍ ညှိနှိုင်းရန် အစည်းအဝေးတရပ်ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး ခန်းမတွင် ပြုလုပ်သည့် အစည်း အဝေးသို့ တက်ရောက် ခဲ့ကြောင်း နှင့် ၁၉၆၇ ခုနှစ် ဇွန်လ ၂၁ ရက်နေ့ (၁၃း၀၀) နာရီတွင် ၎င်းအစည်းအဝေး ခန်းမတွင်လည်း မြန်မာ နိုင်ငံနှင့် အိန္ဒိယ နယ်စပ် တလျှောက်၌ ဖြစ်ပေါ်ခဲ့သော လူရိုင်းချင်း၊ ကွတ်ကီး ချင်းများနှင့် ပတ်သက်၍ ဖြစ်ခဲ့သော အရေး အခင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည့် အစည်း အဝေးသို့ အယူခံ တရားလို ရောက်ရှိကြောင်း"

ကိုသာလျှင် ထွက်ဆိုနိုင်ခဲ့သည်။ ဦးဘဟန်တို့၏ အမွေမှုနှင့် ပတ်သက်၍ တစုံတရာ ထွက်ဆိုနိုင်ခြင်း မရှိပေ။

အယူခံတရားလို၏ အဓိက ထုချေချက်မှာ ၎င်းသည်၊ ၁၉၆၇ ခုနှစ် ဇွန်လ ၁၈ ရက်နေ့ည နေပိုင်းတွင် ရန်ကုန်မြို့သို့ ထွက်ခွာ သွားပြီး ၁၉၆၇ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင်မှ မန္တလေးမြို့သို့ ပြန်လည် ရောက်ရှိခြင်းဖြစ်၍၊ ၁၉၆၇ ခုနှစ် ဇွန်လ ၁၉ ရက်နေ့၌ ဦးဘဟန်တို့အား ဖမ်းဆီးသည့် ကိစ္စရပ်မှာ ၎င်း မသိသဖြင့်၊ ၎င်းနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ထုချေခြင်း ဖြစ်ပေသည်။ အယူခံ တရားလို၏ ထွက်ဆိုချက်အရ ၎င်းသည်၊ ၁၉၆၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှစ၍ ၁၉၆၇ ခုနှစ် ဇွန်လ ၁၈ ရက်နေ့ အထိ မန္တလေးမြို့တွင် ရှိနေသည်မှာ ထင်ရှားပေသည်။ ထို့ပြင် ၁၉၆၇ ခုနှစ် ဇွန်လ

၂၃ ရက်နေ့မှစ၍ ၁၉၆ဂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ မန္တလေးမြို့ပေါ်တွင် ရှိနေသည်မှာလည်း ထင်ရှားသည်။ အထက်ပါ အချက် အလက်များကို ထောက်ရှုခြင်းအားဖြင့် အယူခံ တရားလိုမှာ ၁၉၆ဂ ခုနှစ်၊ ဇွန်လ အတွင်း၌ ရက်ပေါင်း အတော်များစွာ မန္တလေးမြို့တွင် ရှိနေကြောင်း ပေါ်လွင် သဖြင့် ထိုဖော်ပြပါ ရက်များအတွင်း၌ အယူခံ တရားလိုက ဦးဘဟန်ပါ ၆ ဦးတို့အား ဖမ်းဆီးရန် ခိုင်းစေခြင်းနှင့် အမှု၏ တိုးတက်မှု အခြေအနေကို ၎င်း၏ လက်အောက် အမှုထမ်းများ ဖြစ်ကြသော ဒုဗိုလ်မှူးကြီး မင်းနောင် (လိုပြ-၃)၊ ဒုဗိုလ်မှူးကြီး တင်ထွန်း (လိုပြ-၂) နှင့် ဒုဗိုလ်မှူးကြီး စိုးနိုင် (လိုပြ-၄) တို့က တင်ပြရန် ညွှန်ကြားခြင်း ဖြစ်သည်ဟု ယူဆရန် ရှိပေသည်။ အထက်ဖော်ပြပါ အကြောင်း အရာ များကို ထောက် ရှုလျှင် အယူခံ တရားလို၏ ထုချေချက်မှာ အထောက် အထား ခိုင်လုံခြင်း မရှိ၍ ကျွန်ုပ်တို့ အနေဖြင့် ၎င်း၏ ထုချေချက်ကို လက်ခံရန် မဖြစ် နိုင်ပေ။

ကျွန်ုပ်တို့ အနေဖြင့် ဤအမှု၏ ဖြစ်စဉ် တရပ်လုံးကို အားလုံး ခြုံငုံ၍ လေ့လာ ဆန်းစစ်ခဲ့သည်။ တရားလိုဖက်မှ ပြသသည့် သက်သေတို့၏ ထွက်ဆိုချက်များကို ၎င်း၊ တရားခံဖက်မှ ပြသသော သက်သေ များ၏ ထွက် ဆိုချက် များကို၎င်း သေချာစွာ လေ့လာ ကြည့်ရှုခဲ့သည်။ ဤအမှုတွင် တရားလိုဖက်မှ သက်သေများ က တရားခံ အပြစ်ရှိကြောင်း ခိုင်ခိုင်လုံလုံထွက်ဆို ထားသည်ကို တွေ့ရသဖြင့် တရားခံမှာ ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားနေပေသည်။

သို့သော်လည်း တရားခံအပေါ်တွင် အထူးရာဇဝတ်ရုံးက ထောင်ဒဏ် ၃၂ (သုံးနှစ်ခွဲ) ချမှတ်ထားခြင်း ကိစ္စနှင့်ပတ်သက်၍ ဆီလျော်ခြင်း ရှိ-မရှိဟူသော အချက်ကို အထူးစဉ်းစားဖို့ လိုပေသည်။ အထူးရာဇဝတ်ရုံး၏ စီရင်ချက်တွင် အယူခံတရားလိုသည် စိတ်ကောင်း စေတနာဖြင့် ပြုလုပ်ခြင်းမဟုတ်ဟု ယူဆရန် အကြောင်းမပေါ်ပေါက်ဟူ၍ မှတ်ချက်ပြုထားသည်ကို တွေ့ရသည်။ ဒေါ်ကြည်ကြည် ပါ ၅ ဦးတို့က ၎င်းတို့၏ နစ်နာချက်များကို အယူခံတရားလိုအား တင်ပြသောအခါတွင် အယူခံတရားလိုအနေဖြင့် မျှမျှတတ ဖြစ်စေလိုသည့် စေတနာဖြင့် ဆောင်ရွက်ခြင်း ဖြစ်နိုင်သည်။ စေတနာလွန်သွားသဖြင့် မိမိလုပ်သင့်မလုပ်သင့်ဆိုသည်ကို သတိဖြင့် ဝေဖန်ခြင်း မပြုနိုင်တော့ပဲ၊ အာရုံလွန်သွားပြီး မလုပ်သင့်သည့် ကိစ္စတရပ်ကို ဝင်ရောက်လုပ်မိခြင်း ဖြစ်နိုင်ပေလိမ့်မည်။ ထို့ပြင် အယူခံတရားလိုမှာ တိုင်းပြည်တာဝန်ကို စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်ကိုလည်း ကျွန်ုပ်တို့အနေဖြင့် စဉ်းစားခဲ့ပေသည်။ " ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြစ်မှုကျူးလွန်သူကို အရေးယူ အပြစ်ပေးရာတွင် အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ရမည်။" ဟုပြဋ္ဌာန်းထားခြင်းကိုလည်း သတိချပ်ဖို့ လိုပေသည်။ ယခုအခါတွင်

အယူခံတရားလိုမှာ ၎င်း၏ မှားယွင်းမှုကို သတိသံဝေ ရလောက်ပြီဟု ယူဆရပေသည်။ သို့ဖြစ်၍၊ အထူးရာဇဝတ်ရုံးက အယူခံတရားလိုအပေါ် တွင် ချမှတ်သည့် ပြစ်မှု ထင်ရှားစီရင်ခြင်းကို အတည်ပြုသော်လည်း၊ ကျခံရန် ကျန်ရှိသော အပြစ်ဒဏ် ကာလကို ကိုယ်တိုင် ခံဝန်ဖြင့် အချုပ်လွတ် နေထိုင်စေရန် အမိန့်ချမှတ်လိုက်သည်။ ခံဝန်ကာလ အတွင်း ပြစ်မှုတစုံတရာ ကျူးလွန်လျှင် အမှုနှင့်ပတ်သက်သော ကျန်ကာလကို ဆက်လက် ကျခံစေရမည်။

၁၉၇၄

ဦးစိန်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄
စက်တင်ဘာလ ၁၅ ရက်။

## မောင်တိုး

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

**ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ အရေးယူရာ၌ တရားရုံးတွင် အမှုမစွဲဆိုမီ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်လို မလို၊ အလုပ် မကျွမ်းကျင်၍ မှားယွင်းသည်ကို ခွင့်လွှတ်သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်ပျက်ကွက်လျှင် တရားခံအား အပြစ်မှ လွှတ်ရမည်ဟူ၍ တထစ်ချမှတ်ယူ၍လည်း မဖြစ်နိုင်ပေ။ အမှုကြောင်းခြင်းရာ တမျိုးစီကို သီးခြားစိစစ်၍ မည်သည့်အမှုမျိုးတွင် တာဝန်ရှိသူ ထုတ်ဖော်နိုင်ရန်အတွက် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုလိုသည်။ မည်သည့်အမှုမျိုးကို မလိုဟူ၍ ဝေဖန်သုံးသပ်ရမည်ဖြစ်ပေသည်။ ဌာနဆိုင်ရာစုံစမ်းမှုနှင့် တရားရုံးတွင်စစ်ဆေးကြားနာခြင်းတို့မှာ ပြစ်မှု ကျူးလွန်ခြင်းနှင့် ပတ်သက်ပြီး အဖြေရှာသောအခါတွင် တူညီကြသည်မဟုတ်ချေ။ ဌာနဆိုင်ရာစုံစမ်းမှုတွင် ဂျီဆာကြူလာ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်သူအပေါ်တွင် မိမိတို့ ဌာနအနေဖြင့် မည်သို့အရေးယူသင့်ကြောင်း အဖြေရှာရခြင်းဖြစ်သည်။ တရားရုံးတွင် စစ်ဆေး ကြားနာခြင်းမှာ တရားခံသည် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ အပြစ်ရှိ မရှိ အဖြေရှာခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာ စုံစမ်းမှုကြိုတင်ပြုလုပ်ပြီးမှ ပြည်သူ့ရဲတပ်ဖွဲ့သို့ တိုင်တန်းသင့်သည်ဆိုသော အတွေးအခေါ် အယူအဆကို သဘောမတူနိုင်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်ဆဲဖြစ်သော ယခုအချိန်မျိုးတွင် တိုင်းပြည်ဝန်ထမ်း အားလုံးတို့သည် တာဝန်ကို အတိအကျ ယူနိုင်ရန်များစွာ လိုလားအပ်ပေသည်။ မိမိက တာဝန်ခံရသည့် အလုပ်တခုနှင့်ပတ်သက်သော အကျိုးအမြတ် အခွင့်အရေးတို့ကို အပြည့်အဝ ရယူခဲ့လျှင် ယင်းအလုပ်နှင့် ပတ်သက်သော တာဝန်ကိုလည်း အပြည့်အဝ ထမ်းဆောင်ရမည်ဖြစ်ပေသည်။ ယခုအမှုတွင် တရားခံက မိမိသည် ပညာအရည်အချင်း ၆ တန်းမျှသာရှိကြောင်း တင်ပြသည်။ သို့ရာတွင် တရားခံကို ဌာနဆိုင်ရာအနေနှင့် ကာယ၊ ဉာဏ စွမ်းအားအလိုက် နေရာ

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၉။

† ၁၉၇၁ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇွန်လ ၄ရက်နေ့ နေ့စွဲပါ ရန်ကုန်မြို့၊ အထူးရာဇဝတ်ရုံး ၉၁/ ၁၉၇၁ ၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ချထားပေးသည်ဟု ယုံကြည်ပေသည်။ အလုပ်ကိုကျွမ်းကျင် တတ်မြောက်ခြင်းမရှိ၍ အမှားအယွင်း ခွင့်ပြုပါဆိုသော တောင်းပန်ချက်များကို လက်ခံ စဉ်းစားရန် အကြောင်းမရှိပေ။ ၁၉၇၄

မောင်တိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်**။ ။အကျိုးဆောင် ဦးခင်ထွန်း။

**ပြင်ဆင်ရန် လျှောက်ထားခံရသူ အတွက်**။ ။ဗဟိုဥပဒေရုံး၊ ဥပဒေဝန်ထမ်း အဆင့် (၁) ဦးလှသောင်း။

သက်နီးကျွန်းမြို့နယ် ဒေသစိတ်ကုန်သွယ်ရေး လက်အောက်ရှိ အခြေခံဆိုင်အမှတ် ၅၀ တွင် စတင်ဖွင့်လှစ်သော ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ အစပြု၍ ဆိုင်ထိုင်မှာ ယခုအယူခံတရားလိုမောင်တိုးဖြစ်သည်။ ထိုဆိုင်ကို ၁၉၆၉ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှအစပြုပြီးစာရင်းစစ်သောအခါတွင် ငွေများ ကွာခြားနေသောကြောင့် စာရင်းစစ်အဖွဲ့က ၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့စွဲဖြင့် ငွေပေါင်း ကျပ် ၂၄၉၉၄ ကွာခြားကြောင်း အစီရင်ခံလေသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး အစည်းအဝေးပြုလုပ်ပြီး (၁) ရဲစခန်းသို့တိုင်ရန်၊ (၂) ဌာနဆိုင်ရာစစ်ဆေးရန်၊ (၃) ဆိုင်ထိုင် မောင်တိုး နေရာတွင် လူစား ခန့်ထားရန် ဆုံးဖြတ်ကြလေသည်။ ယင်းဆုံးဖြတ်ချက်အရ ရဲစခန်းသို့ တိုင်တန်းသောကြောင့် မောင်တိုးအပေါ်တွင် ဖမ်းဆီး အရေးယူခြင်း ဖြစ်လေသည်။

ငွေပေါင်း ၂ သောင်းကျော် ကွာခြင်းနှင့် ပတ်သက်ပြီး ရုံးရှေ့တွင် စာရင်းစစ်အဖွဲ့မှ အသေးစိတ် အစီရင်ခံသည်။ အယူခံတရားလိုသည် အဆိုပါ စာရင်းများ မှားယွင်းနေပါသည်ဟူ၍ ယေဘုယျတင်ပြခြင်းမှလွဲပြီး မည်ကဲ့သို့ မှားယွင်းနေကြောင်း ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိပေ။ အယူခံတရားလို၏ အဓိကတင်ပြချက်မှာ စာရင်းများ စစ်ဆေးသောအချိန်တွင် မိမိကို ဖမ်းဆီးထားသောကြောင့် ရှင်းလင်း နိုင်ခွင့် မရှိကြောင်းဖြစ်သည်။ သို့ရာတွင် ဌာနချုပ်ဦးစီး ဦးအုန်းမောင် (လိုပြ-၁၁) က အောက်ပါအတိုင်း ထွက်ဆိုထားသည်။

> "ပထမငွေလျော့ကြောင်း သိစဉ်က ဆိုင်ထိုင် မောင်တိုးကို ကျွန်တော်က ခေါ်ပါသည်။ ကျွန်တော်က စာရင်းများ ပျောက်ချင်ပျောက်မည်၊ သို့အတွက် မင်းကိုယ်တိုင် ရှာဖွေပြီး စစ်ဆေးရေး အဖွဲ့သို့ တင်ပြဘို့ ညွှန်ကြားခဲ့ပါသည်။ မောင်တိုးကိုယ်တိုင် လာ၍ရှင်းပါသည်။ ရှင်းလင်း၍ မရပါ၊ ကွာနေကြောင်း သိရပါသည်"

ထို့ကြောင့် တရားခံသည် စာရင်းများကို မူလ ပထမကပင် ရှင်းလင်းပေသည်။ အချုပ်ခံရပြီး နောက်ပိုင်းမှာလည်း အာမခံ ရရှိပြီး ဖြစ်သောကြောင့် မိမိ အလို အလျောက် စာရင်းများကို သွားရောက် စစ်ဆေးနိုင်ခွင့် ရှိပေသည်။ ဤသို့ စစ်ဆေး

၈၉၇၄ — မောင်တိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ကြည့်ရှုရန် ကြိုးစားခဲ့ခြင်းကို သက်ဆိုင်ရာတို့မှ ခွင့်ပြုခြင်းမရှိပါဟူ၍ အကြောင်း မပေါ်ပေါက်ချေ။ အမှုစစ်ဆေးသော ရုံးသို့ ရောက်ရှိလာသောအခါမှာလည်း စာရင်း များစစ်ဆေးရန် အချိန်အလုံအလောက် ခွင့်ပြုခဲ့ပေသည်။ အခြေခံ စားကုန်ဆိုင် များနှင့် ပတ်သက်ပြီး ကုန်ပစ္စည်းများ ပေးပို့သော အခါတွင် စာရင်းနှင့် ပေးပို့၍ ဆိုင်ထိုင်ကဖြစ်စေ၊ ဆိုင်ထိုင်၏ လွှဲအပ်ခြင်းခံရသူကဖြစ်စေ လက်မှတ်ထိုး ယူရသည်။ ထို့နောက် ရောင်းချပြီးသော ကုန်ပစ္စည်းများနှင့် ရငွေကိုလည်း စာရင်းပြုလုပ်၍ ဆိုင်ထိုင်က လက်မှတ်ရေးထိုးပြီး ရုံးချုပ်သို့ ပြန်လည် ပေးပို့ရသည်။ လက်ခံရရှိပြီး သော ပစ္စည်းသည်၊ ရောင်းချပြီးဖြစ်၍ ငွေရကြောင်း မပြနိုင်လျှင် ကုန်ပစ္စည်းလက်ကျန် ရှိနေရမည်ဖြစ်သည်။ ထို့ကြောင့် ဆိုင်ထိုင် လက်ခံရယူထားသော ပစ္စည်းအတွက် ငွေရပြီးကြောင်းလည်း မပြနိုင် လက်ကျန်ပစ္စည်းလည်း မပြနိုင်လျှင် ဆိုင်ထိုင်တွင် တာဝန်ရှိရမည်သာ ဖြစ်ပေသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ဆဲဖြစ် သော ယခုအချိန်အခါမျိုးတွင် တိုင်းပြည်ဝန်ထမ်း အားလုံးတို့သည် တာဝန်ကို အတိ အကျယူနိုင်ရန် များစွာ လိုလားအပ်ပေသည်။ မိမိကတာဝန်ယူရသည့် အလုပ်တခုနှင့် ပတ်သက်သော အကျိုးအမြတ် အခွင့်အရေးတို့ကို အပြည့်အဝ ရယူခဲ့လျှင် ယင်း အလုပ်နှင့် ပတ်သက်သော တာဝန်ကိုလည်း အပြည့်အဝ ထမ်းဆောင်ရမည် ဖြစ်ပေ သည်။ တရားခံမောင်တိုးက မိမိသည် ပညာအရည်အချင်း ၆ တန်းမျှသာရှိကြောင်း တင်ပြသည်။ သို့ရာတွင် မောင်တိုးကို ဌာနဆိုင်ရာ အနေနှင့် ကာယ၊ ဉာဏစွမ်းအား အလိုက်နေရာချထားပေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပေသည်။ အလုပ်ကို ကျွမ်းကျင် တတ်မြောက်ခြင်းမရှိ၍ အမှားအယွင်း ခွင့်ပြုပါဆိုသော တောင်းပန်ချက်များကို လက်ခံစဉ်းစားရန်အကြောင်းမရှိ။

အယူခံ တရားလို၏ ပညာရှိရှေ့နေကြီးက ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခြင်း မရှိခဲ့သောကြောင့် မိမိအမှုသည်မှာ ခုခံဖြေရှင်းရန် အခွင့်အရေး မရရှိခဲ့ကြောင်း ကို တင်ပြ လျှောက်ထားသည်။ ယခုအမှုတွင် ဌာနဆိုင်ရာ စုံစမ်းမှု ပြုလုပ်ရန်အတွက် အဖွဲ့ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်သော်လည်း ဆိုင်ထိုင်အပေါ် တွင် ရဲဌာနသို့ တချိန် တည်း တိုင်တန်းခဲ့သောကြောင့် ဌာနဆိုင်ရာ စုံစမ်းမှုအဖွဲ့၏ တွေ့ရှိချက်ကို မသိနိုင်ခဲ့ပေ။ သို့ရာတွင် ဌာနဆိုင်ရာ စုံစမ်းမှု ပြုလုပ်သည်ဆိုခြင်းမှာ ပေါ်ပေါက်သော ပြစ်မှုနှင့် ပတ်သက်ပြီး မည်သူတွင် တာဝန်ရှိသည်ဟု မသဲကွဲသော အခါများတွင် ပြုလုပ်ရန် လိုခြင်းဖြစ်သည်။ ယခုအမှုတွင် ဆိုင်ထိုင်ကတာဝန်ရှိသည်၊ သို့မဟုတ် အရောင်းစျေးသည် တယောက်ယောက်က တာဝန်ရှိသည်၊ သို့မဟုတ် အခြားက တာဝန်ရှိသည်ဟု အငြင်း ထွက်သည် မဟုတ်ချေ။ ငွေကွာခြားခြင်းရှိမရှိသာ အငြင်းထွက်ပေသည်။ ငွေကွာခြား ခဲ့လျှင် တာဝန်ရှိသူမှာ ဆိုင်ထိုင်သာဖြစ်သည်။ ဆိုင်ထိုင်သည် ပေးပို့သောပစ္စည်းများကို

၁၉၇၄

မောင်ထိုး၊ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

စာချင်းနှင့် လက်ခံယူသည်။ စာချင်းနှင့် ရောင်းရငွေများ သွင်းသည်။ စာချင်းနှင့် လက်ကျန်ပစ္စည်း ထားရမည်ဖြစ်သည်။ လျှောက်ထားသူ၏ ပညာရှိ အကျိုးဆောင် ကြီးသည် ဌာနဆိုင်ရာ အရေးယူမှု ပျက်ကွက်ခြင်း နှင့်ပတ်သက်သော စီရင်ထုံး အစောင်စောင်ကို တင်ပြ လျှောက်လဲသည်။ ဤစီရင်ထုံးများအနက် **မောင်ဟန်စိုး နှင့် ပြည်ထောင်စု** မြန်မာနိုင်ငံ (၁) တွင် အောက်ပါအတိုင်း တွေ့မြင်ရသည်—

* * * *

ငွေစာချင်းကွာခြားခြင်းကို တိုင်တန်းလျှင် ပြည့်စုံ သေချာစွာ စာရင်းအင်း စစ်ဆေးခြင်း၊ ဌာနဆိုင်ရာ နည်းဖြင့် စစ်ဆေးကာ တာဝန်သတ်မှတ်ခြင်း၊ လိုငွေကို တာဝန်ရှိသူက သင့်တော်သောနည်းဖြင့် ပေးသွင်းစေခြင်း စသည်ကို ဝိနိယာစိုက်ထုတ်၍ပြုလုပ်ကြောင်း ကျွန်ုပ်တို့ကြုံကြိုက်သလိုမှတ်ချက်ပြုခဲ့ကြဘူးပြီ၊ ယင်းသို့ မမူဘဲ၊ တာဝန်ရှိသူဟု ထင်ရသူ တဦးဦးကို ရာဇဝတ် ရုံးသို့ တင်ပို့လျှင် တာဝန်ကျေပြီဟု မမှတ်ယူသင့်၊ ပေါ့ပေါ့လွယ်လွယ် စစ်ဆေး၍ ကြုံရာ တရားခံကို ရာဇဝတ်ရုံးသို့ တင်ပို့ခြင်းဖြင့် မျှတမှုကင်းမဲ့ခြင်းလည်း ဖြစ်နိုင်သည်။

* * * *

ယင်းစီရင်ထုံးအရ ကျွန်ုပ်တို့ သဘောပေါက်မိသည်မှာ ဌာနဆိုင်ရာ စစ်ဆေးခြင်း မပြုဘဲ တာဝန်ရှိသည်ဟု ထင်ရသူတဦးဦးကို ရုံးသို့တင်ပို့ရန် မသင့်ကြောင်းဖြစ်သည်။ အမှုအကြောင်းချင်းရာ အမျိုးမျိုးတို့မှာ တမှုနှင့်တမှု တူညီနိုင်ကြမည်မဟုတ်ပေ။ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် ပျက်ကွက်လျှင် တရားခံအား အပြစ်မှ လွှတ်ရမည်ဟူ၍ တသစ်ချ မှတ်ယူ၍လည်း မဖြစ်နိုင်ပေ။ အမှု အကြောင်းခြင်းရာ တမျိုးစီကို သီးခြားစိစစ်၍ မည်သည့်အမှုမျိုးတွင် တာဝန်ရှိသူ ထုတ်ဖော်နိုင်ရန် အတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုလိုသည်။ မည်သည့်အမှုမျိုးကိုမလိုဟူ၍ ဝေဖန်သုံးသပ်ရမည် ဖြစ်ပေသည်။ ဌာနဆိုင်ရာ စုံစမ်းမှုနှင့် တရားရုံးတွင် စစ်ဆေး ကြားနာခြင်းတို့မှာ ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်ပြီး အဖြေရှာသော အခါတွင် တူညီကြသည် မဟုတ်ချေ။ ဌာနဆိုင်ရာ စုံစမ်းမှုတွင် ဂျီဆာကြူလာ ပြဋ္ဌာန်း ချက်များအရ၊ သက်ဆိုင်သူ အဲပေါ်တွင် မိမိတို့ဌာနအနေဖြင့် မည်သို့ အရေးယူသင့် ကြောင်း အဖြေရှာချခြင်း ဖြစ်သည်။ တရားရုံးတွင် စစ်ဆေး ကြားနာခြင်းမှာ တရားခံသည် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ၊ အပြစ် ရှိ-မရှိ အဖြေ ရှာခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာ စုံစမ်းမှု ကြိုတင်ပြုလုပ်ပြီးမှ ပြည်သူ့ရဲ တပ်ဖွဲ့သို့ တိုင်တန်းသင့်သည်ဆိုသော အတွေးအခေါ် အယူအဆကို ကျွန်ုပ်တို့ သဘော မတူနိုင်ချေ။

---

(၁) ၁၉၇၀ ခု၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများ စာ-၃၀၇။

၁၉၇၄

မောင်တိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

တရားခံသည် စွဲဆိုထားသော ပြစ်မှုနှင့် ပတ်သက်၍ အပြစ်ရှိကြောင်း ကျွန်ုပ်တို့ ယုံကြည်သည်၊ အပြစ်ဒဏ် သတ်မှတ်ခြင်းနှင့် ပတ်သက်ပြီး စဉ်းစားသော အခါတွင် အချင်းဖြစ် ဆိုင်ထိုင်ကို လစဉ်အချိန်မှန် စာရင်းများ စစ်ဆေးခဲ့ခြင်း မတွေ့ရချေ။ အကယ်၍သာ တာဝန်ရှိသူများက စာရင်းများ အချိန်မှန် စစ်ဆေးခဲ့လျှင် ဤမျှထိ အောင် ငွေကွာခြားမှု ပေါ်ပေါက်နိုင်ဘွယ်ရာရှိမည် မဟုတ်ချေ။ တရားခံသည် ယခင်က နာမည်ပျက်မရှိခဲ့ဘဲ တာဝန်ကျေပွန်စွာ လုပ်ကိုင်ခဲ့ကြောင်းလည်း သက်သေထွက်ချက် ရှိသည်။ အခြေခံစားကုန်ဆိုင်နှင့် ပတ်သက်သော ငရုတ်-ကြက်သွန် အစရှိသည့် ပစ္စည်း များမှာ သဘာဝအလျောက် လျော့နည်းနိုင်သော ပစ္စည်းမျိုး ဖြစ်သည်။ ဆိုင်ထိုင် အနေနှင့် သိမ်းဆည်း သိုလှောင်ရန်လည်း လွယ်ကူသော ပစ္စည်းမျိုးမဟုတ်ပေ။ ဤအချက်များကို သောက်ထားပြီး တရားခံအပေါ်တွင် အပြစ်ဒဏ် သတ်မှတ်သော အခါမှာ သက်ညှာစွာ စဉ်းစားသင့်ပေသည်။ ထို့ကြောင့် အယူခံတရားလို မောင်တိုး အပေါ်တွင် ၁၉၆၃ ခုနှစ်၊ အများနှင့်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) ဆယ်နှစ် ကျခံစေရန် အမိန့်ကို ပယ်ဖျက်၍၊ ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၀၉ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၅) ငါးနှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးဘွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးပဏ္ဍိရှေ့

† ၁၉၇၄
စက်တင်ဘာလ
၆ ရက်။

## နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇၊ မယားခိုးမှု မြောက်ရန် အင်္ဂါရပ်များ၊ လျှောက်ထားသူသည် လင်ရှိမယားဖြစ်ကြောင်းနှင့် လင်နှင့် တရားဝင်ကွာရှင်းခြင်း မရှိသေးကြောင်းကို သိရှိနိုင်ခြင်း၊ သို့မဟုတ် ယုံကြည့်ရန်အကြောင်းရှိခြင်း၊ လင်ရှိ မယား ကိုယ်တိုင်က ကာမစပ်ယှက်သည်ဟု ထွက်ဆိုခြင်း၊ ဤကိစ္စမျိုးတွင် မျက်မြင် သက်သေရရန် ခဲယဉ်းခြင်း၊ လျှောက်ထားသူက ငြင်းဆိုသော်လည်း ယုံကြည်လောက်အောင် ဖြေရှင်းချက် မပေးနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မယားခိုးမှုမြောက်ရန် အောက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံရမည်၊ ယင်းတို့မှာ (၁) လင်ရှိမယားဖြစ်ကြောင်းသိခြင်း၊ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိခြင်း(၂)ယင်းကို သိလျက် သို့မဟုတ်၊ ယုံကြည်ရန် အကြောင်းရှိလျက် ထိုခင်ပွန်းမနှင့် ကာမစပ်ယှက်ခြင်း (၃) ထိုသို့ ကာမစပ်ယှက်သည်ကို လင်ဖြစ်သူက သဘောမတူခြင်းတို့ဖြစ်သည်။ ။ယခုအမှုတွင် တရွာတည်း နေထိုင်သူများဖြစ်ကြသောကြောင့် မကြည်သည် ခင်ဖိုးတီး၏ မယားဖြစ်ကြောင်း၊ မောင်ဖိုးတီးနှင့် တရားဝင်ကွာရှင်းခြင်း မရှိသေးကြောင်းကို လျှောက်ထားသူ ဦးပဏ္ဍိရှေ့ သိနိုင်လောက်သည်၊ သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိသည်။ လျှောက်ထားသူသည် မကြည်အား ကာမ စပ်ယှက်ကြောင်းကို မကြည်ကိုယ်တိုင်က ထွက်ဆိုထားသည်။ လျှောက်ထားသူ၏ အမှုအရာ အားဖြင့်လည်း ပေါ်လွင်သည်။ ဤကိစ္စမျိုးတွင် မျက်မြင် သက်သေရရန် ခဲယဉ်းသည်။ လျှောက်ထားသူက ငြင်းကွယ်သော်လည်း ယုံကြည်လောက်အောင် ဖြေရှင်းတင်ပြခြင်း မပြုနိုင်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။မလာ

**ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရှေ့။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၇ (ခ)၊

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၀ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့စွဲပါ ကျိုက်ထိုမြို့၊ တိုင်းပြည်သူ့တရားရုံး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၇
ဦးပဏ္ဍိဗွေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

တောင်သူ မောင်ဖိုးတီးနှင့် မကြည်တို့ဇနီးမောင်နှံသည် ကျိုက်ထိုမြို့နယ်၊ ပျဉ်းကတိုးကုန်းရွာ၌ ၁၈ နှစ်ခန့် အတူတကွ ပေါင်းသင်းနေထိုင် လာခဲ့ရာ၊ သားသမီး ၇ ယောက်ပင် ရရှိခဲ့ပြီးနောက်၊ ၁၉၇၃ ခုနှစ်၊ ဧပြီလတွင် လင်မယားချင်း စိတ်ဆိုး၍ မကြည်သည် နေအိမ်မှ ဆင်းသွားသည်။ တရွာတည်းနေ တောင်သူ ဦးပဏ္ဍိဗွေသည် အခွင့်ကောင်းယူ၍ မကြည်အား မိမိ၏နေအိမ်၌ လက်ခံထားပြီး ကာမစပ်ယှက်သည်။ ဦးပဏ္ဍိဗွေမှာ ငယ်ရွယ်သူမဟုတ်၊အသက် ၇၀ ရှိလေပြီ၊ မကြည်သည် ဦးပဏ္ဍိဗွေထံ၌ တလခန့် နေထိုင်ပြီးနောက်၊ လင်ဖြစ်သူ မောင်ဖိုးတီးထံ ပြန်လာသည်။ မကြည်အား စွဲလန်းနေသော ဦးပဏ္ဍိဗွေသည် အရှက်အကြောက် ကင်းမဲ့စွာဖြင့် မောင်ဖိုးတီး၏ အိမ်ပေါ်အထိ လိုက်လာ၍ မောင်ဖိုးတီး၏ ရှေ့မှောက်၌ မကြည်အား ဆွဲခေါ်သည်။ ခေါ်၍မရသောအခါ ဦးပဏ္ဍိဗွေပြန်သွားသည်။ မောင်ဖိုးတီးက မခံမရပ်နိုင်၍ ဦးပဏ္ဍိဗွေအပေါ်တွင် မယားခိုးမှုစွဲဆိုသည်။

ကျိုက်ထိုမြို့နယ်၊ ပြည်သူ့တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၁၇/၇၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တနှစ် အပြစ်ပေးခြင်း ခံရပြီး၊ ကျိုက်ထိုမြို့၊ တိုင်းပြည်သူ့တရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၀/၇၃ တွင် အယူခံ ပလပ်ခြင်းခံရသော ဦးပဏ္ဍိဗွေက အောက်ရုံးအမိန့်ကို ပယ်ဖျက်ပေးပါရန် ဤဗဟိုတရားရုံးတွင် ယခုပြင်ဆင်မှု လျှောက်ထားသည်။

မယားခိုးမှုမြောက်ရန် အောက်ပါ အင်္ဂါများနှင့် ပြည့်စုံရမည်။ ယင်းတို့မှာ (၁) လင်ရှိမယားဖြစ်ကြောင်း သိခြင်း၊ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိခြင်း၊ (၂) ယင်းကိုသိလျက် သို့မဟုတ်၊ ယုံကြည်ရန် အကြောင်းရှိလျက် ထိုမိန်းမနှင့် ကာမစပ်ယှက်ခြင်း၊ (၃) ထိုသို့ ကာမစပ်ယှက်သည်ကို လင်ဖြစ်သူက သဘောမတူခြင်းတို့ ဖြစ်သည်။

ယခုအမှုတွင် တရွာတည်း နေထိုင်သူများ ဖြစ်ကြသောကြောင့်၊ မကြည်သည် မောင်ဖိုးတီး၏ မယားဖြစ်ကြောင်း၊ မောင်ဖိုးတီးနှင့် တရားဝင် ကွာရှင်းခြင်း မရှိသေးကြောင်းကို လျှောက်ထားသူ ဦးပဏ္ဍိဗွေ သိနိုင်လောက်သည်၊ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိသည်။

လျှောက်ထားသူသည် မကြည်အား ကာမ စပ်ယှက်ကြောင်း မကြည်ကိုယ်တိုင်က ထွက်ဆိုထားသည်။ လျှောက်ထားသူ၏ အမှုအရာအားဖြင့်လည်း ပေါ်လွင်သည်။ ဤကိစ္စမျိုးတွင် မျက်မြင်သက်သေရရန် ခဲယဉ်းသည်။ လျှောက်ထားသူက ငြင်းကွယ်သော်လည်း ယုံကြည်လောက်အောင် ဖြေရှင်းတင်ပြခြင်း မပြုနိုင်။

၁၉၇၄

ဦးပဏ္ဍိစ္စ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

မကြည်၏လင်ဖြစ်သူ မောင်ဖိုးတီးကမကျေနပ်၍ တရားရုံးတွင်ဦးတိုက်လျှောက်ပြီး တရားစွဲဆိုခဲ့သည်။

တရားလိုဘက်မှ ဤအခြင်းအရာများ ပေါ်လွင်အောင် သက်သေပြနိုင်သဖြင့် မူလရုံးနှင့် အယူခံရုံးတို့က လျှောက်ထားသူ အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိချက်မှာ မှန်ကန်ပေသည်။

လျှောက်ထားသူသည် သူတပါး၏ အိမ်ထောင်ရေးကို ကြီးစွာ အနှောင့်အယှက် ပြုခဲ့သူဖြစ်သည်။ ကျူးလွန်ခဲ့သော လူမှုရေးပြစ်မှုနှင့် နှိုင်းစာလျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် တနှစ်သည် လျော်ကန်သင့်မြတ်ပေသည်။

ဤအကြောင်းများကြောင့် လျှောက်ထားသူ အပေါ်တွင် မူလရုံးနှင့် အယူခံရုံးတို့မှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တနှစ် ကျခံစေရန် ချမှတ်ထားခြင်းကို အတည်ပြု၍ ယခုပြင်ဆင်မှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမေရာမေဒင် *

နှင့်

မသန်းညွန့်

† ၁၉၇၄
ဩဂုတ်လ
၂၈ ရက်။

**နှုတ်သက်သေခံချက်အပေါ် လက်ခံခြင်း၊ တရားဝင် အကြောင်းမယားတို့၏ ပြုမှုဆက်ဆံပုံ။**

**ဆုံးဖြတ်ချက်။** ။နှုတ်သက်သေခံချက်မှာ မည်သူ့ကိုမဆို သင်ကြား၍ လွယ်ကူစွာ သက်သေခံခိုင်းနိုင်သဖြင့် သေချာချင့်ချိန်ဝေဖန်သုံးသပ်ပြီးမှ သာလျှင် လက်ခံရမည်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။အကျိုးဆောင် ဦးထွန်းဝေ။

**ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။** ။အကျိုးဆောင် ဦးတင်အောင်။

မန္တလေးမြို့၊ အရှေ့မြောက်မြို့နယ်၊ ပြည်သူ့တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၆/၇၂ တွင် လျှောက်ထားခံရသူ မသန်းညွန့်က လျှောက်ထားသူ ဦးမေရာမေဒင် အပေါ် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၀ အရ၊ တရားစွဲဆိုခဲ့သည်။ မြို့နယ်ပြည်သူ့ တရားရုံးက ဦးမေရာမေဒင် အပေါ်တွင် ဒဏ်ငွေ ၁,၀၀၀ (တထောင်ကျပ်တိတိ) ပေးဆောင်စေရန်နှင့် အကယ်၍ ဒဏ်ငွေမဆောင်လျှင် အလုပ်မဲ့ထောင်ဒဏ်တနှစ် ကျခံစေရန် အပြစ်ပေးခဲ့လေသည်။

ယင်းကဲ့သို့ အပြစ်ပေးခြင်းမှာ နည်းသည်ဟု မသန်းညွန့်က ယူဆပြီး၊ မန္တလေးမြို့ရုံးထိုင် မန္တလေးတိုင်း ပြည်သူ့တရားရုံးသို့ ဦးမေရာမေဒင် အပေါ်တွင် ပြစ်ဒဏ်တိုးမြှင့်ပေးရန်အတွက် ပြင်ဆင်မှု လျှောက်ထားခဲ့သည်။ မန္တလေးတိုင်း ပြည်သူ့တရားရုံးက ဦးမေရာမေဒင် အပေါ်တွင် ပြင်ဆင်မှု ဖွင့်လှစ်ပြီး အလုပ်မဲ့ထောင်ဒဏ် တနှစ်နှင့် ဒဏ်ငွေ ၁,၀၀၀ (တထောင်ကျပ်တိတိ) ပေးဆောင်ရန်၊ ဒဏ်ငွေမဆောင်က အလုပ်မဲ့ထောင်ဒဏ် ၆ လကျခံရန် ဆုံးဖြတ်ခဲ့လေသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၇ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၅ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့စွဲပါ မန္တလေးတိုင်း ပြည်သူ့ တရားသူကြီးအဖွဲ့ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၄ ဦးမေရာမေဒင် နှင့် မသန်းညွန့်။

ယင်းကဲ့သို့ မန္တလေးတိုင်း ပြည်သူ့တရားရုံးက အမိန့်ချမှတ်ခြင်းကို ဦးမေရာမေဒင်က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သည် လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်၏ လျှောက်ထားချက်များနှင့် လျှောက်ထား ခံရသူအတွက် ဆောင်ရွက်သော အကျိုးဆောင်၏ လျှောက်လဲချက်များကို ကြားနာပြီး ဖြစ်သည့်အပြင် သက်ဆိုင်သည့် အောက်ရုံး အမှုတွဲကိုလည်း သေချာစွာ လေ့လာသုံးသပ်ခဲ့ကြသည်။

မူလတရားရုံးတွင် မသန်းညွန့်က ဦးမေရာမေဒင် အပေါ်၌ တရားစွဲဆိုခြင်းမှာ သူမ၏ အဒေါ်တော်သူ ဒေါ်သိန်းရင် (ကွယ်လွန်သူ)မှာ ဦးမေရာမေဒင်နှင့် မည်သို့မျှ တော်စပ်ခြင်းမရှိဘဲ၊ ဦးမေရာမေဒင်က ဒေါ်သိန်းရင်သည် ၎င်း၏ဇနီး ဖြစ်ပါသည်ဟု သတင်းစာတွင် ကြေငြာသဖြင့် အသရေပျက်မှုပုဒ်မ ၅၀၀ အရ၊ တရားစွဲဆိုခြင်း ဖြစ်လေသည်။

ဦးမေရာမေဒင်က ဒေါ်သိန်းရင်သည် ၎င်း၏ဇနီး ဖြစ်၍သာ သတင်းစာတွင် အမှန်အတိုင်း ကြေငြာသဖြင့် အပြစ်မရှိဟု ထုချေလေသည်။

ထို့ကြောင့် ဤအမှုတွင်အဓိကဆုံးဖြတ်ရမည့် အချက်မှာကွယ်လွန်သူ ဒေါ်သိန်းရင်သည် ဦးမေရာမေဒင်၏ တရားဝင်ဇနီးဟုတ် မဟုတ်ဟူသော အချက်ဖြစ်သည်။

ဒေါ်သိန်းရင်၏ ခင်ပွန်းမှာ နာနာမာမက် (ခေါ်) ဦးစိန်ဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်နှင့် ဦးစိန်တို့ထံ၌ အလုပ်လုပ်ကိုင်ခဲ့သည်၊ ဦးစိန်နှင့် ဒေါ်သိန်းရင်တို့မှာ ဘယဆေးရောင်းသော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ၁၉၅၈ ခုနှစ်တွင် ဦးစိန်ကွယ်လွန် အနိစ္စရောက်ခဲ့သည်။ ဦးစိန် အနိစ္စရောက်ပြီးနောက်၊ ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်ထံတွင် ဆက်လက်၍ အလုပ်လုပ်ကိုင်ရင်း အတူတကွ နေထိုင်ခဲ့ကြသည်။ ၁၉၇၂ ခုနှစ်တွင် ဒေါ်သိန်းရင် ကွယ်လွန်ခဲ့လေသည်။

တရားလိုပြသက်သေ ဦးဂျာနီနှင့် ဒေါ်စိုးစိုးတို့၏ ထွက်ဆိုချက်အရ ဦးမေရာမေဒင်မှာ ဒေါ်သိန်းရင်ထံတွင် လခဖြင့် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားတယောက်ဖြစ်ကြောင်း ပေါ်လွင်သော်လည်း ဦးမေရာမေဒင်က ၎င်းသည်လခ မရရှိကြောင်းဖြင့် ငြင်းဆိုခဲ့လေသည်။ မိမိနှင့် ဆွေမျိုးတော်စပ်ခြင်းမရှိသည့် ပုဂ္ဂိုလ်တဦးတယောက်အတွက် လခမယူဘဲ နှစ်ပေါင်းများစွာ လုပ်ကိုင်ပါသည် ဆိုခြင်းမှာ သဘာဝနှင့် ဆန့်ကျင်နေသည်။

၁၉၇၄
ဦးမေရာမေဒင် နှင့် မသန်းညွန့်။

ကွယ်လွန်သူ ဒေါ်သိန်းရင်သည် ဗုဒ္ဓဘာသာတဦးဖြစ်ပြီး၊ နတ်ကိုးကွယ်သည့် နတ်ကတော်တဦးဖြစ်ကြောင်းဖြင့်လည်း တရားလိုပြသက်သေများက အထောက်အထားများဖြင့် ထွက်ဆိုခဲ့သည်။ ဦးမေရာမေဒင်က ဒေါ်သိန်းရင်သည် ဗုဒ္ဓဘာသာဝင်မဟုတ်ကြောင်း၊ နတ်မကိုးကွယ်ကြောင်း၊ နတ်ကတော်လည်းမဟုတ်ကြောင်းဖြင့် ငြင်းဆိုခဲ့လေသည်။ တန်ဘိုးအားဖြင့် တသိန်းခန့်တန်သော လက်ဝတ်တန်ဆာပစ္စည်းမျိုးကို ဆင်ယင်ထားသည့် မနဲ့လေးနတ်ရုပ်ကို ဒေါ်သိန်းရင်က ၎င်း၏တိုက်တွင် ထိန်းသိမ်းထားရှိခြင်းကို အငြင်းမထွက်ပေ။ အမရပူရမြို့နယ်အပိုင် ရတနာ့ဂူ နတ်ကွန်းတွင် ၁၈ နှစ်အတွက် ဆိုင်းတီးခွင့်ပေးသည့် စာချုပ်တွင် ဒေါ်သိန်းရင် လက်မှတ်ရေးထိုးထားခြင်းမှာလည်း စာချုပ်၌ ပေါ်လွင် ထင်ရှားလေသည်။ နတ်မကိုးကွယ်ဘဲလျက် ရတနာစီချယ်ထားသည့် မနဲ့လေးရုပ်ပုံကို မိမိ၏အိမ်တွင် ထားရှိခြင်းမှာ သဘာဝအားဖြင့် မဖြစ်နိုင်ပေ၊ စာချုပ်စာတမ်းတွင် ဒေါ်သိန်းရင် လက်မှတ်ရေးထိုးထားခြင်းမှာလည်း ၎င်းသည် နတ်၏ အရေးကိစ္စတွင် အရေးပါသည့် ပုဂ္ဂိုလ်တဦးအဖြစ် ဆောင်ရွက်နေသဖြင့်သာလျှင် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း အလွယ်တကူ သဘောပေါက်နိုင်လေသည်။

ဦးမေရာမေဒင်က အထက်ဖော်ပြပါ အချက်များကို မဟုတ်ကြောင်း ငြင်းဆိုသည်။ ၎င်းနှင့် ဒေါ်သိန်းရင်တို့ နုဂါဖဟ် (လက်ထပ်) ခြင်းကသာလျှင် မှန်ကန်ကြောင်း သက်သေထူခဲ့သည်။

ဦးမေရာမေဒင်၏ ထွက်ဆိုချက်အရ ၎င်းနှင့် ဒေါ်သိန်းရင်တို့မှာ ၁၉၆၀ ခုနှစ်၊ မတ်လလောက်က နုဂါဖတ် (လက်ထပ်) ခဲ့သည်ဟု အဆိုရှိခဲ့သည်။ တနည်းအားဖြင့် ဆိုလျှင် ဒေါ်သိန်းရင် မကွယ်လွန်မီ ၁၂ နှစ်ခန့်ကပင် ၎င်းနှင့် ဒေါ်သိန်းရင်တို့မှာ တရားဝင် အကြင်လင်မယားဖြစ်ခဲ့သည်ဟု ဆိုခြင်းဖြစ်သည်။ အကယ်၍သာ ဤအချက်မှန်ကန်ခဲ့လျှင် ဦးမေရာမေဒင်၏ အပြုအမူနှင့် ဒေါ်သိန်းရင်တို့၏ အပြုအမူမှာ အခြားလူများနှင့် ဆက်ဆံပေါင်းသင်းရာတွင် ၎င်းတို့နှစ်ဦး လင်မယားဖြစ်ကြောင်း ပေါ်ပေါ်လွင်လွင် ဖြစ်သင့်ပေသည်။ သဘာဝအားတိုင်းဆိုလျှင် တရားဝင် လက်ထပ်ပြီးသော ဇနီးမောင်နှံတို့မှာ အခြားလူများရှေ့တွင် မိမိတို့သည် အကြင်လင်မယားဖြစ်ကြောင်း ရဲရဲတင်းတင်း ဆက်ဆံပြောဆိုရမည်သာဖြစ်လေသည်။ မည်သူ့ကိုမျှ ရှက်ကြောက်ရန်လိုမည်မဟုတ်ချေ။

ဒေါ်သိန်းရင်ကလည်း ဦးမေရာမေဒင်သည် သူမ၏ တရားဝင်ယောကျ်ား ဖြစ်ခဲ့လျှင် သူမ၏ ဆွေမျိုးများအား ပြောပြရန် နှောင့်နှေးလိမ့်မည်မဟုတ်ချေ။ ဒေါ်သိန်းရင်က ၁၂ နှစ်လုံးလုံး သူမ၏ ဆွေမျိုးများအား လက်ထပ်ကြောင်း မပြောခဲ့ခြင်းမှာ

၁၉၇၄

ဦးမေရာမေဒင်
နှင့်
မြသန်းညွန့်။

သူမနှင့် ဦးမေရာမေဒင်တို့မှာ တရားဝင် လက်ထပ်ခြင်းမရှိ၍သာ မပြောခြင်းဖြစ်ပေလိမ့်မည်။ ]

ဒေါ်သိန်းရင် ကွယ်လွန်သောအခါတွင်လည်း ဦးမေရာမေဒင်သည် တရားဝင် ယောကျ်ားဖြစ်ခဲ့လျှင် ၎င်းဆောင်ရွက်သင့်သည့် ကိစ္စများကို ရဲရဲတင်းတင်း ဆောင်ရွက်ရမည်သာဖြစ်လေသည်။ အသုဘဘိတ်စာတွင် ဒေါ်သိန်းရင်သည် ၎င်း၏ ဇနီး ဖြစ်ကြောင်း ထည့်သွင်းသင့်သည်။ ဒေါ်သိန်းရင်ကို သင်္ဂြိုဟ်ရာတွင်လည်း မူဆလင် ထုံးစံအရ ၎င်းက တာဝန်ယူ၍ သင်္ဂြိုဟ်ရပေမည်။ မိမိ၏တရားဝင်ဇနီးဖြစ်ခဲ့လျှင် မည်သူ့ကိုမျှ ကြောက်ရွံ့နေရန် လိုမည်မဟုတ်ချေ။ ဦးမေရာမေဒင်က၊ ဒေါ်သိန်းရင်၏ အမျိုးများကို ကြောက်ရွံ့ရသဖြင့်၎င်းတို့ စီမံသည့်အတိုင်း ခံရပါသည်ဆိုခြင်းမှာ သဘာဝအားဖြင့် လက်မခံနိုင်ပေ။ လူတို့၏ ထုံးတမ်းအရဆိုလျှင် မည်သည့်ဘာသာကို ကိုးကွယ်သည့် လူမျိုးပင်ဖြစ်စေ လက်ထပ်ထိမ်းမြားခြင်းကိစ္စမှာ အရေးကြီးသော ကိစ္စတရပ်ဖြစ်ပေသည်။ အမျိုးသားနှင့် အမျိုးသမီးတို့သည် အိမ်ထောင်ရေး ဘဝကို တည်ဆောက်ခြင်းမှာ ဘဝတသက်တာအတွက် အလွန်အရေးကြီးသည့် ပြဿနာတရပ်ကို ဆောင်ရွက်ခြင်းဖြစ် လေသည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် တရားဝင်ဆောင်ရွက်ခြင်း ဖြစ်ပါမူ လျှို့ဝှက်စရာ မလိုဘဲ၊ တလောကလုံးကို သိစေရမည်သာ ဖြစ်ပေသည်။ အထူးသဖြင့် တအိမ်ထဲ အတူပေါင်းသင်းနေထိုင်ပါက ပို၍ပင် တလောကလုံးကို လင်မယား ဖြစ်ကြောင်း ထင်ရှားစေသင့်သည်။

ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်နှင့် တရားဝင်လက်ထပ်ကြောင်း စာချုပ် စာတမ်း အထောက်အထား မတင်ပြနိုင်ချေ။ နှုတ်အားဖြင့် သက်သေခံချက်ပေးနိုင်သည့် ပုဂ္ဂိုလ်အချို့ကိုသာ သက်သေထူခဲ့လေသည်။ ထိုသက်သေတို့၏ ထွက်ဆိုချက်များမှာ သံသယရှိစရာ အောက်ပါအချက်များ ပါရှိလေသည်—

(၁) ဦးမေရာမေဒင်၏ ထွက်ဆိုချက်နှင့် ဦးဘစိန် ထွက်ဆိုချက် ကွဲလွဲမှု ရှိနေခြင်း၊ ဦးမေရာမေဒင်က ၎င်းသည် ဒေါ်သိန်းရင်နှင့် လက်ထပ်ရန် အတွက် ဦးသန်းဖေထံသို့ သွားပြီး စတင်တိုင်ပင်ရန် ထွက်ဆိုသော်လည်း၊ ဦးဘစိန်က ၎င်းအနေဖြင့် မေရာမေဒင်နှင့် ဒေါ်သိန်းရင်တို့ နေထိုင်ပုံမှာ လွတ်လွတ်ကင်းကင်း မရှိဟုယူဆ၍၊ ၎င်းကို နကါဖတ် (လက်ထပ်) ရန်အတွက် ဦးသန်းဖေတို့နှင့် အတူ တိုင်ပင်၍ ဆောင်ရွက်ကြကြောင်း ထွက်ဆိုခဲ့လေသည်။

(၂) လက်ထပ်ပွဲ၌ ဒေါ်သိန်းရင်ဘက်မှ ဆွေမျိုးတဦး တယောက်မျှ မပါရှိခြင်း၊

**၁၉၇၄**

**ဦးမေရာမေဒင်
နှင့်
မသန်းညွန့်။**

(၃) လက်ထပ်ပြီးနောက် ဒေါ်သိန်းရင်ဘက်မှဆွေမျိုးများအား အကြောင်းမကြားခြင်း၊

(၄) ဒေါ်သိန်းရင်၏ အရင်က မိတ်ဆွေများကို ပြောမပြခြင်း၊

( ) ဦးထွန်းခင် (ခံပြသက်သေ-၇) ၏ ထွက်ဆိုချက်အရ၊ ဦးမေရာမေဒင်နှင့် ဒေါ်သိန်းရင်တို့မှာ တရားဝင်လက်ထပ်ခြင်း မရှိဟုယူဆရန်ရှိနေခြင်း၊ ဦးထွန်းခင်က "ခင်ဗျားနာမကျန်းဖြစ်နေပြီ၊ မေရာမေဒင်နှင့် ခင်မောင်သန်းတို့ကိုရည်ညွှန်း၍ သူတို့အတွက်ခိုင်လုံတာ ဘာလုပ်ထားလဲလို့ပြောတော့ ဒေါ်သိန်းရင်က သူတို့နှစ်ယောက်အပြင် ဘယ်သူရှိသေးလဲလို့ ပြောပါသည်။ ဒေါ်သိန်းရင်က ငါတို့ဟာ နဂါဖတ်ထားပြီးသားကိစ္စဘဲဟု ကျွန်တော့အား ပြန်၍ ပြောသည်" ဟု ထွက်ဆိုခဲ့သည်။

နှုတ်သက်သေခံချက်မှာ မည်သူကိုမဆို သင်ကြား၍ လွယ်ကူစွာသက်သေခံခိုင်းနိုင်သဖြင့် သေချာစွာ ချင့်ချိန် ဝေဖန် သုံးသပ်ပြီးမှသာလျှင် လက်ခံရမည်ကိုလည်း သတိပြုရပေမည်။ သက်သေများ လက်ထပ်သည့်ခုနှစ်ကို ၁၉၆၀ ခုနှစ်ဖြစ်ကြောင်းတိကျစွာတညီတညွတ်တည်း ပြောပြနိုင်ခြင်းမှာ သင်ကြားပေးထားခြင်းမရှိဟု မဆိုနိုင်ပေ။

ဦးမေရာမေဒင်က အိမ်ထောင်စု ဇယားစာရင်းတွင် ၎င်းသည် အိမ်ထောင် ဦးစီးအဖြစ်ပါဝင်နေ၍ ဒေါ်သိန်းရင်၏ ယောကျ်ားဖြစ်ကြောင်းဖြင့်လည်း တင်ပြသည်။ ယင်းအချက်နှင့် ပတ်သက်၍ ဦးမေရာမေဒင်၏ အကျိုးဆောင်က လျှောက်ထားသည့်အတိုင်း တရားမျှတမှု ဖြစ်စေရန်အတွက်၊ အမျိုးသားမှတ်ပုံတင်ဌာနမှ ဦးဟုတ်ရီဆိုသူကိုလည်း မန္တလေးတိုင်း တရားစီရင်ရေးအဖွဲ့မှ ခေါ်ယူစစ်ဆေး စေခဲ့လေသည်။

ဦးဟုတ်ရီက—

"ပထမတွင် ကျွန်တော်က ဦးမေရာမေဒင်နှင့် ဒေါ်သိန်းရင်တို့ ဇနီးမောင်နှံ(?)

"ပထမတွင် ကျွန်တော်က ဦးမေရာမေဒင်နှင့် ဒေါ်သိန်းရင်တို့ ဇနီးတော်စပ်ကြောင်း ကျွန်တော်ကိုယ်တိုင် ဖြည့်သွင်းရေးသားလိုက်ပါသည်။ တထိုင်တည်းမှာပင် ရကာစ ဦးမောင်ကြီးနှင့်ဦးရဲမင်းတို့က မေရာမေဒင်နှင့် ဒေါ်သိန်းရင်တို့မှာ မည်သို့မှ တော်စပ်ခြင်းမရှိ ဆရာတပည့်ပါဟု ပြောပါသည်၊ ထို့ကြောင့် ကျွန်တော်သည် မေရာမေဒင်၏ နိုင်ငံခြား မှတ်ပုံတင်ကို တောင်းယူ ကြည့်ရှုပါသည်။ ဦးမေရာမေဒင်၏ မှတ်ပုံတင် လက်မှတ်ကို ကြည့်ရှုရာ အမှတ်စဉ် (၁၀) တွင် အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဖော်ပြထားခြင်း မရှိပါ။ အမှတ်စဉ် (၁၃)တွင် ဒေါ်သိန်းရင်အား အဒေါ်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ကျွန်တော်

၁၉၇၄

ဦးမေရာမေဒင်
နှင့်
မသန်းညွန့်။

ကိုယ်တိုင် မှားမှန်းသိသဖြင့် ဒေါ်သိန်းရင်အား ဇနီးဟု ဖော်ပြထားခြင်းကို ဖျက်၍ ပြင်ထားလိုက်ခြင်း ဖြစ်ပါသည် ”

ဟုထွက်ဆိုလေသည်။ ထို့ကြောင့် ဦးမေရာမေဒင်၏ တင်ပြချက်မှာ အထောက်အထား မခိုင်လုံကြောင်း ပေါ်လွင်ခဲ့ပေသည်။

ဦးမေရာမေဒင်သည် နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင်သူတဦးဖြစ်သည်၊ နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေအပိုဒ် ၁၂ တွင် ပြဋ္ဌာန်းထားသည့် အတိုင်းဆိုလျှင် နိုင်ငံခြားသားများ ကိုင်ဆောင်သော လက်မှတ်တွင် ဖော်ပြထားသည့် အချက်အလက်များ တိကျမှု ရှိစေရန်အတွက် အခြေအနေပြောင်းလဲမှုရှိလျှင် မှတ်ပုံတင်ရုံးသို့ ၁၄ ရက်အတွင်း အကြောင်းကြားရမည်ဖြစ်သည်။ ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်နှင့် လက်ထပ်သည်ဟု ဆိုသော်လည်း ၁၂ နှစ်မျှကာလပတ်လုံး မှတ်ပုံတင်ရုံးသို့ အကြောင်းမကြားခဲ့ပေ။ ဦးဟုတ်ရှိက—

“ မေရာမေဒင်၏ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို ကြည့်ရှုရာ အမှတ်စဉ် (၁၁) တွင် အိမ်ထောင်ရှိ မရှိဖော်ပြမထားဘဲ၊ အမှတ်စဉ် (၁၃) တွင် ဒေါ်သိန်းရင်အား အဒေါ်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ အမှတ်စဉ် (၁၀) တွင် အိမ်ထောင် လက်ရှိဟု ဖော်ပြမထားသော်လည်း မုဆိုးဘိုဟု ဖော်ပြထားသည်ကို တွေ့ရပါသည် ”

ဟု ထွက်ဆိုခဲ့လေသည်။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သင့်သည်ကို ဦးမေရာမေဒင်က ဆောင်ရွက်ခဲ့ခြင်းမရှိသည်မှာ ထင်ရှားသည်။ ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်နှင့် တရားဝင်လက်ထပ်ခဲ့ခြင်းမရှိ၍ မှတ်ပုံတင်ရုံးသို့ အကြောင်းမကြားခဲ့ခြင်း ဖြစ်သည်ဟု ယူဆရန်မှတပါး အခြားထင်မြင်ယူဆဘွယ်ရာ အကြောင်းတစုံတရာမရှိချေ။

ဦးမေရာမေဒင်သည် ဥပဒေအရသော်၎င်း၊ လူမှုရေးအရသော်၎င်း တရားဝင်ယောကျ်ားတို့၏၊ မိမိ၏ ဇနီးအပေါ်တွင် ဆောင်ရွက်သင့်သည့် တာဝန်ဝတ္တရားများကို မဆောင်ရွက်ခြင်း ပရှိကြောင်း ပေါ်လွင်နေပေသည်။ လက်ထပ်ပါသည်ဟု နှုတ်သက်သေခံ တင်ပြရုံမျှနှင့် သဘာဝတရားကို ဆန့်ကျင်ပြီးအဓိပ္ပါယ် ကောက်ယူရန် မဖြစ်နိုင်ပေ။ သဘာဝတရားအရဆိုလျှင် ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်၏ တရားဝင်ယောကျ်ားတဦး မဖြစ်နိုင်ကြောင်း ပေါ်လွင်ထင်ရှားခဲ့လေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဦးမေရာမေဒင်သည် ဒေါ်သိန်းရင်၏ တရားဝင်ခင်ပွန်းသည်မဟုတ်ပါဘဲလျက်နှင့် ဒေါ်သိန်းရင်သည် ၎င်း၏ဇနီးပါဟုသတင်းစာတွင် ၂ ကြိမ်တိတိကြော်ငြာခြင်းမှာ အပြစ်ရှိကြောင်း ထင်ရှားပေါ်လွင်လေသည်။

၁၉၇၅ — ဦးမေရာမေဒင်နှင့် မသန်းညွန့်။

ဦးမေရာမေဒင်၏ အကျိုးဆောင်က ဦးမေရာမေဒင်အပေါ်တွင် ထောင်ဒဏ် ပေးထားခြင်းမှာ မသင့်လျော်ကြောင်းဖြင့် လျှောက်လဲခဲ့သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ၊ မည်သူမဆို အခြားသူတဦး၏ အသရေကို ဖျက်လျှင် ထိုသူကို ၂ နှစ်အထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပေသည်။

ဥပဒေအရ အသရေဖျက်မှုကျူးလွန်သူကို ထောင်ဒဏ်ပေးနိုင်သည်မှန်သော်လည်း ဦးမေရာမေဒင်အပေါ်တွင် မန္တလေးမြို့၊ တိုင်းပြည်သူ့တရားရုံးက ထောင်ဒဏ်တနှစ် ပေးခြင်းမှာ အမှု၏ဖြစ်ရပ်နှင့် နှိုင်းချိန်ကြည့်ရာတွင် အနည်းငယ် ကြီးလေးနေသည်ဟု ယူဆရန်ရှိသည်။

သို့ဖြစ်၍၊ မန္တလေးမြို့၊ တိုင်းပြည်သူ့ တရားရုံးက ဦးမေရာမေဒင်အပေါ် ထောင်ဒဏ်တနှစ် ကျခံစေရန် ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်ပြီး ဦးမေရာမေဒင်သည် ၎င်းပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ အလုပ်မဲ့ ထောင်ဒဏ် ၆ လနှင့် ဒဏ်ငွေ ၁,၀၀၀ိ (တထောင်ကျပ်တိတိ) ပေးဆောင်ရန်၊ ဒဏ်ငွေမဆောင်က အလုပ်မဲ့ ထောင်ဒဏ် ၆ လကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးမြမောင်

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးစောလှိုင်)*

†၁၉၇၄ စက်တင်ဘာလ ၁၄ ရက်။

**ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ အမှုစစ်ဆေးကြားနာခြင်း ပြီးဆုံးသော အခါ တရားရုံးက သက်သေခံပစ္စည်းနှင့် ပတ်သက်၍ သင့်တော်သော အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ချမှတ်ရသည်။ ဤကဲ့သို့အမိန့်ချမှတ်ရာ၌ အမှုတွင် နှစ်ဖက်မှတင်ပြသော သက်သေခံချက်များကို အလေးအနက် စဉ်းစားလျက် သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိပါက ယေဘုယျအားဖြင့် ယင်းပစ္စည်းကို သိမ်းဆည်းခြင်းခံရသူသို့ ပြန်ပေးရန် ညွှန်ကြားနိုင်သည်။ ယင်းအမိန့်ကို မကျေနပ်သူသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန်လျှောက်ထားခွင့်ရှိသည်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။ဗဟိုဥပဒေရုံး၊ ရှေ့နေကြီး၊ ဦးမြင့်။

**ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

မြောက်ဥက္ကလာပမြို့၊ (ဃ) ရပ်ကွက်၊ ဝေပုလ္လ ၅ လမ်းနေ၊ ဦးစောလှိုင်သည် လိုင်စင်မဲ့ငွေတိုး ချစားနေကြောင်း မြောက်ဥက္ကလာပမြို့၊ (ဃ) ရပ်ကွက်၊ ဝေပုလ္လ ၃ လမ်းနေ ဦးမြမောင်၏ တိုင်တန်းချက်အရ မြောက်ဥက္ကလာပမြို့၊ တရားရေးဝန်ထမ်း အဆင့် (၃) က ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅၀၈/၇၁ တွင် စစ်ဆေးကြားနာပြီး၊ ငွေတိုးချစားသူများ အက်ဥပဒေပုဒ်မ ၁၇ အရ၊ ဦးစောလှိုင်အား ငွေဒဏ် ၅၀ ကျပ် စီရင်၍၊ အမှုတွင် သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော အပ်ချုပ်စက်ခေါင်းကို

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၀၄(ခ)။

† ၁၉၇၃ ခုနှစ်၊ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၃ တွင် ချမှတ်သော ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့စွဲပါ မြောက်ဥက္ကလာပ မြို့နယ်ရုံးထိုင်း၊ ရန်ကုန်တိုင်း ပြည်သူ့တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၄ — ဦးမြမောင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ (ဦးစောလှိုင်)။

မူလပိုင်ရှင် ဦးဝင်းသို့ ပြန်ပေးစေရန်နှင့် ပတ္တမြားလက်စွပ်ကို သိမ်းဆည်းခြင်းခံရသူ ဦးစောလှိုင်သို့ ပြန်ပေးစေရန် အမိန့်ချသည်။ ဦးစောလှိုင်သည် ငွေဒဏ်နှင့် ပတ်သက်သော အမိန့်ကိုသော်လည်းကောင်း၊ သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်းသည့် အမိန့်ကို သော်လည်းကောင်း အယူခံခြင်း မပြုသော်လည်း ဦးမြမောင်က သက်သေခံပစ္စည်း ပတ္တမြားလက်စွပ်နှင့် သက်ဆိုင်သော အမိန့်ကို မကျေနပ်သဖြင့် ပယ်ဖျက်ပေးပါရန် အယူခံသည်။ သို့ရာတွင် မြောက်ဥက္ကလာပ မြို့နယ်ရုံးထိုင် ရန်ကုန်တိုင်း ပြည်သူ့တရားရုံးက ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၃/၇၃ တွင် အောက်ရုံးအမိန့်ကို အတည်ပြု၍ အယူခံလွှာကို ပလပ်လိုက်သောကြောင့် ဦးမြမောင်သည် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ အမှုစစ်ဆေး ကြားနာခြင်း ပြီးဆုံးသောအခါ တရားရုံးက သက်သေခံပစ္စည်းနှင့် ပတ်သက်၍ သင့်လျော်သော အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ချမှတ်ရသည်။ ဤကဲ့သို့ အမိန့်ချမှတ်ရာ၌ အမှုတွင် နှစ်ဘက်မှတင်ပြသော သက်သေခံချက်များကို အလေးအနက် စဉ်းစားလျက် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိပါက ယေဘုယျအားဖြင့် ယင်းပစ္စည်းကို သိမ်းဆည်းခြင်းခံရသူသို့ ပြန်ပေးရန် ညွှန်ကြားနိုင်သည်။ ယင်းအမိန့်ကို မကျေနပ်သူသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၀ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိသည်။

သက်ဆိုင်ရာအမှုတွင် သက်သေခံပစ္စည်း ၂ ခု ရှိသည့်အနက် အပ်ချုပ်စက်ခေါင်းကို တရားခံ ဦးစောလှိုင်သည် အပေါင်ခံ၍ အတိုးနှင့် ငွေချေးကြောင်း ထင်ရှားသဖြင့် တရားရုံးက ဦးစောလှိုင်အား အပြစ်ပေးပြီး၊ အပ်ချုပ်စက်ခေါင်းကို မူလပိုင်ရှင် ဦးဝင်းသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ တရားလမ်းမှန်ကျသည်။

ကျန်သက်သေခံပစ္စည်း ပတ္တမြား လက်စွပ်ကို တရားခံ ဦးစောလှိုင်သည် အပေါင်ခံ၍ အတိုးနှင့်ငွေချေးကြောင်း တရားလို ဦးမြမောင်၏ အဆိုသာရှိ၍ ခိုင်လုံသော သက်သေခံချက်မရှိ၊ တရားခံ ဦးစောလှိုင်ကလည်း ငြင်းဆိုလျက် ယင်းလက်စွပ်မှာ ဦးစောလှိုင်က ဦးမြမောင်အား အရောင်းခိုင်းလိုက်သော အခြားလက်စွပ်အတွက် အာမခံအဖြစ် ခေတ္တ လက်ခံထားခြင်းသာဖြစ်ကြောင်း သက်သေများ ပြနိုင်သဖြင့် ပတ္တမြားလက်စွပ်နှင့် ပတ်သက်၍ ပြစ်မှုမထင်ရှားကြောင်း တွေ့ရသည့် အလျောက် ယင်းလက်စွပ်ကို သိမ်းဆည်းခြင်းခံရသူ ဦးစောလှိုင်သို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ခြင်းမှာလည်း တရားလမ်းမှန်ကျပေသည်။

သက်သေခံပစ္စည်း ပတ္တမြားလက်စွပ်နှင့် စပ်လျဉ်း၍ ချမှတ်ထားသော အောက်ရုံး အမိန့်ကို အတည်ပြုသည်။ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ရာဇဝတ်ပြင်ဆင်မှု

ညကြူသူအဖြစ် ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄
နိုဝင်ဘာလ
၇ ရက်။

### ဦးမြဝင်း
### နှင့်
### ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

**သက်သေခံဥပဒေ- ကြံရာပါတဦး၏ ထွက်ဆိုချက်ကို မည်သည့်အခါ ကျန်တရားခံတဦးအပေါ်
အသုံးချနိုင်သည်ကို ဆုံးဖြတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ကြံရာပါ တဦး၏ ထွက်ဆိုချက်သည် တန်ဖိုးနည်းပါးသော်လည်း ယင်း ထွက်ချက်ကို လုံးဝပစ်ပယ်ရမည်မဟုတ်၊ ယင်းထွက်ချက်ကို ထောက်ခံသော ပဘ်ဝန်းကျင်အထောက် အထားများရှိပြီး သဘာဝယုတ္တိအားဖြင့် ယုံကြည်သင့်သော ထွက်ချက် ဖြစ်လျှင် အသုံးချနိုင်သည်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။ဗဟိုတရားရုံး ရှေ့နေ ဦးပေါ်ညွန့်။

**ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။** ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

ယခု ပြင်ဆင်မှု တင်သွင်းသူမှာ သင်္ဘောစက်ဆရာ ဦးမြဝင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့ပိုင် "နဂါးတွင်း" အမည်ရှိ သင်္ဘောသည် ကျိုက်လတ်မြို့မှ ဆန်များတင်ပြီး ရန်ကုန်မြို့သို့ လာရာတွင် ဘိုးဘုက်ချောင်းအနီးမှာ အစိုးရပိုင်ဆန်များကို အနီးအနားမှ လာဝယ် ကြသူများအား ရောင်းချသည်ဟု သတင်းရရှိသောကြောင့် သွားရောက် ဖမ်းဆီးသော အခါတွင် ဆန်ဝယ်သူများနှင့် အတူဖမ်းဆီးရမိသည်။ ထို့ကြောင့် သင်္ဘောဆလင် ဦးလှရွှေ အပါအဝင် ၁၇ ဦးတို့အားပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ တရားစွဲဆိုသောအခါတွင် ငယ်သားအချို့လွတ်၍ ခေါင်းဆောင်ပိုင်းမှ ပါဝင်သူများကို အသီးသီးအပြစ်ပေးသည်။ စက်ဆရာ ဦးမြဝင်းလည်း အပြစ်ပေး ခံရသည်။ ဦးမြဝင်းအပေါ် စွပ်စွဲချက်ရှိသည်မှာ ဦးမြဝင်းသည် သင်္ဘောဆလင်

---

* ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၁၂(ခ)။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၃၇ တွင်၊ ချမှတ်သော ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက် နေ့စွဲပါ ကျိုက်လတ်မြို့၊ မြို့နယ်ပြည်သူ့တရားရုံး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၄

ဦးမြဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ဦးလှရွှေနှင့် တကွ ကျန်သင်္ဘောသားများပါ ပူးပေါင်းကြံစည်ပြီးလျှင် ဘိုးတုတ်ဝချောင်း အနီးသို့ ရောက်သောအခါတွင် သင်္ဘော စက်ပျက်ဟန်ဆောင်၍ ပြင်ဆင်သည်။ ထိုအချိန်တွင် အနီးအနားမှ ဆန်လာရောက် ဝယ်သူများကို အစိုးရဆန်များ ရောင်းချသည်ဟူ၍ဖြစ်သည်။

ဦးမြဝင်းက တင်ပြသည်မှာ ဆန်ရောင်းဝယ်သည့် ကိစ္စနှင့် ပတ်သက်၍ မိမိလုံးဝ မသိရပါ။ အမှန်တကယ် စက်ပျက်သောကြောင့် ဘိုးတုတ်ဝချောင်း အနီးတွင် စက်ပြင်သင်နေရခြင်း ဖြစ်ပါသည်။ ဤသို့ စက်ခန်းအတွင်းမှာ စက်ပြင်နေရသည် ဖြစ်သောကြောင့် သင်္ဘောအပေါ်တွင် ဆန်ရောင်းဝယ်ခြင်း ကိစ္စကို မိမိလုံးဝ မသိရကြောင်း ဖြစ်လေသည်။ သင်္ဘောဆလင် ဦးလှရွှေသည် အစိုးရပိုင်ဆန်များ ရောင်းချခြင်းနှင့် ပတ်သက်၍ အပြစ်ရှိကြောင်း ဝန်ခံသည်။ ဆန်များကို ရောင်းချနိုင်ရန်အတွက် စက်ဆရာ ဦးမြဝင်းနှင့် ကြိုတင်တိုင်ပင်ကြပြီးလျှင် ယခင်ကလည်း ဤသို့ပင်ဆန်များ ခိုးယူရောင်းချသော နေရာဖြစ်သည့်ဘိုးတုတ်ဝချောင်း အနီးတွင် ဦးမြဝင်းက သင်္ဘောကို စက်ပျက်ဟန်ဆောင်၍ ရပ်ပေးကြောင်း ထွက်ဆိုသည်။ ဦးလှရွှေ၏ ထွက်ဆိုချက်သည် ပူးတွဲတရားခံဘဦး၏ ထွက်ဆိုချက်ဖြစ်သောကြောင့် ယင်းထွက်ချက် တခုတည်း အနေဖြင့် တန်ဖိုးရှိလိမ့်မည် မဟုတ်ပေ။ သို့ရာတွင် အမှုကိုစိစစ် လေ့လာသော အခါတွင် ထွက်ချက်ကို ထောက်ခံသော ပတ်ဝန်းကျင် အထောက်အထားများ ရှိနေကြောင်းနှင့် သဘာဝယုတ္တိအားဖြင့်လည်း ယုံကြည်သင့်သော ထွက်ဆိုချက် ဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

ကျန်ရာပါတဦး၏ ထွက်ဆိုချက်သည် တန်ဖိုး နည်းပါးကြောင်း စီရင်ထုံး အစောင်စောင်တွင် ပါရှိခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ကျန်ရာပါ တဦးဖြစ်သော ကြောင့် ယင်းထွက်ဆိုချက်ကို လုံးဝပစ်ပယ်ရမည် ဟူ၍လည်း မဆိုသာပေ။ ယခုကိစ္စမှာ ဆလင် ဦးလှရွှေသည် မိမိအတွက် ကိုယ်လွတ်ရုန်းပြီး စက်ဆရာ ဦးမြဝင်းအပေါ် ပုံချသည့် ထွက်ဆိုချက်မျိုး မဟုတ်ချေ။ မိမိကိုယ်တိုင် အပြစ်ကျူးလွန်မိကြောင်းကို ဝန်ခံသည်။ ဤသို့ပြစ်မှု ကျူးလွန်နိုင်ရန်အတွက် စက်ဆရာ ဦးမြဝင်း၏ အကူအညီကို ရယူကြောင်းလည်း ထွက်ဆိုသည်။

ယခုဖမ်းဆီး ရမိခြင်းမှာ ယခင်ကလည်း ထိုနေရာတွင် အလားတူရောင်းချသည့် ကိစ္စများ ပေါ်ပေါက်ခဲ့သည်ဟု သတင်းရရှိသောကြောင့် လိုက်လံဖမ်းဆီးခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အစိုးရဆန်များ ခိုးဝယ်လေ့ရှိသော နေရာတွင်မှ မတော်တဆ စက်ပျက်ရသည် ဆိုခြင်းမှာ တိုက်ဆိုင်လွန်းသည်ဟု ဆိုရပေမည်။ ဆလင် ဦးလှရွှေ

၁၉၇၄
ဦးမြဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ။

သည် ဆန်ဝယ်သူအသွဲ့ လေ့များနှင့် ကြိုတင်ချိန်းဆိုထားပြီး ဘိုးတုတ်ဝချောင်း အနီး တွင် အစိုးရပိုင်ဆန်များကို ရောင်းချခဲ့သည်။ ဤသို့ ရောင်းချနိုင်ရန်အတွက် စက်ဆရာ ၏ အကူအညီ ရရှိမှသာလျှင် ဖြစ်နိုင်ဖွယ်ရာအကြောင်းရှိသည်။ ထို့ကြောင့် ဦးလှရွှေ က စက်ဆရာနှင့် ကြိုတင်တိုင်ပင်ပြီး ပြစ်မှုကျူးလွန်သည် ဆိုခြင်းမှာ ယုတ္တိကင်းမဲ့သည် ဟု မဆိုသာပေ။ ဦးလှရွှေနှင့် ဦးမြဝင်းတို့သည် ငြိုးသူရန်ဖက်များ ဖြစ်ကြောင်းလည်း ဦးလှရွှေကို စစ်ဆေးသော အခါတွင် ပြန်လှန်မေးခွန်းအရဖြစ်စေ၊ အခြားလွတ်လပ် သော သက်သေခံ အထောက်အထားများအရဖြစ်စေ ပေါ်ပေါက်ခြင်း မရှိချေ။

သင်္ဘောမှ ဆန်များ ရောင်းချခြင်းသည် အချိန်အနည်းငယ် အတွင်းမှာ တိတ် တဆိတ် ရောင်းချခြင်း မဟုတ်ပေ။ ဘိုးတုတ်ဝ ချောင်းအနီးတွင် သင်္ဘောရပ်၍ သမ္ဗာန်နှင့်လှေများက လာရောက် ဝယ်ယူခြင်းဖြစ်သည်။ ဤသို့ အချိန်ကြာမြင့်စွာ ဆန်အိတ်များကို သင်္ဘောမှ ထမ်းချပြီး အရောင်းအဝယ် ပြုလုပ်ခြင်းကို စက်ဆရာ ဦးမြဝင်းက လုံးဝမသိပါဟု ဆိုခြင်းသည် ဖြစ်နိုင်ဖွယ်ရာမရှိချေ။ သင်္ဘောမှာလည်း လွန်စွာကြီးမားသော ပင်လယ်ကူးသင်္ဘောကြီးမျိုး မဟုတ်သောကြောင့် စက်ပြင်နေ သည် ဆိုစေကာမူ ဤကဲ့သို့ အထင်အရှား ဆန်အိတ်များ သယ်ချနေခြင်းကို ဦးမြဝင်း သိရမည်သာဖြစ်သည်။

လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ အကျိုးဆောင်ကြီးက ဦးမြဝင်းသည် စက်ဆရာအဖြစ် နှစ်ပေါင်း ၂၄ နှစ်ကျော် အမှုထမ်းခဲ့ရာတွင် အစိုးရ အပြစ်ဒဏ် ခံခဲ့ရသူ မဟုတ်ကြောင်းနှင့် အိမ်ထောင်ရေးနှင့် ပတ်သက်သော ဒုက္ခ အမျိုးမျိုး တွေ့ကြုံနေရသူဖြစ်ကြောင်း တင်ပြသည်။ ဤအချက်များမှာ အပြစ်ဒဏ် သတ်မှတ်ရာနှင့် ပတ်သက်ပြီး သက်ညှာစွာ စဉ်းစားလိုမည် ဆိုပါက စဉ်းစားနိုင်သော အချက်များ ဖြစ်သော်လည်း အပြစ်မှ လွတ်ကင်းအောင် စဉ်းစားနိုင်သော အချက် များ မဟုတ်ချေ။ ဦးမြဝင်း အပေါ်တွင် ထောင်ဒဏ် (၂)နှစ် ချမှတ်ခဲ့ပြီး နိုင်ငံတော် အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ လျှော့ပေါ့သော အပြစ်ဒဏ်များ ကျခံခဲ့ရ သောကြောင့် ယခုအချိန်မှာ အချုပ်မှလွတ်နေပြီဖြစ်ကြောင်း သိရသည်။ ဤပြင်ဆင်မှု ကိုပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးသွင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄
နိုဝင်ဘာလ
၄ ရက်။

## မောင်မြင့်မောင်စိုး

နှင့်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်သီသီ)

**သတင်းစာများတွင်ဖြစ်စေ အခြားရေးသားထုတ်ဝေသော စာစောင် အသီးသီးတို့တွင်ဖြစ်စေ တပါးသူအား အသရေပျက်စေသော အရေးအသားများ ထည့်သွင်း ဖော်ပြသည့် အခါ အယ်ဒီတာနည်းတူ ထည့်သွင်းသူ ကာယကံရှင်၌လည်း မည်သည့်အခါ၌ တာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။သတင်းစာများတွင်ဖြစ်စေ၊ အခြားရေးသား ထုတ်ဝေသော စာစောင် အသီးသီးတို့တွင်ဖြစ်စေ အသရေဖျက်မှုနှင့် ပတ်သက် လာသောအခါတွင် သာမန်အားဖြင့် တာဝန်ခံ အယ်ဒီတာတွင် တာဝန်ရှိသည်။ သို့ရာတွင် အယ်ဒီတာသည် သတင်း အနေနှင့် တည်းဖြတ်ထည့်သွင်း ဖော်ပြခြင်းဖြစ်သည်၊ သို့မဟုတ် သက်ဆိုင်သူ ကာယကံရှင် ကိုယ်တိုင်က ကြော်ငြာသဘော အမည် လိပ်စာများ ဖော်ပြ၍ ထည့်သွင်းခြင်း ဖြစ်သည်ဆိုသော အချက်ကို စိစစ်ဝေဖန်ရန်လိုသည်။ ဤ အမှုတွင် ကာယကံရှင်သည် မိမိအမည်လိပ်စာနှင့်တကွ တယ်လီဖုန်းနံပါတ်တို့ကို ဖော်ပြထားသော ကြောင့် ကာယကံရှင်ကိုယ်တိုင်က အတိအကျ စွပ်စွဲ ရေးသားကြော်ငြာသဘော သက်ရောက်ခြင်း ဖြစ်သဖြင့် အယ်ဒီတာနည်းတူ ထည့်သွင်းသူ ကာယကံရှင်၌လည်း တာဝန်ရှိကြောင်း ဆုံးဖြတ်သည်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။အကျိုးဆောင်၊ ဦးသန်းတင်။

**ပြင်ဆင်ရန် လျှောက်ထားခံရသူ (၁)အတွက်။** ။အကျိုးဆောင်၊ ဦးမောင်မောင် (၆)။

**ပြင်ဆင်ရန် လျှောက်ထားခံရသူ (၂) အတွက်။** ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးသိန်းအောင်။

---

*၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၈(ခ)။

† ၁၉၇၃ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် နေ့စွဲပါ ရန်ကင်းမြို့ထိုင်၊ တိုင်းရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

လျှောက်ထားသူ မောင်မြင့်မောင်စိုးနှင့် လျှောက်ထားခံရသူ ဒေါ်သီသီတို့သည် အကြင်လင်မယား ဖြစ်ခဲ့ကြ၍ တယောက်နှင့်တယောက် မသင့်မြတ်သော အချိန်မှာ မောင်မြင့်မောင်စိုးက ဒေါ်သီသီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အရေးအသားများ ပြည်သူ့ဖလင် စာစောင်တွင် ထည့်သွင်းဖော်ပြသည်။ ဒေါ်သီသီသည် အကယ်ဒမီဆုရ နာမည်ကျော်ရုပ်ရှင် အနုပညာသည်တဦးဖြစ်သည်။ ပြည်သူ့ဖလင် ရုပ်ရှင်တွင် ပါရှိသော ရေးသားချက်များသည် ဒေါ်သီသီ၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်း စေသည်ဟု အသရေဖျက်မှုနှင့် ဖြစ်မှုဆိုင်ရာ ပုဒ်မ ၅၀၀ အရ၊ ဒေါ်သီသီက မောင်မြင့်မောင်စိုးအပေါ်တွင် တရားစွဲသည်။ မှုလစစ်ဆေးသောရုံးက ယင်းပုဒ်မနှင့်ပင် စွဲချက်တင်သောအခါမှာ မောင်မြင့်မောင်စိုးက မကျေနပ်၍ စွဲချက်ကို ပယ်ဖျက်ပေးရန်အတွက် တိုင်းတရားရုံးသို့ လျှောက်ထားသော်လည်း မအောင်မြင်သောကြောင့် ယခုဗဟိုတရားရုံးသို့ရောက်လာရခြင်းဖြစ်လေသည်။ ၁၉၇၄ မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဒေါ်သီသီ)။

မောင်မြင့်မောင်စိုးသည် ဒေါ်သီသီနှင့် ပတ်သက်သော အကြောင်းအရာများကို ပြည်သူ့ဖလင်တွင် ရေးသားဖော်ပြပါရှိသည်ဆိုခြင်းမှာ အငြင်းမထွက်ပေ။ ယင်းဖော်ပြချက်များသည် ဒေါ်သီသီ၏ သိက္ခာကို ထိခိုက်ပြီး အသရေဖျက်မှု မြောက်သည် မမြောက်သည်ဆိုသော အချက်မှာ ယခုအချိန်တွင် စဉ်းစားရန် မပေါ်ပေါက်သေးပေ။ မောင်မြင့်မောင်စိုး၏ အကြောင်းပြချက်မှာ ပြည်သူ့ဖလင် ရုပ်ရှင်စာစောင်တွင် ဖော်ပြပါရှိသော အကြောင်းချက်များသည် ဒေါ်သီသီအပေါ်တွင် သိက္ခာညှိုးနွမ်း၍ အသရေဖျက်မှု မြောက်သည် ဆိုစေကာမူ မိမိအား တရားစွဲဆိုရန် အကြောင်းမရှိပဲ ရုပ်ရှင်စာစောင် တာဝန်ခံ အယ်ဒီတာကိုသာ တရားခံအဖြစ် တရားစွဲဆိုသင့်ကြောင်း ဖြစ်လေသည်။

ထို့ကြောင့် ယခု စဉ်းစားရန်ရှိသည်မှာ ရုပ်ရှင် စာစောင်တွင်ပါရှိသော အချက်အလက်များနှင့် ပတ်သက်၍ တာဝန်ခံ အယ်ဒီတာကို တရားစွဲသင့်သည်၊ သို့မဟုတ် မောင်မြင့်မောင်စိုးကို တရားစွဲသင့်သည်၊ သို့မဟုတ် နှစ်ဦးစလုံးတို့ကို တရားစွဲသင့်သည်ဟူသော ပြဿနာပင် ဖြစ်သေသည်။ သတင်းစာများတွင် ဖြစ်စေ၊ အခြား ရေးသား ထုတ်ဝေသော စာစောင် အသီးသီးတို့တွင်ဖြစ်စေ အသရေဖျက်မှုနှင့် ပတ်သက်လာသောအခါတွင် သာမန်အားဖြင့် တာဝန်ရှိသူမှာ တာဝန်ခံ အယ်ဒီတာပင် ဖြစ်လေသည်။ သို့ရာတွင် တာဝန်ခံ အယ်ဒီတာဖြစ်သူက သတင်းအနေနှင့် တည်းဖြတ်ထည့်သွင်း ဖော်ပြခြင်းဖြစ်သည်။ သို့မဟုတ် သက်ဆိုင်သူ ကာယကံရှင် ကိုယ်တိုင်က ကြော်ငြာသဘော အမည်သိပ်စာများ ဖော်ပြ၍ ထည့်သွင်းခြင်း ဖြစ်သည်ဆိုသော အချက်ကို စိစစ်ဖော်ရန် လိုပေသိမ့်မည်။ မောင်မြင့်မောင်စိုးသည် ဒေါ်သီသီနှင့် ပတ်သက်သော စွပ်စွဲချက်များကို ဖော်ပြထားသည်။ ယင်းစွပ်စွဲချက်များသည်အသရေ

၁၉၇၄ မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်သီသီ)။

ဖျက်မှု မြောက်-မမြောက်။ ယခုအချိန်တွင် ကျွန်ုပ်တို့ ဝေဖန် သုံးသပ်ရန် မသင့်ပေ။ သို့ရာတွင် ယင်းထည့်သွင်းဖော်ပြချက်များနှင့်အတူ မိမိနာမည်၊ လိပ်စာနှင့်တကွ တယ်လီဖုန်း နံပါတ်ကိုလည်း ဖော်ပြထားသောကြောင့် ထိုအချက်အလက်မှာ "ရုပ်ရှင်စာစောင် အယ်ဒီတာအနေဖြင့် စုံစမ်းသိရှိပြီး ရေးသားဖော်ပြသော "သတင်းမျိုးမဟုတ်ပဲ၊ ကာယကံရှင် ကိုယ်တိုင်က အတိအကျစွပ်စွဲ ရေးသားသော ကြော်ငြာသဘော သက်ရောက်သည့် အချက်အလက်များသာ ဖြစ်ပေသည်။

လျှောက်ထားသူ မောင်မြင့်မောင်စိုးအတွက် ဖြစ်စေ၊ လျှောက်ထားခံရသူ ဒေါ်သီသီအတွက်ဖြစ်စေ အကျိုးသက်ဝင်ခြင်း မရှိသော ဗဟိုဥပဒေရုံးမှ ပညာရှိအကျိုးဆောင်က ဝေဖန် တင်ပြသည်မှာ လူတဦးတယောက်၏ အကျင့်သိက္ခာကို ထိခိုက်စေသော အရေးအသားမျိုးကို ရေးသားသူ တဦးသည် ရေးသားချက်ကို သတင်းစာ၊ သို့မဟုတ် စာစောင် အယ်ဒီတာထံ ပေးပို့သည်နှင့်တပြိုင်နက် စွပ်စွဲခံရသူမှာ သတင်းစာ/စာစောင်နှင့် ပတ်သက်သော အသိုင်းအဝိုင်းတွင် နာမည်ပျက်ရတော့မည် ဖြစ်သည်၊ ထိုမှတဆင့် တိုင်းသိပြည်သိ သတင်းစာ/စာစောင်တွင် ထည့်သွင်းဖြန့်ဝေလိုက်သောအခါတွင် ပိုမို၍ နာမည်ပျက် ရတော့မည် ဖြစ်သည်ဟူ၍ ဖြစ်သည်။

ပြည်သူ့ဖလင် စာစောင် အယ်ဒီတာ ဦးလေးဆွေသည် မူလရုံးတွင် သက်သေအဖြစ် အစစ်ခံသော အခါမှသာ မိမိကိုယ်တိုင် တာဝန်ယူ ထည့်သွင်းဖော်ပြခဲ့ကြောင်း ဝန်ခံ ထွက်ဆိုသည်။ ဤသို့ ရဲဝံ့စွာ တာဝန်ယူထွက်ဆိုခြင်းမှာလည်း ပြဿနာပေါ်ပေါက်လျှင် ရင်ဆိုင်ဖြေရှင်းမည်ဆိုသော တာဝန်ခံ အယ်ဒီတာများ၏ ထုံးတမ်းစဉ်လာပင်ဖြစ်သည်။ သို့ရာတွင် အယ်ဒီတာ ဦးလေးဆွေက မည်သို့ပင် တာဝန်ယူဖြေရှင်းပါမည် ဆိုစေကာမူ၊ ဤသို့ထွက်ဆိုကာမျှနှင့် ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး စာစောင်တွင် ထည့်သွင်းသော မောင်မြင့်မောင်စိုးတွင် အပြစ်လွတ်သွားပြီဟု မဆိုနိုင်ချေ။ ဥပဒေအရ စဉ်းစားရန်မှာ သတင်းဖော်ပြချက်များကို မည်သူက တာဝန်ယူဖြေရှင်းရမည်ဟူသော အချက်ပင် ဖြစ်ပေသည်။ လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ ရှေ့နေကြီးက တရားရုံးချုပ်မှ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉(ခ)/၇၃ တွင် ချမှတ်သော စီရင်ချက်အရ၊ သတင်းစာတွင် ပါရှိလျှင် တာဝန်ရှိသူမှာ အယ်ဒီတာပင်ဖြစ်ကြောင်း တင်ပြသည်။ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉(ခ)/၇၃ သည် စီရင်ထုံးမဟုတ်သေးပေ၊ စီရင်ချက်မျှသာ ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေ ထိုအမှုတွင် စဉ်းစားခဲ့သည်မှာ သတင်းထောက်နှင့်အယ်ဒီတာတို့အနက် မည်သူတာဝန်ရှိသည်ဟူသော အချက်ဖြစ်၍၊ ယခုအမှုနှင့် တိုက်ရိုက်သက်ဆိုင်သည်မဟုတ်ချေ။ ယေဘုယျအားဖြင့် သတင်းစာတွင် ပါရှိသော ကိစ္စရပ်များနှင့်ပတ်သက်ပြီး အယ်ဒီတာတွင် တာဝန်ရှိသည်ဆိုသော အချက်မှာ ကမ္ဘာနှင့်အဝှန်း

၁၉၇၄

မောင်မြင့်မောင်စိုး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်သီသီ)။

ကျင့်သုံးလျက်ရှိသော မူတရပ်ဖြစ်ကြောင်း လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီးက တင်ပြသည်။ ကျွန်ုပ်တို့လည်းသဘောတူပါသည်။ သို့ရာတွင် ဤအမှုကဲ့သို့ မိမိကိုယ်တိုင် အမည်သိပ်စာ ဖော်ပြပြီး ကြော်ငြာသဘော အဘိအလင်း စွပ်စွဲသော ကိစ္စမျိုးတွင် ယင်းစွပ်စွဲသူကိုယ်ဘိုင်လည်း အယ်ဒီတာနှင့်အတူ မိမိစွပ်စွဲချက်များနှင့် ပတ်သက်၍ ဖြေရှင်းသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

လျှောက်သားသူ အပေါ်တွင် ယခုအချိန်မှာ စွဲချက်တင်ရုံမျှသာ ရှိပေသေးသည်။ စွဲချက်တင်ခြင်းမှာ အပြစ်ပေးခြင်း မဟုတ်ကြောင်း အများသိသော အချက် ဖြစ်သည်။ မောင်မြင့်မောင်စိုးသည် စာစောင်တွင် ရေးသားသောအခါတွင် ရဲဝံ့၍ တိကျစွာ ဒေါ်သီသီနှင့် ပတ်သက်သော စွပ်စွဲချက်များကို ပြုလုပ်ခဲ့ပေသည်။ မရှင်းလင်းသူများ မေးမြန်းနိုင်ရန်လည်း နေရပ်လိပ်စာနှင့်တကွ တယ်လီဖုန်း နံပါတ်များ ဖော်ပြခဲ့သည်။ အသရေဖျက်မှုနှင့် ပတ်သက်သော အမှုမျိုးတွင် ကင်းလွတ်ချက်များ ရှိသည်ဖြစ်ရာ ပထမကင်းလွတ်ချက်အနေဖြင့် အများပြည်သူ၏ အကျိုးအတွက် မှန်ကန်သောအရာကို စွပ်စွဲခြင်း ဖြစ်ခဲ့လျှင် ပြစ်မှုမမြောက်ပေ။

မောင်မြင့်မောင်စိုးသည် မိမိစွပ်စွဲချက် မှန်ကန်၍ အများအကျိုး သက်ရောက်စေမည်ဆိုလျှင် ရင်ဆိုင်ဖြေရှင်းရန် ဝန်မလေးသင့်ဟု ကျွန်ုပ်တို့ ယူဆသည်။ အယ်ဒီတာ ဦးလေးဆွေနှင့် မောင်မြင့်မောင်စိုးတို့ နှစ်ဦးစလုံးတို့သည် စာစောင်တွင် ပါရှိသော အချက်များနှင့် ပတ်သက်၍ ဖြေရှင်းရန် တာဝန်ရှိပေသည်။ ဗဟိုဥပဒေရုံးအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ အကျိုးဆောင်ကလည်း ထိုအတိုင်းပင် တင်ပြခဲ့သည်။ သို့ရာတွင် အယ်ဒီတာ ဦးလေးဆွေသည် ယခုအချိန်တွင် ကွယ်လွန်အနိစ္စ ရောက်သွားပြီဖြစ်ကြောင်း သိရသောကြောင့် ကျန်ရှိသော မောင်မြင့်မောင်စိုးကသာ ဖြေရှင်းရပေမည်။ အောက်ရုံး ၂ ရုံးတို့က သဘောတူညီစွာ စွဲချက်တင်ထားသော ကိစ္စရပ်တွင် များစွာ လွဲမှားချို့ယွင်းသော အချက်အလက်များ ထင်ရှားစွာ ပေါ်ပေါက်ခြင်း မရှိလျှင် ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရန် သင့်မည်မဟုတ်ချေ။ နောက်ဆုံးအနေနှင့် လျှောက်ထားသူ၏ ပညာရှိရှေ့နေကြီးက မောင်မြင့်မောင်စိုးသည် ဒေါ်သီသီအပေါ် စွပ်စွဲချက်များ ရုပ်ရှင်စာစောင်တွင် ထည့်သွင်း ဖော်ပြခြင်းအားဖြင့် ကိုယ်တိုင် ဖြေရှင်းရမည်ဆိုလျှင် ဒေါ်သီသီကလည်း မောင်မြင့်မောင်စိုးနှင့် ပတ်သက်ပြီး ရုပ်ရှင်စာစောင်တွင် စွပ်စွဲချက်များ ထည့်သွင်းဖော်ပြခဲ့သည် ဖြစ်သောကြောင့် ဖြေရှင်းရန် တာဝန်ရှိမည် ဖြစ်ကြောင်း တင်ပြသည်။ သို့ရာတွင် ဤအချက်မှာ ယခုစဉ်းစားရန် အမှုနှင့် မသက်ဆိုင်ပေ၊ ဒေါ်သီသီတာဝန်ရှိမည့်စိုး၍ မောင်မြင့်မောင်စိုးကို တာဝန်မှ ကင်းလွတ်ခွင့် ပြုရမည်ဟူ၍လည်း မဖြစ်နိုင်ပေ။ ပြင်ဆင်မှု လျှောက်လွှာကို ပယ်သိုက်သည်။

၁၉၇၄ ခုနှစ်

တရားမမှုများ

## စီရင်ထုံးပြုသောမှုခင်းများ

### တရားမမှုများ


| | စာမျက်နှာ |
|---|---|
| ဦးကျော်ရှိန် ပါ ၂ နှင့် ဒေါ်ပုပါ ၃ .... .... .... | ၁ |
| ဦးကျော်သန်း နှင့် { အတွင်းရေးမှူး၊ ရန်ကုန်တိုင်း လျော်ကြေး စိစစ်ရေး ကော်မတီ ပါ ၂။ | ၄ |
| ဒေါ်စောမှို နှင့် မောင်မြသန်း ပါ ၂ .... .... .... | ၆ |
| မဆလီ နှင့် { အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျော်ကြေး အရာရှိ ပါ ၂။ | ၉ |
| ဦးညိုပါ ၂ နှင့် { ပျဉ်းမနားမြို့နယ်၊ ဦးစီးမှူး၊ အလုပ်သမား အရာရှိရုံး၊ ပျဉ်းမနားမြို့ ပါ ၂။ | ၁၁ |
| ဒေါ်ညွန့် [သေဆုံးသူ (ဒု) လက်သမား ဦးရွှေ၏ ဇနီး] နှင့် { လက်ထောက်ဘိုင်း အင်ဂျင်နီယာ၊ ထိန်းသိမ်းရေး ၂၄၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၊ မော်လမြိုင်မြို့။ | ၁၃ |
| ဦးထိုက်စံ နှင့် ဦးထွန်းတင်ပါ ၂ .... .... .... | ၁၅ |
| ဦးထွန်းကြည် နှင့် { အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျော်ကြေးအရာရှိ၊ ပေါင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ။ | ၁၈ |
| ဦးဘိုးခ (ခေါ်) ဦးကျော်မြင့် နှင့် ကိုမောင်မောင် .... .... | ၂၀ |
| ကိုမြိုင် ပါ ၆ နှင့် { ဒေါ်မြသင် (အရွယ် မရောက်သေးသူများဖြစ်သည့် ၁။ မောင်မျိုးမြင့်။ ၂။ မောင်မျိုးလွင်။ ၃။ အေးအေးချိုတို့အတွက် အုပ်ထိန်းသူ)။ | ၂၃ |
| ဒေါ်ရင်ရီ နှင့် ဒေါ်သိန်းလှပါ ၃ .... — — | ၂၇ |

စာမျက်နှာ

ဦးလှသန်း နှင့် ဒေါ်ကျင်နု .... .... .... ၃၂
မသန်းကြည် နှင့် ကိုတင်စိန် ပါ ၂ .... .... .... ၃၄
ဦးသန်းအောင် နှင့် မောင်သန်းမြိုင် .... .... .... ၃၇
အမ်၊ အီး၊ အရစ် (ဖ်) နှင့် မလှကျင် .... .... .... ၄၀

# ညွှန်းချက်

## တရားမမှုများ

စာမျက်နှာ

ဥပဒေများ—

ကာလစည်းကမ်းသတ်ဥပဒေ

တရားမကျင့်ထုံး

မှတ်ပုံတင်ဥပဒေ

အမွေဆက်ခံခြင်းဥပဒေ

အလုပ်သမားလျော်ကြေးဥပဒေ

အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများဥပဒေ

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဒုက္ခသည်ရှင်းလင်းရေးဥပဒေ။

ကာလစည်းကမ်းသတ် ဥပဒေအချက် (၁၃)၊ ခလေးများကို အုပ်ထိန်းရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုတို့က အယူခံ တရားပြိုင်အား ခလေးများနှင့် ပစ္စည်းကို အုပ်ထိန်းရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုသည့် အမှုသည် ကာလစည်းကမ်းသတ် ဥပဒေ အချက် (၁၃) နှင့်အကျုံးဝင်သဖြင့်၊ တနှစ်အတွင်း တရားစွဲဆိုရမည်။

ကိုဖြိုင် ပါ ၆ နှင့် { ဒေါ်မြသင်၊ (အရွယ် မရောက်သေးသူများဖြစ်သည့် ၁။ ဘောင်းမျိုးမြင့်၊ ၂။ မောင်မျိုးသွင်၊ ၃။ ဘေးဒေသချို တို့ အတွက် အုပ်ထိန်းသူ)။ ၂၃

ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) အတွက် ဆန်အိတ်များ မော်တော်ကားပေါ် တင်စဉ် ချော်လဲ၍ ခြေထောက်တွင် ဒဏ်ရာရခြင်း။ အလုပ်သမားခ များ ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)က ဆန်စက် လုပ်ကိုင်သူအား ထုတ်ပေးခြင်း၊ ယင်းမှတဆင့် အလုပ်သမား ခေါင်းဆောင်က ထုတ်ယူပြီး အလုပ်သမားများအား ငွေပေးခြင်း၊ ဆန်စက်လုပ်ကိုင်သူနှင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)တို့ ပဋိညာဉ် စာချုပ်အရ ဆန်စက်လုပ်ကိုင်သူက ဆန်များကို မော်တော်ကားပေါ်သို့ တင်ပေးရန် တာဝန်ရှိခြင်း၊ ဆန်စက် လုပ်ကိုင်သူ အယူခံ တရားလိုတွင် ခြေထောက် ဒဏ်ရာ ရသွားသူ အလုပ်သမားအတွက် လျော်ကြေး ပေးရန် တာဝန်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမားခ များကို ကုန်သွယ်ရေး ကော်ပိုရေး

စာမျက်နှာ

ရှင်းအမှတ် (၁)က သီးခြားထုတ်ပေးခဲ့ သော်လည်း ထိုငွေများကို တိုက်ရိုက်ထုတ်ပေးခဲ့ခြင်း မဟုတ်ပေ။ အလုပ်သမားခများကို ကုန်သွယ်ရေးကော်ပိုရေးရှင်း(၁)က ချက်ဖြင့်သော်ငင်း၊ ငွေသားဖြင့်သော်ငင်း အယူခံ တရားလိုကို ထုတ်ပေးခဲ့သည်။ အယူခံတရားလိုထံ တဖန်အလုပ်သမား ခေါင်းဆောင် ဦးချစ်မြိုင်က ထုတ်ယူပြီး အလုပ်သမားများကို ဝေပေးသည်။ ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) က အလုပ်သမားများကို တိုက်ရိုက် လုပ်ခများ ပေးရန် တာဝန်မရှိချေ။ ထို့ကြောင့် ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁)နှင့် အလုပ်သမားများ စပ်ကြား၌ ပဋိညာဉ်အရ ဆက်စပ်နှီးနွယ်ခြင်း (Privity of contract) မရှိကြောင်းပေါ်လွင်သည်။ အလုပ်သမားများ ရထိုက်သောငွေများကို သီးခြားတွက်ချက်ပြီး အယူခံ တရားလိုအား ပေးခဲ့ခြင်းကြောင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁)၏ အလုပ်သမားများ ဖြစ်သည်ဟု မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံ တရားပြိုင်သည် အယူခံတရားလို၏ အလုပ်သမားဖြစ်သည်။ အယူခံတရားလိုက လျော်ကြေး ပေးရန်တာဝန်ရှိသည်။

ဦးထိုက်စံ နှင့် ဦးထွန်းတင်ပါ-၂ .... .... .... .... ၁၅

**မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ** အိမ်ငှားကစိုက်၍၊ အိမ်ပြင်သည့်ငွေကို ကာလစည်းကမ်းသတ် ကျော်လွန်နေသော အိမ်လခ ကြွေးများမှ နှုတ်ယူခွင့်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။ကာလ စည်းကမ်းသတ် ကျော်လွန်နေသည့် အိမ်လခကြွေးများနှင့် အိမ်ပြင်သည့်အတွက် ကုန်ကျငွေကို ခုနှိမ်ခွင့်မရှိ။

အမ်၊ အီး၊ အရစ်(မ်) နှင့် မလှကျင် .... .... .... ၄၈

**မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇၊ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများ ပေးအပ်၍ ပေါင်နှံခြင်း၊** ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများပေးအပ်၍ ပေါင်နှံသည့် ကိစ္စတွင်စာချုပ်ချုပ်ဆိုရန်လို မလို၊ စာချုပ် စာတမ်း အပ်နှံကြောင်း မှတ်တမ်း ရှိသည့်အခါ **ယင်းမှတတမ်းကို မှတ်ပုံတင်ရန်လို မလို။ ။ဆုံးဖြတ်ချက်။** ။စာချုပ် စာတမ်းများကို အပေါင်ပေး အပ်နှံ၍ ငွေချေးယူခြင်းမှာ ဥပဒေအရ အပေါင်ပြုလုပ်ခြင်း အထမြောက်သဖြင့် ယင်းကိစ္စအတွက် စာချုပ် ချုပ်ရန်မလို၊ သို့ရာတွင် စာချုပ်စာတမ်းများ အပ်နှံခြင်းအတွက် အရေးအသား တခုခုရှိခဲ့လျှင် ယင်းရေးထားသောစာသည် ချေးငွေအတွက် အာမခံအဖြစ် ပေးသည့်ကိစ္စကို သက်သေခံခြင်း ဖြစ်ပါက မှတ်ပုံတင် အက်ဥပဒေပုဒ်မ (၁၇) အရ၊ မှတ်ပုံတင်ရန်မလို၊ အပေါင်ပြုလုပ်ခြင်းကိစ္စတ ရပ်လုံးသည် ရေးသား ထားသည့် စာအပေါ် အခြေပြုပါမူ ယင်းစာကို မှတ်ပုံတင်ရန်လိုအပ်သည်။

ဒေါ်ရင်ရီ နှင့် ဒေါ်သိန်းလှပါ ၃ .... .... .... ၂၇

**အမွေ ဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၈၊ အမွေထိန်းစာ ထုတ်ပေးခြင်း ကိစ္စတွင်** ကွယ်လွန်သူ၏ ကျန်ရစ်သော ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တရားမှုံးကဆုံးဖြတ်ပိုင်ခွင့်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အမွေထိန်းစာ လျှောက်ထားသည့်ကိစ္စ

စာမျက်နှာ

တွင် လျှောက်လွှာတွင် ဖော်ပြထားသည့် ပစ္စည်းများမှာ ကွယ်လွန်သူပိုင်- မပိုင် ကွယ်လွန်သူသည် မည်သည့်ပစ္စည်းများ ထားရစ်ခဲ့သည်။ ယင်းပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသည် မရှိသည်ကို ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ အမွေထိန်းစာ ထုတ်ပေးလိုက်ခြင်းအားဖြင့် ယင်း အမွေထိန်းစာနှင့် ပူးတွဲထားသည့် စာရင်း တွင် ပါရှိသည့် ပစ္စည်းများသည် ကွယ်လွန်သူ ပိုင်ခဲ့သည့် ပစ္စည်းများ ဖြစ်သည်ဟု မှုံးကသတ်မှတ်ပေးခြင်းမဟုတ်ပေ။

ဦးလှသန်း နှင့် ဒေါ်ကျင်နု .... .... .... .... ၃၂

**အမွေပစ္စည်းခန့်ခွဲပေးစေလိုမှုတွင် လိုအပ်သည့်အမှုသည်များကိုထည့်သွင်းပြီးမှ အမွေခွဲဝေ ပြီး မပြီးအချက်ကိုဆုံးဖြတ်ရခြင်း၊ အမှုတွင် လျှောက်ထားသူများ၏ အကျိုး ဆောင်အား သက်သေပြရန် အကြောင်း ပေါ်ပေါက်ပါက အမှုတွင် အကျိုး ဆောင် အဖြစ် ဆက်လက် မဆောင်ရွက်သင့်ခြင်း။ ။ဆုံးဖြတ်ချက်။** ။အမွေ မှုဖြစ်သည့်အတွက် ဦးဖေကြီး၏ ကျန်ရစ်ခဲ့သော အမွေစား အမွေခံများအားလုံး တို့သည် အမှုတွင်ပါဝင်သင့်သည်။ လျှောက်ထား ခံရသူတို့မှာ အမွေစားအမွေခံ များဖြစ်သည်။ ၎င်းတို့အား အမွေခွဲဝေပေးပြီး မပြီး အချက်ကို ၎င်းတို့အား အမှုတွင် တရားပြိုင်များအဖြစ် ထည့်သွင်းပြီး စစ်ဆေး၍သာ ဆုံးဖြတ်ပေးနိုင် မည်။ အခင်းဖြစ် ပစ္စည်းမှာ ဦးဖေကြီး ထားရစ်ခဲ့သည့် အမွေပစ္စည်းဟုတ် မဟုတ် လျှောက်ထားသူတို့ပိုင် ပစ္စည်းဟုတ် မဟုတ်ကိုလည်း လျှောက်ထားခံရ သူတို့ကို တရားပြိုင်များအဖြစ် ထည့်သွင်းပြီးမှ စစ်ဆေး ဆုံးဖြတ် ပေးသင့်သည်။ **ထပ်မံဆုံးဖြတ်ချက်။** ။အမှုတွဲ အရ ဦးအုန်းခင်ကို ဤအမှုတွင် သက်သေပြရန် အကြောင်း ပေါ်ပေါက် နိုင်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် ဦးအုန်းခင်သည် ဤအမှုတွင် ဆက်လက်၍ လျှောက်ထားသူများ၏ အကျိုးဆောင် အဖြစ် မဆောင်ရွက်သင့်ပေ။

ဦးကျော်ရှိန်ပါ(၂) နှင့် ဒေါ်ပုပါ-၃ .... .... .... ၁

**အလုပ်လုပ်ရင်း အမောဆို့ပြီး နှလုံးရပ်၍ သေဆုံးခြင်း ဖြစ်ကြောင်း ဆရာဝန်က ထောက်ခံထားခြင်း၊ ဆရာဝန်ကို ရုံးမှ ခေါ်ယူစစ်ဆေးရန်လို မလို၊ အခြား ရောဂါဝေဒနာကြောင့် သေဆုံးကြောင်း သက်သေပြရန် အလုပ်ရှင်၏ တာဝန် ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။** ။မြို့နယ် ဆရာဝန်၏ သေဆုံးမှုဆိုင်ရာ ဆေးစစ် ချက် ထောက်ခံစာတွင် မကျင်သိန်းမြင့်သည် ရုတ်တရက် အမောဆို့ပြီး နှလုံး ရပ်၍ သေဆုံးခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ အလုပ်ခွင်တွင် အလုပ်လုပ် နေရင်း ရုတ်တရက် အမောဆို့ပြီး သေဆုံးကြောင်း ထင်ရှားသဖြင့် ဆရာဝန်ကို ရုံးမှ ခေါ်ယူ စစ်ဆေးရန်မလိုဟု ကျွန်ုပ်တို့ယူဆသည်။ အကယ်၍ အခြား အကြောင်းကြောင့်၊ သို့မဟုတ် အခြား ရောဂါ ဝေဒနာ စွဲကပ်နေသောကြောင့် မကျင်သိန်းမြင့် သေဆုံးခဲ့သည်ဟု အယူခံ တရားလိုက ဆိုလိုပါလျှင် ထိုအချက်နှင့် ပတ်သက်ပြီး သက်သေပြရန်မှာ အယူခံတရားလို၏ တာဝန်သာ ဖြစ်ခဲ့သည်။

ဦးသန်းအောင် နှင့် မောင်သန်းမြိုင် .... .... .... ၃၇

စာမျက်နှာ

အလုပ်သမား လျော်ကြေးနည်းဥပဒေ ဇယား(၁) မည်သည့်အခါ သက်ဆိုင်ရာ သရာဝန်၏ စစ်ဆေးချက် မလိုသည်ကို ဆုံးဖြတ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမား လျော်ကြေး နည်းဥပဒေ ဇယား (၁) တွင် ဖော်ပြ ထားသောသည့် ဒဏ်ရာများဖြစ်၍ သက်ဆိုင်ရာ ဆရာဝန်ကို မစစ်ဆေးပဲ ယင်း၏ လက်မှတ်ကို သက်သေခံ အဖြစ်လက်ခံနိုင်သည်။

ဒေါ်စောမို့ နှင့် { ၁။ မောင်မြသန်း ၂။ ဥက္ကဋ္ဌ၊ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီ၊ ရန်ကုန်တိုင်း။ } ၆

အလုပ်သမားလျော်ကြေးဥပဒေ၊ မူလကတည်းက တိမ်စွဲကပ်နေကြောင်းကိုသိလျက်နှင့် လုပ်ကိုင်စေသဖြင့် အလုပ် လုပ်ကိုင်စဉ် ကြံဖတ်စ ထိုးမိရာမှ မျက်စိတွင် ဒဏ်ရာ ရသည်။ ယင်းဒဏ်ရာဖြင့် မျက်စိကွယ်ခြင်းအတွက် လျော်ကြေးရပိုင်ခွင့် ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အလုပ်ရှင်သည် မူလကတည်းက အလုပ်သမား၏ မျက်စိတွင် တိမ် စွဲကပ်နေကြောင်း သိလျက်နှင့် အလုပ် လုပ်ကိုင်စေသဖြင့် ကြံကြိတ်ဖိုမှ မီးအရှိန်ကြောင့် တိမ် ရောဂါ ကြွလာပြီး မျက်စိကွယ်ခြင်း ဖြစ်စေကာမူ ယင်းဒဏ်ရာသည် အလုပ်ခွင်တွင် ရရှိသည့် ဒဏ်ရာ ဖြစ်သဖြင့် ယင်း ဒဏ်ရာအတွက် အလုပ်ရှင်တွင် တာဝန်ရှိသည်။ အလုပ်သမား လျော်ကြေး ရပိုင်ခွင့်ရှိသည်။

ဦးညို ပါ (၂) နှင့် { ၁။ ပျဉ်းမနားမြို့နယ် ဦးစီး ဌာနမှူး၊ အလုပ်သမား လျော် ကြေး အရာရှိရုံး၊ ပျဉ်းမနားမြို့။ ၂။ ဦးအောင်ပု(ကြံကြိတ် လုပ်သား၊ သရက်တော ကျွန်းရောင်းဒိုင်၊ ပျဉ်းမနားမြို့)။ } ၁၁

အလုပ်သမားလျော်ကြေးဥပဒေ၊ လျော်ကြေးသတ်မှတ်ရန် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက အလုပ်သမား၏ ဝင်ငွေ မည်၍မည်မျှဖြစ်သည်ဟု ဆုံးဖြတ်ချက်အပေါ် အလုပ်သမားက အယူခံ ပိုင်ခွင့်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အလုပ်သမား တဦး၏ ဝင်ငွေ မည်၍ မည်မျှ ဖြစ်သည်မှာ အကြောင်းအချင်းအရာ အချက်အလက် ဖြစ်သည်။ အလုပ်သမား လျော်ကြေး နည်းဥပဒေပုဒ်မ (၃၀)အရ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို ဥပဒေ အချက်အလက်နှင့် ပတ်သက်၍သာ အယူခံဝင်ပိုင်ခွင့်ရှိသည်။ အကြောင်းအချင်းအရာ အချက်အလက်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ကို အယူခံ ဝင်ပိုင်ခွင့် မရှိ။ သို့ဖြစ်၍ အလုပ်သမားက ၎င်း၏ နေ့တွက်နှုန်းထားနှင့် ပတ်သက်၍ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို အယူခံ ဝင်ပိုင်ခွင့် မရှိ။

ဦးထွန်းကြည် နှင့် { အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျော်ကြေးအရာရှိ၊ ပေါင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီ။ } ၁၇

အလုပ်သမား လျော်ကြေး ဥပဒေ၊ အလုပ်သိမ်းချိန် နောက်ပိုင်း အလုပ်သမား အချင်းချင်း စကားများပြီး ရရှိသည့် ဒဏ်ရာအတွက် လျော်ကြေး ပေးရန်လို

မလို။ ။ဆုံးဖြတ်ချက်။ ။အလုပ်သိမ်းချိန် နောက်ပိုင်း အလုပ် ကိစ္စနှင့်မပတ်သက်ပဲ အလုပ်သမား အချင်းချင်း စကားများပြီး ရန်ဖြစ်ရာက ရရှိသော ဒဏ်ရာအတွက် အလုပ်ရှင်က လျော်ကြေးပေးရန် တာဝန်မရှိ။

ဦးကျော်သန်း နှင့် ၁။ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း လျော်ကြေး စိစစ်ရေးကော်မတီ ၂။ ဦးဟံကြီး။ ၄

အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂(င)၊ ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်မှုကိုယ်စားလှယ်ဟု အဓိပ္ပါယ် ကောက်ယူနိုင် မနိုင်၊ ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးအပေါ် အလုပ်သမား လျော်ကြေး တောင်းပိုင်ခွင့် ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ အလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၂(င)အရ "အလုပ်ရှင်"ဟု အဓိပ္ပါယ်ဖော်ပြချက်တွင်၊ "အုပ်ချုပ်မှု ကိုယ်စားလှယ်" ပါဝင်သည်ဟု ပါရှိသည်။ ပုဒ်မ ၂ (၁) (စ)တွင်၊ "အုပ်ချုပ်မှု ကိုယ်စားလှယ်" ဆိုသည်မှာအခြားသူတဦးဦးအတွက် ကိုယ်စား ဆောင်ရွက် ပေးနိုင်ခွင့် ရှိသူ ဖြစ်သည်ဟု ပြဋ္ဌာန်းထားရာ ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးသည် ကုမ္ပဏီ အတွက် ကိုယ်စားဆောင်ရွက်ပေးပိုင်ခွင့်ရှိသူ အုပ်ချုပ်မှုကိုယ်စားလှယ်မဟုတ် သို့ဖြစ်၍ ၎င်းအပေါ် လျော်ကြေးတောင်းပိုင်ခွင့်မရှိ။

မဆလိ နှင့် ၁။ အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမား လျော်ကြေး အရာရှိ။ ၂။ ဦးအဂ္ဂတာ။ ၉

အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၃၊ အလုပ်ခွင်နှင့်အလုပ်ချိန်အတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်း နှင့် ပတ်သက်သည့် ရှင်းလင်းချက်။ ။ဆုံးဖြတ်ချက်။ ။အလုပ်သွားရန်အတွက် ဘတ်စ်ကားစောင့်ရင်းမူးမေ့လဲကျသွားပြီးသေဆုံးခြင်းသည် အလုပ်ခွင်မှ ထိခိုက်ဒဏ်ရာကြောင့် သေဆုံးခြင်း မဟုတ်၍၊ အလုပ်သမားလျော်ကြေး မရနိုင်။

ဒေါ်ညွန့် [သေဆုံးသူ (ဒု)လက်သမား ဦးရွှေဇံနီး] နှင့် လက်ထောက်တိုင်း အင်ဂျင်နီယာ၊ ထိန်းသိမ်းရေး (၂၄) ဆောက်လုပ်ရေး ကော်ပိုရေးရှင်း၊ မော်လမြိုင်မြို့။ ၁၃

အလုပ်သမားသည် မိမိဝတ္တရား မဟုတ်သည့် ကိစ္စ ဆောင်ရွက်ရာတွင် ဒဏ်ရာရခဲ့ခြင်းအတွက် အလုပ်ရှင်တွင် တာဝန်ရှိ မရှိ၊ ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ (၅) နှင့် (၆)အရ အလုပ်သမား များ၏ အခွင့်အရေးနှင့် တာဝန် ဝတ္တရားများ။ ။ဆုံးဖြတ်ချက်။ စပါးသယ်သည့် ယာဉ်ဖြစ်သဖြင့် ခရီးသည်တင်ခြင်း၊ မော်တော်ယာဉ်ခ တောင်းခံခြင်းမှာ ဝတ္တရားအရ ဆောင်ရွက်ရသည့် ကိစ္စမဟုတ်၊ ယင်းသို့ ဝတ္တရား မဟုတ်သည့် ကိစ္စကို ဆောင်ရွက်ရာတွင် ရရှိသော ဒဏ်ရာအတွက် အလုပ်ရှင်တွင် တာဝန်မရှိ။ ပါစင်ဂျာ တင်ခွင့်မရှိသော မော်တော်ယာဉ်ပေါ်တွင် ပါစင်ဂျာ မတင်ရန် ပိတ်ပင်လျက် ပါစင်ဂျာများတင်ပြီး မော်တော်ယာဉ်ခတောင်းခြင်းမှာ တာဝန်မဲ့ ဆောင်ရွက်မှုဖြစ်သည်။

ဦးသိုးခ(ခေါ်)ဦးကျော်မြင့် နှင့် ကိုမောင်မောင် .... .... ၂၀

စာမျက်နှာ

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူ အက်ဥပဒေပုဒ်မ ၁၀၊ အုပ်ထိန်းခွင့် ပေးရာတွင် စဉ်းစားရမည့် အချက်များ။ ။ဆုံးဖြတ်ချက်။ ။အုပ်ထိန်းခွင့်လျှောက်ထားချက်ကို စဉ်းစားရာတွင် အရွယ်မရောက်သေး သူ၏ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုနှင့် ကောင်းရာ ကောင်းကြောင်း အဝဝ တို့ကို အဓိကထား၍ စဉ်းစားရန်ဖြစ်သည်။

မသန်းကြည် နှင့် ကိုတင်စိန် ပါ (၂) .... .... .... ၃၄

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးကျော်ရှိန်ပါ (၂)

## နှင့်

## ဒေါ်ပုပါ (၃) *

† ၁၉၇၄ အောက်တိုဘာလ ၁၁ ရက်။

**အမွေပစ္စည်းခန့်ခွဲပေးစေလိုမှုတွင် လိုအပ်သည့် အမှုသည်များကို ထည့်သွင်းပြီးမှ အမွေခွဲဝေပြီး မပြီး အချက်ကို ဆုံးဖြတ်ရခြင်း၊ အမှုတွင် လျှောက်ထား သူများ၏ အကျိုးဆောင်အား သက်သေပြရန် အကြောင်း ပေါ်ပေါက်ပါက အမှုတွင် အကျိုးဆောင် အဖြစ် ဆက်လက် မဆောင်ရွက်သင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမွေမှုဖြစ်သည့်အတွက် ဦးဖေကြီး၏ ကျန်ရစ်ခဲ့သော အမွေစား အမွေခံများအားလုံးတို့သည် အမှုတွင်ပါဝင်သင့်သည်။ လျှောက်ထား ခံရသူတို့မှာ အမွေစားအမွေခံများ ဖြစ်သည်။ ၎င်းတို့အား အမွေခွဲဝေပေးပြီး မပြီး အချက်ကို ၎င်းတို့အား အမှုတွင်တရားပြိုင်များ အဖြစ် ထည့်သွင်းပြီးစစ်ဆေး၍သာ ဆုံးဖြတ်ပေးနိုင်မည်။ အခင်းဖြစ် ပစ္စည်းမှာ ဦးဖေကြီးထားရစ်ခဲ့သည့် အမွေပစ္စည်း ဟုတ် မဟုတ် လျှောက်ထားသူတို့ပိုင်ပစ္စည်း ဟုတ် မဟုတ်ကိုလည်း လျှောက်ထား ခံရသူတို့ကို တရားပြိုင်များအဖြစ် ထည့်သွင်းပြီးမှ စစ်ဆေးဆုံးဖြတ်ပေးသင့်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမှုတွဲအရ ဦးအုန်းခင်ကို ဤအမှုတွင်သက်သေ ပြရန် အကြောင်းပေါ်ပေါက်နိုင်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ ထို့ကြောင့် ဦးအုန်းခင်သည် ဤအမှုတွင် ဆက်လက်၍ လျှောက်ထားသူများ၏ အကျိုးဆောင်အဖြစ် မဆောင်ရွက်သင့်ပေ။

**လျှောက်ထားသူအတွက်။** ။ဦးအုန်းခင်၊

**လျှောက်ထားခံရသူအတွက်။** ။မလာ။

ဟင်္သာတမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁/၇၃ တွင် ပြင်ဆင်မှု လျှောက်ထားသူ ဦးကျော်ရှိန်နှင့် ဇနီး ဒေါ်ခင်ခင်တို့က ဒေါ်ပိုးမျှင် ဆိုသူအပေါ်တွင်

---

* ၁၉၇၄ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁။

† ၁၉၇၃ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၁ တွင်ချမှတ်သော ဟင်္သာတမြို့၊ မြို့နယ်ပြည်သူ့တရားရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၄
ဦးကျော်ရှိန်ပါ ၂ နှင့် ဒေါ်ပုပါ ၃ ။

ကွယ်လွန်သူ ဦးဖေကြီး၏ ကျန်ရစ်ခဲ့သော အခင်းဖြစ်မြေနှင့် အိမ်နှင့် ပတ်သက်၍ အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့သည်။ တရားပြိုင်ဒေါ်ပိုးမျှင်က ကွယ်လွန်သူ ဦးဖေကြီး၏ ဆဋ္ဌမ မယားဖြစ်သည်။ လျှောက်ထားသူဦးကျော်ရှိန်မှာ ဦးဖေကြီးနှင့် တတိယမယား ဒေါ်ပုတို့၏ သားဖြစ်သည်ဟု အဆိုရှိသည်။

လျှောက်ထားခံရသူတို့က အထက်ဖော်ပြပါ အမှုတွင်ပုင်းတို့အား ထည့်သွင်း၍ ခုခံခွင့်ပေးရန် တရားမကျင့်ထုံး ကိုဥပဒေအမိန့်(၁)၊ နည်းဥပဒေ (၁၀) အရ လျှောက်လွှာတင်ခဲ့သည်။ လျှောက်ထားခံရသူ ဒေါ်ပုသည် ကွယ်လွန်သူ ဦးဖေကြီးနှင့် ပထမဇနီး ဒေါ်မိတို့၏ သမီးဖြစ်သည်။ လျှောက်ထားခံရသူ အမှတ် (၂) ဦးဘညိုသည် ဦးဖေကြီး၊ ဒေါ်မိတို့၏ ကွယ်လွန်သူ မြေး ဒေါ်မြသန်း၏ ခင်ပွန်းဖြစ်သည်။ လျှောက်ထားခံရသူ အမှတ် (၃) ဒေါ်ရီသည် ဦးဖေကြီးနှင့် ပဉ္စမ ဇနီး ဒေါ်သိန်းတို့၏ သမီးဖြစ်သည်။ အခင်းဖြစ် မြေနှင့် အိမ်မှာ ဦးဖေကြီး မသေခင်က သဒ္ဒါပေး စာချုပ်ဖြင့် လျှောက်ထားခံရသူတို့ကို လွှဲပြောင်းပေးခဲ့ပြီး ဖြစ်သည်ဟု လျှောက်ထားခံရသူတို့က ဆိုသည်။

လျှောက်ထားခံရသူတို့က တရားပြိုင် ဒေါ်ပိုးမျှင်ပေါ်တွင် စွဲဆိုသည့် ဟသ်ာတခရိုင် တရားမ တရားသူကြီးရုံး၊ တရားမကြီးအမှု အမှတ် ၇/၇၅ တွင် လျှောက်ထားသူ အမှတ် (၁) ဦးကျော်ရှိန်က လျှောက်ထားခံရသူများ၏ သက်သေအဖြစ်ဖြင့် အစစ်ခံခဲ့သည်။ အခင်းဖြစ်အိမ်နှင့် မြေမှာ လျှောက်ထားခံရသူတို့ပိုင်ကြောင်း အစစ်ခံခဲ့သည်။ ထိုအမှုတွင် ဦးကျော်ရှိန်၏ အစစ်ခံချက်ကိုယူသည့် တရားသူကြီးမှာ ယခုလျှောက်ထားသူတို့၏ အကျိုးဆောင် ဦးအုန်းခင်ဖြစ်သည်။ ဦးအုန်းခင်ကို ဤအမှုတွင် လျှောက်ထားခံရသူတို့က သက်သေပြုမည်။ ထို့ကြောင့် ဤအမှုကို ဦးအုန်းခင်က လျှောက်ထားသူဘက်မှ မဆောင်ရွက်သင့်ကြောင်း ကန့်ကွက်သည်။

တရားမကျင့်ထုံး ကိုဥပဒေအမိန့် (၁)၊ နည်းဥပဒေ (၁၀) အရ လျှောက်ထားခံရသူတို့ကို အမှုတွင် တရားပြိုင်အဖြစ် ထည့်သွင်းသင့် မသင့်၊ အကျိုးဆောင် ဦးအုန်းခင်သည် လျှောက်ထားသူတို့အတွက် ဆက်လက်ဆောင်ရွက်သင့် မသင့် အချက်နှစ်ချက်နှင့်ပတ်သက်ပြီး နှစ်ဘက်ကို ကြားနာ၍ မြို့နယ်ရုံးက အမိန့်ချမှတ်ခဲ့သည်။ လျှောက်ထားခံရသူတို့ကို အမှုတွင် တရားပြိုင်များအဖြစ်ဖြင့် ထည့်သွင်းခဲ့ပြီး လျှောက်ထားသူတို့၏ အကျိုးဆောင်အဖြစ်ဖြင့် ဦးအုန်းခင် ဆက်လက်မဆောင်ရွက်ရဟု ဆုံးဖြတ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ လျှောက်ထားသူများက ဤပြင်ဆင်မှု လျှောက်လွှာတင်ခြင်းဖြစ်သည်။

လျှောက်ထားခံရသူတို့သည် ကွယ်လွန်သူ ဦးဖေကြီး၏ အမွေစား အမွေခံများ ဖြစ်ကြောင်း အမှုတွဲအရ ပေါ်လွင်သည်။ သို့သော် ဦးဖေကြီး မသေဆုံးမီက လျှောက်ထား ခံရသူတို့ကို အမွေခွဲဝေပေးပြီးပြီ၊ ထို့ကြောင့် လျှောက်ထားသူက ဒေါ်ပိုးမျှင်ပေါ် စွဲသည့် အမွေမှုတွင် ၎င်းတို့အား ထည့်သွင်းရန်မလိုဟု လျှောက်ထားသူတို့က တင်ပြ သည်။

၁၉၇၄

ဦးကျော်ရှိန်ပါ ၂ နှင့် ဒေါ်ပုပါ ၃။

ဦးဖေကြီး မသေဆုံးမီက အမွေခွဲ၍ ပေးပြီးပြီဟု စွပ်စွဲချက်ကို လျှောက်ထားခံရသူ များက ငြင်းသည်။ ထို့အပြင် သဒ္ဒါပေးစာချုပ်အရ အခင်းဖြစ် ပစ္စည်းမှာ ၎င်းတို့ပိုင် ပစ္စည်းဖြစ်သဖြင့် အမှုတွင် ပါဝင်ထိုက်သည်ဟု လျှောက်ထားခံရသူများက တင်ပြ သည်။

အမွေမှုဖြစ်သည့်အတွက် ဦးဖေကြီး၏ ကျန်ရစ်ခဲ့သော အမွေစား အမွေခံများ အားလုံးတို့သည် အမှုတွင် ပါဝင်သင့်သည်။ လျှောက်ထားခံရသူတို့မှာ အမွေစား အမွေခံများဖြစ်သည်။ ၎င်းတို့အား အမွေခွဲဝေပေးပြီး မပြီးအချက်ကို ၎င်းတို့အား အမှုတွင် တရားပြိုင်များအဖြစ် ထည့်သွင်းပြီး စစ်ဆေး၍သာ ဆုံးဖြတ်ပေးနိုင်မည်။ အခင်းဖြစ်ပစ္စည်းမှာ ဦးဖေကြီး ထားရစ်ခဲ့သည့် အမွေပစ္စည်း ဟုတ် မဟုတ် လျှောက် ထားသူတို့ပိုင် ပစ္စည်းဟုတ် မဟုတ်ကိုလည်း လျှောက်ထားခံရသူတို့ကို တရားပြိုင်များ အဖြစ် ထည့်သွင်းပြီးမှ စစ်ဆေးဆုံးဖြတ်ပေးသင့်သည်။

ထို့အပြင် ဤလျှောက်လွှာမှာ တရားမကျင့်ထုံး ကိုဒ်ဥပဒေပုဒ်မ (၁၁၅) အရ တင်သည့်ပြင်ဆင်မှုလျှောက်လွှာဖြစ်သည်။ မြို့နယ်ရုံးတွင် တရားမ ကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် (၁)၊ နည်းဥပဒေ (၁၀) အရ ဆောင်ရွက်ပိုင်ခွင့် အာဏာရှိသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပြီး လျှောက်ထားခံရသူများကို အမှုတွင် တရားပြိုင်များအဖြစ် ထည့်သွင်း ခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက်ရာ၌ ဥပဒေအရ မှားယွင်းချွတ်ချော် တိမ်း စောင်းခဲ့သည်ဟု မဆိုနိုင်ချေ။

ဟင်္သာတခရိုင် တရားမ တရားသူကြီးရုံး တရားမကြီးမှု အမှတ် ၇/၅၆ ၌ လျှောက်ထားသူ ဦးကျော်ရှိန်၏သက်သေခံချက်နှင့် ပတ်သက်ပြီး ဤအမှုတွင် အကျိုး ဆောင် ဦးအုန်းခင်ကို သက်သေပြမည်ဟု လျှောက်ထားခံရသူဘက်က တင်ပြသည်။ အမှုတွဲအရ ဦးအုန်းခင်ကို ဤအမှုတွင် သက်သေပြရန် အကြောင်းပေါ်ပေါက်နိုင်သည် ဟု ကျွန်ုပ်တို့ယူဆသည်။ ထို့ကြောင့် ဦးအုန်းခင်သည် ဤအမှုတွင် ဆက်လက်၍ လျှောက်ထားသူများ၏ အကျိုးဆောင်အဖြစ် မဆောင်ရွက်သင့်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှု လျှောက်လွှာကို ပလပ် လိုက်သည်။ စရိတ် ကျပ် ၅၁ ခွင့်ပြုသည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးထွန်းအောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၄

နိုဝင်ဘာလ ၂၉ ရက်။

ဦးကျော်သန်း

နှင့်

၁။ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း လျော်ကြေး စိစစ်ရေးကော်မတီ။

၂။ ဦးဟံကြီး ။*

**အလုပ်သမား လျော်ကြေး ဥပဒေ၊ အလုပ်သိမ်းချိန် နောက်ပိုင်း အလုပ်သမား အချင်းချင်း စကားများပြီး ရရှိသည့် ဒဏ်ရာအတွက် လျော်ကြေး ပေးရန်လို မလို။**

**ဆုံးဖြတ်ချက်။** ။အလုပ်သိမ်းချိန် နောက်ပိုင်း၊ အလုပ်ကိစ္စနှင့် မပတ်သက်ပဲ အလုပ်သမား အချင်းချင်း စကားများပြီး ရန်ဖြစ်ရာက ရရှိသော ဒဏ်ရာအတွက် အလုပ်ရှင်က လျော်ကြေးပေးရန် တာဝန်မရှိ။

**အယူခံတရားလိုအတွက်။** ။ဦးဘာသည်နှ့်။

**အယူခံတရားခံအတွက်။** ။ကိုယ်တိုင်၊ ဥပဒေရုံး၊ ရုံးသဟာယ မစ္စတာ အက်(စ်)၊ ဘော၊ ဂို(ရှ်) ။

အယူခံ တရားလို ဦးကျော်သန်းသည် အင်းစိန်မြို့ ကြို့ကုန်းရပ်ရှိ ဖန်ချက်စက်ရုံ ပိုင်ရှင်ဖြစ်သည်။ အယူခံတရားပြိုင်အမှတ် (၂) ဦးဟံကြီးသည် သေဆုံးသူ မောင်ထွန်းလှ၏ ဖခင်ဖြစ်သည်။ မောင်ထွန်းလှသည် အထက်တွင်ဖော်ပြခဲ့သည့် ဖန်ချက်စက်ရုံမှ အလုပ်သမားတဦးဖြစ်ခဲ့သည်။

၁၉၇၁ ခု၊ ဇူလိုင်လ ၂၄ ရက်နေ့က စက်ရုံ အတွင်းတွင် မောင်ထွန်းလှနှင့် အခြား အလုပ်သမား မောင်ကြည်ဝင်းတို့ ရန်ဖြစ်ကြရာ မောင်ကြည်ဝင်းက မောင်ထွန်းလှ၏

---

* ၁၉၇၃ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၅၀။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှု အမှတ် ၃၉ တွင်၊ ရန်ကုန်တိုင်းအလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

ဦးခေါင်းကိုသံတုတ်နှင့် ရိုက်လိုက်သည့်အတွက် မောင်ထွန်းလှအား ဆေးရုံတင်ရသည်။ မောင်ထွန်းလှသည် ဆေးရုံတွင် သေဆုံးခဲ့သည်။ မောင်ထွန်းလှ သေဆုံးသည့်ကိစ္စနှင့်ပတ်သက်၍ဖခင်ဖြစ်သူ အယူခံတရားပြိုင်အမှတ် (၂) ဦးဟံကြီးက အလုပ်သမားလျော်ကြေးတောင်းဆိုရာ အယူခံတရားပြိုင် အမှတ် (၁) ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီက ဦးဟံကြီးအား လျော်ကြေးငွေ ၂၉၅၂ ကျပ်ပေးရန်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ (၃၀) အရ အယူခံဝင်ခြင်းဖြစ်သည်။

၁၉၇၄

ဦးကျော်သန်း
နှင့်
၁။ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း လျော်ကြေး စိစစ်ရေးကော်မတီ၊ပါ ၂
၂။ ဦးဟံကြီး။

မောင်ထွန်းလှသည်ဖန်ချက်စက်ရုံမှအလုပ်သမားဖြစ်ကြောင်း၊ အယူခံတရားလိုကဝန်ခံသည်။ သို့သော်ဖန်ချက်စက်ရုံမှ အလုပ်ချိန်မှာ ညနေ ၃ နာရီမိနစ် ၂၀ အထိသာဖြစ်သည်။ မောင်ထွန်းလှ သံတုတ်နှင့်အရိုက်ခံရသည့် အချိန်မှာ ညနေ ၄ နာရီဖြစ်သည်။ ထို့ကြောင့် အလုပ်ချိန်အတွင်း အလုပ်ခွင်တွင်း၌ ဖြစ်သည့်ကိစ္စမဟုတ်သည့်အတွက် အလုပ်သမားလျော်ကြေးပေးရန် တာဝန်မရှိဟု တင်ပြသည်။

စက်ရုံ၏အလုပ်ချိန်မှာ နံနက် ၇ နာရီမှ ညနေ ၃ နာရီမိနစ် ၂၀ (နေ့လည် ၁၁ နာရီမှ ၁၂ နာရီအားလပ်ချိန်) ဖြစ်ကြောင်း သက်သေအထောက်အထားအရ ပေါ်လွင်သည်။ အချင်းဖြစ်သည့်အခါက စက်ရုံအတွင်းတွင်ရှိသည့် အလုပ်သမားများ၏ ထွက်ဆိုချက်နှင့် မောင်ထွန်းလှက ကိုယ်တိုင်ရဲသို့တိုင်သည့် တိုင်ချက်တွင် ဖော်ပြချက်အရ အရိုက်ခံရသည့် အချိန်မှာ စက်ရုံ အလုပ်သိမ်းပြီးသည့် အချိန်တွင်ဖြစ်ကြောင်းပေါ်လွင်သည်။ ထို့ကြောင့် မောင်ထွန်းလှသည် အလုပ်ချိန်အတွင်း အလုပ်ခွင်၌ဒဏ်ရာရရှိခဲ့ခြင်း မဟုတ်ပေ။ သို့ဖြစ်၍ မောင်ထွန်းလှ သေဆုံးသည့် ကိစ္စနှင့်ပတ်သက်၍ အလုပ်ရှင်သည် လျော်ကြေးပေးရန် တာဝန်မရှိချေ။

မောင်ထွန်းလှရရှိခဲ့သည့်ဒဏ်ရာမှာ အလုပ်ချိန်အတွင်းရရှိခဲ့သည့် ဒဏ်ရာမဟုတ်သည့်အပြင် အလုပ်ကိစ္စနှင့် ပတ်သက်၍ ရန်ဖြစ်ခဲ့ရသဖြင့် ရရှိသည့်ဒဏ်ရာမဟုတ်ကြောင်းလည်း ပေါ်လွင်သည်။ အလုပ်သမားအချင်းချင်း စကားများပြီး ရန်ဖြစ်သဖြင့်အရိုက်ခံရ၍ရရှိခဲ့သောဒဏ်ရာဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို လက်ခံသည်။ ရန်ကုန်တိုင်းအလုပ်သမား လျော်ကြေးအရာရှိရုံး အမှုအမှတ် ၃၉ အလည (လျော်ကြေး) ၇၃ တွင် နေ့ရက်မပါ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ အမိန့်ကိုပယ်ဖျက်လိုက်သည်။ စရိတ်ခွင့်မပြု။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁၉၇၄

ဇူလိုင်လ ၅ ရက်။

ဒေါ်စောမို

နှင့်

၁။ မောင်မြသန်း။

၂။ ဥက္ကဋ္ဌ၊ အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ၊ ရန်ကုန်တိုင်း။*

**အလုပ်သမား လျော်ကြေး နည်းဥပဒေ ဇယား (၁)၊ မည်သည့်အခါသက်ဆိုင်ရာ ဆရာဝန် စစ်ဆေးချက်မလိုသည်ကို ဆုံးဖြတ်ခြင်း။**

ဆုံးဖြတ်ချက်။ ။အလုပ်သမား လျော်ကြေး နည်းဥပဒေ ဇယား (၁)တွင် ဖော်ပြထားသည့် ဒဏ်ရာများဖြစ်၍ သက်ဆိုင်ရာ ဆရာဝန်ကို မစစ်ဆေးပဲ ယင်း၏ လက်မှတ်ကို သက်သေခံအဖြစ် လက်ခံနိုင်သည်။

**အယူခံတရားလိုအတွက်။** ။ဒေါက်တာ လှကျော်။

**အယူခံတရားခံအတွက်။** ။ဗဟိုဥပဒေရုံး၊ ဥပဒေဝန်ထမ်း မစ္စတာ ဂို(ရှ်)။

လျှောက်ထားခံရသူ မောင်မြသန်းက သူသည် လျှောက်ထားသူ ဒေါ်စောမို၏ အလုပ်သမားဖြစ်သည်။ ဒေါ်စောမိုပိုင် အငှါးလိုက် မော်တော်ယာဉ်ကို မောင်းရာတွင်၊ ယင်းမော်တော်ယာဉ်မှောက်၍ ဒဏ်ရာရခဲ့သည်။ ယင်းဒဏ်ရာရသည့်အတွက် အလုပ်သမားလျော်ကြေးရရန် ရန်ကုန်တိုင်းအလုပ်သမား လျော်ကြေး ကော်မတီသို့ လျှောက်ထားခဲ့သည်။ အလုပ်သမား လျော်ကြေး ကော်မတီက အလုပ်သမား လျော်ကြေး ငွေ ၃၉၃၁ ကျပ် ၂၀ ပြားကိုလျှောက်ထားသူက လျှောက်ထားခံရသူ မောင်မြသန်းအား ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍လျှောက်ထားသူက အယူခံခြင်း ဖြစ်သည်။ လျှောက်ထားခံရသူ မောင်မြသန်းမှာ မိမိ၏

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၄။

† ၁၉၆၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှု အမှတ် ၇၀ တွင်၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီရုံး၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

၁၉၇၄
ဒေါ်စောမို့
နှင့်
၁။ မောင်မြသန်း
၂။ ဥက္ကဋ္ဌ၊ အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီ၊ ရန်ကုန်တိုင်း။

အလုပ်သမား မဟုတ်ကြောင်း၊ ဆွေမျိုးသားချင်းဖြစ်၍ အလုပ်တွင် ကူပေးခြင်းမျှသာ ဖြစ်ကြောင်း၊ အလုပ်ခွင်တွင် အလုပ်ချိန်၌ရသည့်ဒဏ်ရာမဟုတ်ကြောင်း စသည်ဖြင့် လျှောက်ထားသူ ဒေါ်စောမို့က တင်ပြသည်။

ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီရုံးမှ သက်ဆိုင်ရာ အမှုတွဲတွင် စစ်ဆေးထားသည့် သက်သေထွက်ချက်များကို လေ့လာသည့်အခါ သက်သေ ဦးဝင်းမောင်၊ ဦးအောင်ကြည်၊ ဦးကြည်ရှိန်တာတို့၏ ထွက်ဆိုချက်များအရ လျှောက်ထားခံရသူ မောင်မြသန်းမှာ လျှောက်ထားသူ ဒေါ်စောမို့၏ အလုပ်သမား ဖြစ်ကြောင်းနှင့် လျှောက်ထားခံရသူ ရရှိခဲ့သည့် ဒဏ်ရာများမှာလည်း အလုပ်ခွင်၌ အလုပ်ချိန်တွင် ရရှိခဲ့သော ဒဏ်ရာများ ဖြစ်ကြောင်း ပေါ်လွင်သည်။

မင်္ဂလာဒုံ လေဆိပ်ကားဂိတ်တွင်အငှါးကားဂိတ် ထိုးရန်အချိန်မှာ နံနက် ၁၁ နာရီမှ ည ၇ နာရီဟု သတ်မှတ်ထားသည့်အတွက် မောင်မြသန်း ရရှိသည့် ဒဏ်ရာများမှာ အလုပ်ခွင်၌ အလုပ်ချိန်တွင် ရသည့် ဒဏ်ရာများ မဟုတ်ဟု လျှောက်ထားသူက တင်ပြထားကြောင်း တွေ့ရသည်။ နံနက် ၁၁ နာရီမှ ည ၇ နာရီဟုသတ်မှတ်ထားသည့် အချိန်မှာ မင်္ဂလာဒုံလေဆိပ်က ဂိတ်ထိုးချိန် သတ်မှတ်ချက်ဖြစ်သည်။ လျှောက်ထားသူ၏ မော်တော်ယာဉ်မှာ အငှါးလိုက်သည့် မော်တော်ယာဉ် ဖြစ်သည်။ ယင်းအငှါးလိုက်မော်တော်ယာဉ်သည် နံနက် ၁၁ နာရီမှ ည ၇ နာရီအထိသာ မင်္ဂလာဒုံ လေဆိပ်မှ ခရီးသည်များ တင်ဆောင်ရမည်ဟု ကန့်သတ်ထားသော အထောက်အထား မတွေ့ရချေ။ အငှါးလိုက် မော်တော်ယာဉ် တစင်းအနေဖြင့် အခြား အချိန်များတွင် ခရီးသည် မတင်မဆွဲရဟု ကန့်သတ်ချက် အထောက်အထားလည်းမရှိချေ။ ထို့ကြောင့် လျှောက်ထားသူ၏ အငှါးမော်တော်ယာဉ် မှောက်သည့် အခါက အလုပ်အချိန်တွင် မှောက်ခဲ့ခြင်း မဟုတ်ဟု အဆိုပြုချက်ကို လက်ခံရန် အကြောင်းမရှိပေ။

ထို့ပြင် လျှောက်ထားသူက မောင်မြသန်းသည် မည်သူ၏ ခွင့်ပြုချက်မှ မရပဲ ကားကို အလုပ်ချိန်မဟုတ်သော နံနက် ၇ နာရီထိုးက ယူသွားသဖြင့် အလုပ်ချိန် မဟုတ်သော နံနက် ၉ နာရီ ၃၀ မိနစ်အချိန်တွင် ကားမှောက်မှု ဖြစ်ရပါသည်ဟု ဆိုသည်။ ကားကြီးတစင်းလုံး မိမိခြံဝင်းအတွင်းမှ ထုတ်ယူမောင်းနှင်သွားသည့်ကိစ္စကို မိမိတို့ခွင့်ပြုချက် မရှိပါ၊ မသိရပါဟု လျှောက်ထားသူက ငြင်းဆိုသည်။ ထိုငြင်းဆိုချက်ကို လက်မခံနိုင်ချေ။

လျှောက်ထားခံရသူ မောင်မြသန်းတွင် အငှါးလိုက် မော်တော်ယာဉ်မောင်းခွင့် လိုင်စင် မရှိသည့်အတွက် မိမိ၏ အလုပ်သမား မဟုတ်ဟုလည်း လျှောက်ထားသူ ဒေါ်စောမို့က တင်ပြသည်။ ဤတွင် အလုပ်သမားနှင့် အလုပ်ရှင်ဆိုသော စကားရပ်၏

၁၉၇၄
—
ဒေါ်စောမှီ နှင့် ၁။ မောင်မြသန်း ၂။ ဥက္ကဋ္ဌ၊ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၊ ရန်ကုန်တိုင်း။

အဓိပ္ပါယ်ကို ရှင်းလင်းရန် လိုပေသည်။ အလုပ်သမား ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားအသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေး ဝမ်းကျောင်းပြုနေရသူကိုဆိုပြီး၊ အလုပ်ရှင်ဆိုသည်မှာ အလုပ်သမားကို လုပ်ခပေးရန် တာဝန်ရှိသူကို ဆိုခြင်းဖြစ်သည်။ လျှောက်ထားခံရသူ မောင်မြသန်းတွင် အငှါးလိုက်မော်တော်ယာဉ် မောင်းခွင့်လိုင်စင် ရှိ-မရှိအချက်မှာ အလုပ်ရှင်-အလုပ်သမား ဟုတ်-မဟုတ်ကိစ္စနှင့် မည်သို့မျှ မသက်ဆိုင်ချေ။

လျှောက်ထားခံရသူ ရရှိခဲ့သည့် ဒဏ်ရာများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ဆရာဝန်ကိုခေါ်၍မ စစ်ဆေးပဲ ယင်းဆရာဝန်၏ လက်မှတ်ကို သက်သေခံအဖြစ်ဖြင့် လက်ခံထည့်သွင်းထားခြင်းမှာ ဥပဒေအရမှားယွင်းချွတ်ချော်နေသည်ဟု လျှောက်ထားသူ၏ အကျိုးဆောင်ကြီးက တင်ပြခဲ့သည်။ လျှောက်ထားခံရသူ မောင်မြသန်း ရရှိသည့် ဒဏ်ရာများမှာ အလုပ်သမား လျော်ကြေး နည်းဥပဒေ ဇယား (၁) တွင် ဖော်ပြထားသည့် ဒဏ်ရာများ ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဆရာဝန်ကို မစစ်ဆေးပဲ ယင်း၏ လက်မှတ်ကိုသက်သေခံအဖြစ်ဖြင့်လက်ခံနိုင်သည်။ **ဦးဝင်းဖေ** နှင့် **မောင်တင်သိန်း**(၁) တို့ အမှုကို ကြည့်ပါ။

အထက် ဖော်ပြပါအကြောင်းများကြောင့် လျှောက်ထားသူက လျှောက်ထားခံရသူ မောင်မြသန်းအား အလုပ်သမား လျော်ကြေးပေးစေဟု ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီက ချမှတ်သည့် အမိန့်ကို အောက်ပါ ပြင်ဆင်ချက်ဖြင့် အတည်ပြုလိုက်သည်—

> လျှောက်ထားခံရသူ မောင်မြသန်းမှာ လက်မပြတ်သွားသည့်အတွက် လျော်ကြေးမှာ ၂၅ ရာခိုင်နှုန်းဖြစ်ပြီး၊ လက်သူကြွယ်နှင့် လက်သန်းများတို့၏အကြောတင်သွားသောကြောင့် ဆုံးရှုံးမှုအတွက် ၅ ရာခိုင်နှုန်းစီသာ ဥပဒေအရ ရထိုက်စေရမည်။ စုစုပေါင်း လျော်ကြေး ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းသာ ရသင့်စေရမည်။ ထိုနှုန်းအဘိုင်း တွက်လျှင် လျော်ကြေးငွေမှာ ကျပ်ငွေ ၂၇၅၁ ကျပ် ၈၄ ပြား ဖြစ်သည်။ ထို့ကြောင့် လျော်ကြေး ပမာဏကို ကျပ်ငွေ ၂၇၅၁ ကျပ် ၈၄ ပြား ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ပြင်ဆင်သတ်မှတ်လိုက်သည့်အတိုင်း ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး စာမျက်နှာ (၁၀၉၇)။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးထွန်းအောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မဆလီ

နှင့်

† ၁၉၇၄
နိုဝင်ဘာလ
၂၉ ရက်။

၁။ အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမားလျော်ကြေးအရာရှိ။

၂။ ဦးအက္ကဘာ။*

**အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂(င)၊ ကုမ္ပဏီ၏အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်မှုကိုယ်စား ကိုယ်စားလှယ်ဟု အဓိပ္ပါယ် ကောက်ယူနိုင်၊ မနိုင် ကုမ္ပဏီ၏အုပ်ချုပ်ရေးမှူးအပေါ် အလုပ်သမားလျော်ကြေး တောင်းပိုင်ခွင့်ရှိ မရှိ။**

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂ (င)အရ၊ "အလုပ်ရှင်"ဟုအဓိပ္ပါယ်ဖော်ပြချက်တွင်၊ " အုပ်ချုပ်မှု ကိုယ်စားလှယ်" ပါဝင်သည်ဟု ပါရှိသည်။ ပုဒ်မ ၂(၁)(စ)တွင "အုပ်ချုပ်မှုကိုယ်စားလှယ် " ဆိုသည်မှာ အခြားသူ တဦးဦးအတွက်ကိုယ်စား ဆောင်ရွက်ပေးနိုင်ခွင့် ရှိသူ ဖြစ်သည်ဟု ပြဋ္ဌာန်းထားရာ ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးသည် ကုမ္ပဏီအတွက် ကိုယ်စား ဆောင်ရွက် ပေးပိုင်ခွင့်ရှိသူ အုပ်ချုပ်မှု ကိုယ်စားလှယ် မဟုတ်၊ သို့ဖြစ်၍ ၎င်းအပေါ် လျော်ကြေး တောင်းပိုင်ခွင့်မရှိ။

**အယူခံတရားလိုအတွက်။ ။ဦးစိန်ဖူး။**

**အယူခံတရားခံအတွက်။ ။ရုံးသဟာယ အတွက် ဥပဒေဝန်ထမ်း အဆင့် (၁) မစ္စတာ အက်(စ်)၊ကေ၊ ငို(ရှ်)။**

ကွယ်လွန်သူ ဦးအောင်သူ ဆိုသူသည် ဘီးလင်းမြို့နယ်အတွင်းရှိ မရမ်းကုန်း ရာဘာခြံမှ အလုပ်သမားတဦးဖြစ်ခဲ့သည်။ ရာဘာခြံကာကွယ်ရေးအဖြစ်အမှုထမ်းခဲ့သည်။ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ည ၁၀ နာရီအချိန်တွင်

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၄၄။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှု အမှတ် ၁ တွင်သထုံခရိုင်အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီရုံး၏ ချမှတ်သော စီရင်ချက်ကို အယူခံဝင်မှု။

၁၉၇၄

မဆလီ
နှင့်
၁။ အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမားလျော်ကြေး အရာရှိ။
၂။ ဦးအက္ကဘား

အဆိုပါရာဘာခြံသို့ သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်စဉ် ဦးအောင်သူသည် ဒဏ်ရာရ၍ သေဆုံးခဲ့သည်။

ဦးအောင်သူသည် ရာဘာခြံကို ကာကွယ်ရင်း သေဆုံးသွားသည့်အတွက် ရာဘာခြံပိုင်ရှင်များက ဦးအောင်သူ၏ဇနီးဖြစ်သူ ဒေါ်စောကြည်ကို ဦးအောင်သူသေဆုံးသည့်အချိန်ကစ၍ ရာဘာခြံ ပြည်သူပိုင်ပြုလုပ်သည့် ၁၉၆၄ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့အထိပင်စင်အဖြစ်ဖြင့် တလ ၉၀ိ ပေးခဲ့သည်။ ယင်းရာဘာခြံကို ပြည်သူပိုင်သိမ်းလိုက်ပြီးနောက် ခြံပိုင်ရှင်များက ပင်စင်လစာမပေးတော့သည့်အတွက် ဦးအောင်သူ၏သမီးဖြစ်သူ လျှောက်ထားသူ မဆလီကမိမိ၏အဖေ သေဆုံးခြင်းကိစ္စနှင့် ပတ်သက်ပြီး အလုပ်သမားလျော်ကြေးရလိုကြောင်း၊ ရာဘာခြံကုမ္ပဏီ၏ အတွင်းရေးမှူးဟောင်း လျှောက်ထားခံရသူအမှတ် (၂) ဦးအက္ကဘားအပေါ်တွင် သထုံခရိုင် အလုပ်သမားအရာရှိထံလျှောက်ထားခဲ့သည်။

သထုံခရိုင်အလုပ်သမား လျော်ကြေးစီစစ်ရေး ကော်မတီက ဦးအောင်သူ၏ဇနီး ဒေါ်စောကြည်အား ရာဘာခြံကုမ္ပဏီက လစဉ်ပင်စင်အဖြစ် ပေးခဲ့သည့် ငွေများမှာ ဦးအောင်သူသေသည့်အတွက် ပေးရမည့်လျော်ကြေးထက် ပိုနေသည့်အပြင် မဆလီ၏လျှောက်လွှာမှာကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဟု အကြောင်းပြ၍လျှောက်လွှာကိုပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ (၃၀) အရ အယူခံဝင်ခြင်းဖြစ်သည်။

အမှုတွဲများအရ အယူခံတရားပြိုင်အမှတ် (၂) ဦးအက္ကဘားသည် မရမ်းကုန်း ရာဘာခြံကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူး ဖြစ်ကြောင်း ပေါ်လွင်သည်။ အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၂ (င) အရ "အလုပ်ရှင်" ဟုအဓိပ္ပါယ်ဖော်ပြချက်တွင် "အုပ်ချုပ်မှုကိုယ်စားလှယ်ပါဝင်သည်" ဟုပါရှိသည်။ ပုဒ်မ ၂ (၁) (စ) တွင် "အုပ်ချုပ်မှုကိုယ်စားလှယ်" ဆိုသည်မှာ အခြားသူ တဦးဦးအတွက် ကိုယ်စားဆောင်ရွက်ပေးနိုင်ခွင့်ရှိသူ ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ လျှောက်ထားခံရသူအမှတ် (၂) ဦးအက္ကဘားသည် မရမ်းကုန်း ရာဘာခြံကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးသာဖြစ်သည်။ ယင်းကုမ္ပဏီအတွက် ကိုယ်စားဆောင်ရွက်ပေးပိုင်ခွင့်ရှိသူ အုပ်ချုပ်မှုကိုယ်စားလှယ်မဟုတ်ပေ။ ထို့ကြောင့် အယူခံတရားလို မဆလီသည် အယူခံတရားပြိုင်အမှတ် (၂) ဦးအက္ကဘားပေါ်တွင် မိမိ၏ဖခင် ဦးအောင်သူ သေဆုံးသွားသည့်ကိစ္စနှင့်ပတ်သက်၍ အလုပ်သမားလျော်ကြေး တောင်းပိုင်ခွင့် မရှိချေ။ ထို့ကြောင့် ဤအယူခံကိုစရိတ်မရှိပလပ်လိုက်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးညို ပါ ၂ † ၁၉၇၄ ဒီဇင်ဘာလ ၁၉ ရက်။

နှင့်

၁။ ပျဉ်းမနားမြို့နယ် ဦးစီးဌာနမှူး၊ အလုပ်သမားလျော်ကြေး အရာရှိရုံး၊ ပျဉ်းမနားမြို့။ *

၂။ ဦးအောင်ပု၊ ကြံကြိတ်လုပ်သား၊ သရက်တောကျွန်း ရောင်းဒိုင်၊ ပျဉ်းမနားမြို့။

အလုပ်သမား လျော်ကြေး ဥပဒေ၊ မူလကတည်းက တိမ်ခွဲကပ်နေကြောင်းကို သိလျက်နှင့် လုပ်ကိုင်စေသဖြင့် အလုပ်လုပ်ကိုင်စဉ် ကြံဖတ်စ ထိုးမိရာမှ မျက်စိတွင် ဒဏ်ရာရသည်။ ယင်း ဒဏ်ရာဖြင့်မျက်စိကွယ်ခြင်းအတွက် လျော်ကြေး ရပိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အလုပ်ရှင်သည် မူလကတည်းက အလုပ်သမား၏ မျက်စိတိမ်စွဲကပ်နေကြောင်းသိလျက်နှင့် အလုပ်လုပ်ကိုင်စေသဖြင့် ကြံကြိတ်ဖိုမှ မီးအရှိန်ကြောင့် တိမ်ရောဂါကြွလာပြီး မျက်စိကွယ်ခြင်း ဖြစ်စေကာမူ၊ ယင်းဒဏ်ရာသည် အလုပ်ခွင်တွင် ရရှိသည့် ဒဏ်ရာဖြစ်သဖြင့် ယင်းဒဏ်ရာအတွက် အလုပ်ခွင်တွင် တာဝန်ရှိသည်၊ အလုပ်သမား လျော်ကြေး ရပိုင်ခွင့်ရှိသည်။

အယူခံတရားလိုအတွက်။ ။အကျိုးဆောင်၊ ဦးအောင်သူ။

အယူခံတရားခံအတွက်။ ။ရှေ့သဟာယအတွက် ဥပဒေဝန်ထမ်း အဆင့် (၁)၊ မဇ္ဈတာ အက်(စ်)၊ ကော၊ ဂို(ရှ်)။

အယူခံ တရားလိုဘိုသည် ကြံကြိတ်ဖို ပိုင်ရှင်များဖြစ်ကြသည်။ အယူခံ တရားပြိုင်အမှတ် (၂) ဦးအောင်ပုသည်၊ ယင်း ကြံကြိတ်ဖိုတွင် နေ့စား အလုပ် သမား ဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၀။

† ၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၂ တွင် ဦးအောင်မြိုင်သန်း (မြို့နယ် ဦးစီးဌာနမှူး) ပျဉ်းမနားမြို့၊ အလုပ်သမား ဥပဒေ စစ်ဆေးရေး အလုပ်သမား လျော်ကြေး အရာရှိ။

၁၉၇၄

ဦးညို ပါ၂ နှင့်

၁။ ပျဉ်းမနား မြို့နယ်ဦးစီး ဌာနမှူး၊ အလုပ်သမား လျော်ကြေး အရာရှိရုံး၊ ပျဉ်းမနားမြို့။

၂။ ဦးအောင်ပု (ကြံကြိတ်လုပ်သား၊ သရက်တော ကျွန်းရောင်းဗိုင်၊ ပျဉ်းမနားမြို့)။

၁၉၇၂ ခုနှစ်၊ ဇွန်ဘာလ ၁၃ ရက်နေ့ ည အချိန်က ဦးအောင်ပုသည် ကြံဖတ်များ သယ်၍ မီးထိုး လုပ်ကိုင်နေစဉ်၊ ၎င်း၏ လကျာ်ဘက် မျက်စေ့ကို ကြံဖတ်စဖြင့် ထိုးမိခဲ့သည်။ ဆေးရုံတွင် ကုသခဲ့သော်လည်း ယင်း မျက်စေ့မှာ ကွယ်သွားသည်၊ ထို့ကြောင့် အလုပ်သမား လျော်ကြေး ရလိုကြောင်း တောင်းဆိုသည်၊ အယူခံ တရားပြိုင် အမှတ် (၁) ဖြစ်သည့် အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီက ဦးအောင်ပုအား ၁,၅၇၂ ကျပ်၊ ၄၇ ပြား အယူခံတရားလိုတို့က ပေးရန် အမိန့် ချမှတ် ခဲ့လေသည်။ ယင်း အမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေး ဥပဒေ ပုဒ်မ ၃၀ အရ၊ ယခု အယူခံ ဝင်ခြင်း ဖြစ်သည်။

အယူခံတရားလိုတို့က ဦးအောင်ပုသည် ၎င်းတို့၏ အလုပ်သမား တဦးဖြစ်ကြောင်း ဝန်ခံသည်။ သို့သော် အလုပ်ခွင်တွင် ကြံဖတ် အစ ထိခိုက်မိသဖြင့် ညာဘက် မျက်စေ့ ဒဏ်ရာရပြီး ယင်း ဒဏ်ရာကြောင့် ကွယ်ခဲ့သည်ကို ငြင်းသည်။ သို့သော် ဦးညို၏ ထွက်ဆိုချက်အရ၊ ဦးအောင်ပု၏ ညာဘက် မျက်စေ့သည် မူလ အစကတည်းကပင် တိမ်စွဲကပ်၍ နေပြီး ကြံကြိတ်ဖိုတွင် မီးထိုး လုပ်ကိုင်ရာမှ မီးအရှိန်နှင့် တိမ်ကြွလာခဲ့ခြင်း ဖြစ်သည်ဟု ဝန်ခံ သွားသည်။ ဦးညိုသည်၊ ဦးအောင်ပုတွင် တိမ် စွဲကပ်နေကြောင်း သိလျက်နှင့် မိမိ၏ ကြံကြိတ်ဖို၌ အလုပ် လုပ်ခိုင်းခဲ့သည်။ ဤကဲ့သို့ တိမ်စွဲကပ်နေကြောင်း သိလျက်နှင့် အလုပ် လုပ်စေခဲ့သည့် အတွက် ကြံကြိတ်ဖိုမှ မီးအရှိန်ကြောင့် တိမ်ရောဂါ ကြွလာခြင်းမှာ အလုပ်ခွင်တွင် ရရှိသည့် ဒဏ်ရာ ဖြစ်သဖြင့် ယင်းဒဏ်ရာ အတွက် အလုပ်ရှင်တွင် တာဝန် ရှိသည်။

ထို့ကြောင့် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ အမိန့်ကို အတည်ပြုပြီး ဤအယူခံ လျှောက်လွှာကို စရိတ် မရှိ ပလပ်လိုက်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ညွန့် [သေဆုံးသူ (ငှ)လက်သမား ဦးရွှေ၏ ဇနီး] † ၁၉၇၄ ဇွန်လ ၃ ရက်။

နှင့်

လက်ထောက် တိုင်းအင်ဂျင်နီယာ၊ ထိန်းသိမ်းရေး (၂၄)၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊ မော်လမြိုင်မြို့*

**အလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၃၊ အလုပ်ခွင်နှင့်အလုပ်ချိန်အတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းနှင့်ပတ်သက်သည့်ရှင်းလင်းချက်။**

**ဆုံးဖြတ်ချက်။** ။အလုပ်သွားရန်အတွက် ဘတ်စ်ကား စောင့်ရင်း မူးမေ့လဲကျသွားပြီး သေဆုံးခြင်းသည် အလုပ်ခွင်မှ ထိခိုက် ဒဏ်ရာကြောင့် သေဆုံးခြင်း မဟုတ်၍ အလုပ်သမားလျော်ကြေး မရနိုင်။

**အယူခံတရားလိုအတွက်။** ။ကိုယ်တိုင်။

**အယူခံတရားခံအတွက်။** ။ကိုယ်တိုင်။
ရုံးသဟာယအဖြစ် ဗဟိုအကျိုးဆောင်အဖွဲ့ရုံးမှ ဥပဒေဝန်ထမ်းအဆင့် (၁)မစ္စတာ အက်(စ်)၊ ကေ၊ ဂို(ရှ်)၊ ကဆောင်ရွက်သည်။

လျှောက်ထားသူ ဒေါ်ညွန့်မှာကွယ်လွန်သူ ယခင်ဆောက်လုပ်ရေးကော်ပိုရေးရှင်းရုံး(မော်လမြိုင်) မှအလုပ်သမား ဦးရွှေ၏ ဇနီးဖြစ်သည်။ တနေ့ဦးရွှေသည် အလုပ်သွားရန် အတွက် ဘတ်စ်ကား စောင့်နေရာ အလိုအလျောက် မူးမေ့ လဲကျသွားသဖြင့် အနီး အနားရှိ လူများက ဆေးရုံသို့ တင်ပို့ခဲ့သည်။ မကြာမီ ဦးရွှေသည် ဆေးရုံတွင်ပင် သေဆုံး သွားသည်။

---

* ၁၉၇၄ ခုနှစ်၊ အလုပ်သမားအထွေထွေအယူခံမှုအမှတ် ၁။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှု အမှတ် ၁ တွင်မော်လမြိုင်မြို့ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီရုံး၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၄

ဒေါ်ညွန့်
[သေဆုံးသူ
(ဒု) လက်သမား
ဦးရွှေ]၏ ဇနီး
နှင့်
လက်ထောက်
တိုင်း အင်ဂျင်နီ
ယာ ထိန်းသိမ်း
ရေး (၂၄)၊
ဆောက်လုပ်ရေး
ကော်ပိုရေးရှင်း၊
မော်လမြိုင်မြို့။

ထိုကဲ့သို့ သေဆုံးသည့်အတွက် အလုပ်သမား လျော်ကြေးရရန် လျှောက် ထားသူက လျှောက်ခဲ့သဖြင့်၊ မော်လမြိုင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက ဦးရွှေသည်၊ အလုပ်ခွင်တွင် သေဆုံးခြင်း မဟုတ်၊ အလုပ်ခွင်တွင် ထိခိုက် ဒဏ်ရာရ၍ သေဆုံးခြင်း မဟုတ်ဟု ဆိုပြီး၊ လျှောက်ထားသူ၏ လျှောက်လွှာကို ပလပ် လိုက်သည်။

ထို့နောက် လျှောက်ထားသူက ဆောက်လုပ်ရေး ကော်ပိုရေးရှင်းရုံး (မော်လမြိုင်မြို့) သို့ လျော်ကြေး ပေးရန် လျှောက်လွှာ တင်ခဲ့သည်။ ဆောက်လုပ်ရေး ကော်ပိုရေးရှင်းက ယခင်တရားရုံးချုပ်သို့ လိုအပ်သလို ဆက်လက် အရေးယူရန် လျှောက်လွှာကို ပေးပို့ခဲ့သည်။ ယခင် တရားရုံးချုပ်က ယင်း လျှောက်လွှာကို အယူခံ လျှောက်လွှာအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်ခဲ့သည်။

သက်သေအထောက်အထားအရ ဦးရွှေသည် အလုပ်သွားရန် ဘတ်စ်ကား စောင့်နေသည့် အချိန်တွင် မူးမေ့ လဲကျပြီး ဆေးရုံတွင် သေဆုံးခဲ့ကြောင်း ပေါ်လွင်သည့် အပြင် သက်ဆိုင်ရာ ဆေးရုံ အုပ်ကြီး၏ လက်မှတ် အရ၊ ဦးရွှေသည် ထိခိုက် ဒဏ်ရာရခြင်းကြောင့် သေဆုံးခြင်း မဟုတ်ဘဲ၊ ရောဂါကြောင့် သေဆုံးခြင်းဖြစ်သည်ဟု တွေ့ရှိရသည်။ ထို့ကြောင့် ဦးရွှေသည် အလုပ်ခွင်တွင် သေဆုံးခြင်း မဟုတ်၊ အလုပ်ခွင်တွင် ထိခိုက် ဒဏ်ရာကြောင့် သေဆုံးခြင်း မဟုတ်ဟု မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို လက်ခံ ရပေမည်။ ထို့ကြောင့် ဤလျှောက်လွှာကို ပလပ်လိုက်သည်။

## တရားမအသေးအဖွဲ့အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

## ဦးထိုက်စံ

## နှင့်

## ဦးထွန်းတင် ပါ ၂ *

† ၁၉၇၄ ဇူလိုင်လ ရက်။

ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) အတွက် ဆန်အိတ်များ မော်တော်ကားပေါ် တင်စဉ် ချော်လဲ၍ ခြေထောက်တွင်ဒဏ်ရာရခြင်း၊ အလုပ်သမားခများ ကုန်သွယ်ရေး ကော်ပိုရေး ရှင်း (၁)က ဆန်စက် လုပ်ကိုင်သူအားထုတ်ပေးခြင်း၊ ယင်းမှတဖန် အလုပ်သမားခေါင်း ဆောင်က ထုတ်ယူပြီး အလုပ်သမားများအား ငွေပေးခြင်း၊ ဆန်စက်လုပ်ကိုင်သူနှင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)တို့ ပဋိဉာဉ် စာချုပ်အရ ဆန်စက်လုပ်ကိုင်သူက ဆန်များကို မော်တော်ကားပေါ်သို့ တင်ပေးရန် တာဝန်ရှိခြင်း၊ ဆန်စက်လုပ်ကိုင်သူ အယူခံ တရားလိုတွင် ခြေထောက် ဒဏ်ရာရသွားသူ အလုပ်သမား အတွက် လျော်ကြေးပေးရန် တာဝန်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အလုပ်သမားခ များကို ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) က သီးခြားထုတ်ပေးခဲ့သော်လည်း ထိုငွေများကို တိုက်ရိုက်ထုတ်ပေးခဲ့ခြင်းမဟုတ်ပေ။ အလုပ်သမားခ များကိုကုန်သွယ်ရေးကော်ပိုရေးရှင်း (၁)က ချက်ဖြင့်သော်၎င်း၊ ငွေသားဖြင့်သော်၎င်းအယူခံတရား လိုကို ထုတ်ပေးခဲ့သည်။ အယူခံတရားလိုထံ တဖန်အလုပ်သမားခေါင်းဆောင် ဦးချစ်မြိုင်ကထုတ်ယူ ပြီး အလုပ်သမားများကို ဝေပေးသည်။ ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁)က အလုပ်သမား များကို တိုက်ရိုက် လုပ်ခများပေးရန် တာဝန်မရှိချေ။ ထို့ကြောင့် ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁) နှင့် အလုပ်သမားများစပ်ကြား၌ ပဋိဉာဉ်အရ ဆက်စပ်နှီးနွယ်ခြင်း (Privity of Contract) မရှိကြောင်း ပေါ်လွင်သည်။ အလုပ်သမားများ ရထိုက်သောငွေများကို သီးခြား တွက်ချက်ပြီး အယူခံတရားလိုအား ပေးခဲ့ခြင်းကြောင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်းအမှတ် (၁) ၏ အလုပ်သမားများ ဖြစ်သည်ဟု မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံတရားပြိုင်သည် အယူခံတရားလို၏ အလုပ်သမား ဖြစ်သည်။ အယူခံတရားလိုက လျော်ကြေးပေးရန် တာဝန်ရှိသည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမအသေးအဖွဲ့အယူခံမှုအမှတ် ၃၈။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှုအမှတ် ၁ တွင်၊ သာယာဝတီမြို့၊ လက်ပံတန်းမြို့နယ် အလုပ်သမား လျော်ကြေး စီရင်ရေး ကော်မတီရုံး၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၄

ဦးထိုက်စံ နှင့် ဦးထွန်းတင် ပါ ၂။

**အယူခံတရားလိုအတွက်။** ။ဦးဝမ်ဟုပ်။

**အယူခံတရားခံအတွက်။** ။ကိုယ်တိုင်၊ရှုံးသဟာယမဇ္ဈတာအက်(စ်)၊ ကော၊ဂို(ရှ်)။

လက်ပံတန်းမြို့ရှိ ဒေါ်လှဆိုသူ ပိုင်သည့် ဆန်စက်ကို အယူခံ တရားလိုကငှါး၍ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) မှ စပါးများကို ကြိတ်ခဲ့သည်။ ၁၉၇၂ ခုနှစ်၊ မေလ ၄ ရက်နေ့က ယင်းစက်မှ အလုပ်သမား အယူခံတရားပြိုင် ဦးထွန်းတင်သည် ဆန်အိတ်များကို မော်တော်ကားပေါ် တင်နေစဉ် ရုတ်တရက် ခြေချော် လဲကျ သွားပြီး ညာဘက် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့၍ အယူခံ တရားလိုထံမှ အလုပ်သမားလျော်ကြေး ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ လက်ပံတန်း မြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက အလုပ်သမား လျော်ကြေးငွေ ၁,၀၀၀ိ ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကိုမကျေနပ်၍ ဤအယူခံလွှာ တင်ခြင်း ဖြစ်သည်။

အယူခံ တရားလိုက အယူခံတရားပြိုင်သည် သူ၏အလုပ်သမား မဟုတ်ဟု အယူခံ လွှာတွင် အဓိကအချက် အနေဖြင့် တင်ပြထားကြောင်း တွေ့ရသည်။ မော်တော် ကားများပေါ်သို့ အလုပ်သမားများ တင်ပေးရသည့် ဆန်အိတ်များမှာ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁)ပိုင် ဆန်အိတ်များဖြစ်သည်။ ယင်းကဲ့သို့ တင်ပေးရသည့် အတွက် လုပ်ခများကို ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)က သီးခြားထုတ်ပေးသည်။ ဤကဲ့သို့ ကုန်သွယ်ရေး ကော်ပိုရေးရှင်းက လုပ်ခများကို အလုပ်သမားများအား ထုတ်ပေးသည့်အတွက် ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁) သာလျှင် ယင်းအလုပ်သမား များ၏ အလုပ်ရှင်ဖြစ်သည်ဟု အယူခံတရားလို၏ အကျိုးဆောင်ကြီးက လျှောက်လဲ သွားသည်။

စပါး ကြိတ်ခွဲခြင်းနှင့် ပတ်သက်ပြီး အယူခံ တရားလိုနှင့်ကုန်သွယ်ရေး ကော်ပိုရေး ရှင်းအမှတ် (၁)တို့ ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ကို အယူခံတရားလိုက တင်ပြ ထားသည်။ ယင်းပဋိညာဉ်စာချုပ် အပိုဒ် (၇) တွင် အောက်ပါအတိုင်း ပါရှိ သည်—

"၇။ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁)၊ သို့မဟုတ် ၎င်းက တာဝန် လွှဲအပ်ခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်များက ဆန်နှင့် ဆန်ထွက် ပစ္စည်းများကို နိုင်ငံခြား တိုင်းပြည်များသို့ တင်ပို့ရန်အတွက် သော်၎င်း၊ ပြည် တွင်း စားသုံးရန်အတွက် သော်၎င်း၊ တင်ပို့သည့်အခါ ကြီးကြပ်ရေး ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ကြိတ်ခွဲစက် ပိုင်ရှင်သည်၊ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ

၁၉၇၄ / ဦးထိုက်စံ နှင့် ဦးထွန်းတင် ပါ ၂။

ကို အဆင့်အတန်းအလိုက်၊ အခြေအနေ ကောင်းမွန်စွာဖြင့် အရေအတွက် အပြည့်အဝကို ကုန်သွယ်ရေးက အသုံးပြုသော ယာဉ်ပေါ်သို့ အရောက်ပေးအပ် ရန် ဖြစ်ပါသည် "။

ပဋိညာဉ် စာချုပ် အရ အယူခံ တရားလိုသည် ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ်(၁) ပိုင်ဆန်အိတ်များကိုမော်တော်ကားများပေါ်သို့တင်ပေးရန်တာဝန်ရှိသည်။ ယင်းတာဝန်ကို ဆောင်ရွက်ရန်အတွက် အလုပ်သမားများကို ငှါးခဲ့ခြင်းဖြစ်သည်။

ထို့အပြင်၊ အလုပ်သမားခများကို ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁)က သီးခြား ထုတ်ပေးခဲ့သော်လည်း ထိုငွေများကို အလုပ်သမား များအား တိုက်ရိုက် ထုတ်ပေးခဲ့ခြင်း မဟုတ်ပေ။ အလုပ်သမားခများကို ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁)က ချက်ဖြင့်သော်၎င်း၊ ငွေသားသော်၎င်း အယူခံ တရားလိုကို ထုတ်ပေးခဲ့သည်။ အယူခံ တရားလိုထံမှ တဖန် အလုပ်သမားခေါင်းဆောင် ဦးချစ်မြိုင်က ထုတ်ယူပြီး၊ အလုပ်သမားများကို ဝေပေးသည်။ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁)က အလုပ်သမားများကို တိုက်ရိုက် လုပ်ခများပေးရန် တာဝန်မရှိချေ။ ထို့ကြောင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁)နှင့် အလုပ်သမားများ စပ်ကြား၌ ပဋိညာဉ်အရ စပ်ဆက်နှီးနွယ်ခြင်း (Privity of Contract) မရှိကြောင်း ပေါ်လွင်သည်။ အလုပ်သမားများ ရထိုက်သော ငွေများကို သီးခြားတွက်ချက်ပြီး အယူခံတရားလိုအား ပေးခဲ့ခြင်းကြောင့် ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) ၏ အလုပ်သမားများဖြစ်သည်ဟု မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံ တရားပြိုင်သည် အယူခံ တရားလို၏ အလုပ်သမားဖြစ်သည်ဟု ယူဆသဖြင့် ဤအယူခံလျှောက်လွှာကို ပလပ် လိုက်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄

အောက်တိုဘာလ ၁၀ ရက်။

## ဦးထွန်းကြည်

## နှင့်

## အတွင်းရေးမှူး၊ သထုံခရိုင်၊ အလုပ်သမားလျော်ကြေးအရာရှိ၊ ပေါင်မြို့နယ်၊ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ။ *

**အလုပ်သမား လျော်ကြေးဥပဒေ၊ လျော်ကြေး သတ်မှတ်ရန် အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီက အလုပ်သမား၏ ဝင်ငွေ မည်ရွေမည်မျှ ဖြစ်သည်ဟု ဆုံးဖြတ်ချက်အပေါ် အလုပ်သမားက အယူခံပိုင်ခွင့်ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။အလုပ်သမား တဦး၏ ဝင်ငွေမည်ရွေ့မည်မျှ ဖြစ်သည်မှာ အကြောင်းအချင်းအရာ အချက်အလက်ဖြစ်သည်။ အလုပ်သမား လျော်ကြေး နည်းဥပဒေပုဒ်မ (၃၀) အရ အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို ဥပဒေအချက်အလက်နှင့် ပတ်သက်၍သာ အယူခံဝင်ပိုင်ခွင့်ရှိသည်။ အကြောင်းအချင်းအရာ အချက်အလက်နှင့် ပက်သက်၍ ဆုံးဖြတ်ချက်ကို အယူခံဝင်ပိုင်ခွင့်မရှိချေ။ သို့ဖြစ်၍ အလုပ်သမားက ၎င်း၏နေ့တွက်နှုန်းထားနှင့် ပတ်သက်၍ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ပိုင်ခွင့် မရှိ။

**အယူခံတရားလိုအတွက်။** ။

**အယူခံတရားခံအတွက်။** ။ရုံးသဟာယ မစ္စတာ အက်(စ်)၊ ကော၊ ဂို(ရှ်)။

အယူခံ တရားလို ဦးထွန်းကြည်က ပေါင်မြို့နယ်၊ ဇင်းကျိုက်၊ ကျောက်မိုင်းမှ ကျောက်ထု အလုပ်သမားတဦးဖြစ်သည်။ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ကျောက်ထုနေရာမှ ၎င်း၏ ဘယ်ဘက်မျက်လုံးကို ကျောက်ခဲထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ ယင်းဒဏ်ရာကြောင့် မျက်လုံးကိုထုတ်ပစ်ပြီး ပသပ်စတစ်မျက်လုံး အစားထိုး

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှုအမှတ် ၅ တွင် သထုံခရိုင် ပေါင်မြို့နယ်၊ အလုပ်သမားစိစစ်ရေး ကော်မတီရုံး၏ ချမှတ်သော စီရင်ချက်ကို အယူခံဝင်မှု။

၁၉၇၄

ဦးထွန်းကြည်နှင့် အတွင်းရေးမှူး၊ သထုံခရိုင် အလုပ်သမားလျော်ကြေး အရာရှိ၊ ပေါင်မြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ။

ပေးခဲ့ရသည်။ ထို့ကြောင့် အယူခံတရားလိုက ကျောက်မိုင်းမှ အလုပ်သမား လျော်ကြေး ရလိုကြောင်း တောင်းဆိုခဲ့သည်။

ပေါင်မြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက အယူခံတရားလို ဒဏ်ရာမရမီ တနှစ်အတွက် ဝင်ငွေပေါ် မူတည်ပြီး အလုပ်သမားလျော်ကြေး နည်း ဥပဒေပုဒ်မ ၅ (၁) (က) အရ၊ လစာနှုန်း တလ ၆ဝိ နှင့် လုပ်အားဆုံးရှုံးမှု ၃၃ ရာခိုင် နှုန်းသတ်မှတ်၍ အလုပ်သမားလျော်ကြေး ၉၉၇ ကျပ်၊ ၉၂ ပြားပေးရန် အမိန့်ချမှတ်ခဲ့ သည်။ ယင်းလျော်ကြေး ပမာဏမှာ နည်းသည်ဟုဆိုပြီး အမိန့်ကို မကျေနပ်၍ ဦးထွန်းကြည်က အယူခံဝင်ခြင်းဖြစ်သည်။

ဦးထွန်းကြည်က သူ၏တနေ့ဝင်ငွေမှာ ၆ ကျပ်မှ ၇ ကျပ် ၅ဝ ပြားဖြစ်သည်။ ထို့ ကြောင့်တလ ၆ဝိ နှုန်းနှင့်တွက်၍ အမိန့် ချမှတ်ခြင်းမှာ မှားသည်ဟု တင်ပြသည်။

ဝင်ငွေမှာ တနေ့ ၆ ကျပ်မှ ၇ ကျပ် ၅ဝ ပြားဖြစ်သည်ဟု တင်ပြချက်ကို လက်မခံ ပေ၊ တလ ၆ဝိ နှုန်းနှင့်တွက်ပြီး အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက လျော် ကြေး သတ်မှတ်ခဲ့ကြောင်း တွေ့ရသည်။ ဇင်းကျိုက်၊ ကျောက်မိုင်းကော်ပိုရေးရှင်းမှ ဦးထွန်းကြည်ကို ၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလမှ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလအထိ လုပ်ခများ ထုတ်ပေးခဲ့သော စာရင်းဇယားအရ အလုပ်သမားလျော်ကြေးစိစစ်ရေး ကော်မတီက၊ လျော်ကြေးတွက်ချက်၍ သတ်မှတ်ပေးခြင်းဖြစ်သည်။ ယင်းစာရင်း ဇယားတွင် ဖော်ပြထားသည့် လုပ်ခများသည် မဟုတ်မမှန်ကြောင်း၊ ယင်းငွေထက်များကြောင်း ဦးထွန်းကြည်က သက်သေ အထောက်အထားတင်ပြခဲ့ခြင်း မတွေ့ရချေ။ ထို့ကြောင့် အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီသည် ဦးထွန်းကြည်၏ လစဉ်ဝင်ငွေ နှုန်းထား တွက်ပုံတွက်နည်းမှာ ဥပဒေအရ မှားယွင်းချတ်ချော်ခဲ့သည်ဟု မဆိုနိုင်ပေ။ ထို့အပြင် အလုပ်သမားတဦး၏ ဝင်ငွေ မည်မျှမည်မျှ ဖြစ်သည်မှာ အကြောင်း အချင်းအရာ အချက်အလက်ဖြစ်သည်။ အလုပ်သမားလျော်ကြေး နည်းဥပဒေပုဒ်မ (၃ဝ) အရ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို ဥပဒေ အချက်အလက်နှင့် ပတ်သက်၍သာ အယူခံ ဝင်ပိုင်ခွင့်ရှိသည်။ အကြောင်းအချင်း အရာ အချက်အလက်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ကို အယူခံဝင်ပိုင်ခွင့် မရှိချေ။ ဦးထွန်းကြည်၏ နေ့တွက်နှုန်းထားနှင့် ပတ်သက်၍အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကို အယူခံ ဝင်ပိုင်ခွင့်မရှိ၊ ထို့ကြောင့် ဦးထွန်းကြည်၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် အယူခံကို စရိတ်မရှိ ပလပ်လိုက်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄
ဇွန်လ
၃ ရက်။

### ဦးဘိုးခ (ခေါ်) ဦးကျော်မြင့်

နှင့်

### ကိုမောင်မောင်။ *

**အလုပ်သမားသည် မိမိဝတ္တရား မဟုတ်သည့်ကိစ္စ ဆောင်ရွက်ရာတွင်၊ ဒဏ်ရာရခဲ့ခြင်းအတွက်၊ အလုပ်ရှင်တွင်တာဝန်ရှိ မရှိ၊ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ (၅) နှင့် (၆)အရ အလုပ်သမား များ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ။**

**ဆုံးဖြတ်ချက်။** ။စပါးသယ်သည့် ယာဉ်ဖြစ်သဖြင့် ခရီးသည်တင်ခြင်း၊ မော်တော်ယာဉ်ခ တောင်းခံခြင်းမှာ ဝတ္တရားအရ ဆောင်ရွက်ရသည့် ကိစ္စမဟုတ်၊ ယင်းသို့ဝတ္တရားမဟုတ်သည့်ကိစ္စကို ဆောင်ရွက်ရာတွင် ရရှိသော ဒဏ်ရာအတွက် အလုပ်ရှင်တွင် တာဝန်မရှိ။ ပါစင်ဂျာ တင်ခွင့်မရှိသော မော်တော်ယာဉ်ပေါ်တွင် ပါစင်ဂျာ မတင်ရန် ပိတ်ပင်လျက် ပါစင်ဂျာများတင်ပြီး မော်တော်ယာဉ် ခတောင်းခြင်းမှာ တာဝန်မဲ့ဆောင်ရွက်မှုဖြစ်သည်။

**အယူခံတရားလိုအတွက်။** ။ဦးချိန်ဖိုးနှင့် ဦးမောင်ကာလေး။

**အယူခံတရားခံအတွက်။** ။ကိုယ်တိုင်၊ ဦးခွန်ဝင်းလှိုင်။

လျှောက်ထားသူမှာ လော်လီပိုင်ရှင်တဦး ဖြစ်ပါသည်။ လျှောက်ထားခံရသူ ကိုမောင်မောင်မှာ ယင်းလော်လီအတွက် ယာဉ်နောက်လိုက်ဖြစ်သည်။ ၁၉၇၃ ခုနှစ် မတ်လ ဂ ရက်နေ့က ယင်းလော်လီကားဖြင့် ပေါင်းတည်မြို့နှင့် ဂ မိုင်ကျော်ခန့်ဝေးသော စပါးဒိုင်သို့ စပါးသယ်ရန် သွားရောက်ခဲ့သည်။ လျှောက်ထားခံရသူ ကိုမောင်မောင်က ယာဉ်နောက်လိုက်အဖြစ် ပါသွားသည်။ အပြန်တွင် စပါးဒိုင်မှအလုပ်သမားများသည် ယင်း လော်လီပေါ်သို့ တက်လာခဲ့ကြသည်။ လမ်းတွင် လျှောက်ထားခံရသူ

---

* ၁၉၇၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၉။

† ၁၉၇၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးမှုအမှတ် ၃၀ တွင်ဖြစ်ပေါင်းတည်မြို့နယ်၊အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သောစီရင်ချက်ကိုအယူခံဝင်မှု။

ကိုမောင်မောင်နှင့် ရန်ဖြစ်သည်။ ကိုမောင်မောင်သည် တုတ်နှင့်ရိုက်ခံရသည့်အတွက် နားနှစ်ဖက်စလုံးပင်းသွားသဖြင့် လျှောက်ထားခံရသူထံ လျော်ကြေးပေးရန်တောင်းဆိုခဲ့သည်။ ပေါင်းတည်မြို့နယ် အလုပ်သမား လျော်ကြေး ကြီးကြပ်ရေးကော်မတီက နှစ်ဖက် သက်သေများကို စစ်ဆေးပြီး လျော်ကြေးငွေ ၂၅၂၀ ကျပ် ပေးရန် အမိန့်ချခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ အယူခံဝင်ခြင်းဖြစ်သည်။

၁၉၇၄
ဦးဘိုးခ (ခေါ်) ဦးကျော်မြင့် နှင့် ကိုမောင်မောင်။

အယူခံတရားလိုက အချက် သုံးချက် တင်ပြခဲ့သည်။ ၎င်းတို့မှာ—

(၁) ယာဉ်နောက်လိုက်သည် ယာဉ်မောင်းသူက ခန့်သည်၊ဖြုတ်သည်။ထို့ကြောင့် အယူခံတရားလို၏အလုပ်သမားမဟုတ်၊

(၂) ပါစင်ဂျာများ မတင်ရန် တားဆီးထားခဲ့သော်လည်း၊ လျှောက်ထားခံရသူက ပါစင်ဂျာများတင်ခဲ့သည်။ ယင်းပါစင်ဂျာများထံမှ ကားခ တောင်းသည့်အတွက် စပါးဒိုင်မှ အလုပ်သမားများနှင့် ရန်ဖြစ်ပြီး ဒဏ်ရာရခြင်းမှာ ပိုင်ရှင်အတွက် အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် ရသည့်ဒဏ်ရာ မဟုတ်သည့်အပြင် ပိုင်ရှင်က တားမြစ်ထားလျက်နှင့် ထိုတားမြစ်ချက်ကို ချိုးဖောက်ခြင်းကြောင့် ရသည့်ဒဏ်ရာများ ဖြစ်သဖြင့် လျော်ကြေးမပေးထိုက်၊

(၃) ဆရာဝန်၏ ဆေးလက်မှတ်ကို နောက်မှတင်ပြီး ဆရာဝန်ကို ထိုဆေးလက်မှတ်နှင့် ပတ်သက်၍ မစစ်ဆေးခဲ့သဖြင့် ထိုဆေးလက်မှတ်သည် သက်သေခံမဝင်။

ယာဉ်နောက်လိုက်ကို ယာဉ်မောင်းက ခန့်နိုင်သည်၊ ဖြုတ်နိုင်သည် ဖြစ်သော်လည်း ယာဉ်နောက်လိုက်အတွက် အခကြေးငွေကို ပိုင်ရှင်က ပေးကြောင်း သက်သေအထောက်အထားအရ ပေါ်လွင်သည့်အတွက် လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ အလုပ်သမား ဖြစ်သည်ဟု ဆိုရပေမည်။

လျှောက်ထားခံရသူ ကိုမောင်မောင်သည် စပါးသယ်သည့် မော်တော်ယာဉ်တွင် စပါးသယ်ဆောင်သည့် လုပ်ငန်းနှင့် ပတ်သက်၍ ယာဉ်နောက်လိုက်အဖြစ်သာ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ယင်းမော်တော်ယာဉ်မှာ ခရီးသည်တင်ယာဉ် မဟုတ်သဖြင့် ခရီးသည်များကိုတင်ပြီး ယင်းတို့ထံမှ မော်တော်ယာဉ်ခ တောင်းခံခြင်း ပြုလုပ်ခဲ့ကြောင်း သက်သေ အထောက်အထားအရ ထင်ရှားပေသည်။ ထိုကဲ့သို့ ဆောင်ရွက်မှုမှာ ကိုမောင်မောင်၏ ဝတ္တရားမဟုတ်ပါ။ ၎င်း၏ ဝတ္တရားမဟုတ်သည့်ကိစ္စ ဆောင်ရွက်ရာတွင် ဒဏ်ရာရခဲ့ပါလျှင် အလုပ်ရှင်မှာ တာဝန်မရှိနိုင်၊ ဤအတိုင်း ဦးမန်အင်နှင့် ဒေါ်အေးမိ (၁) တို့အမှုတွင် စီရင်ဆုံးဖြတ်ထားပါသည်။

(၁) ၁၉၆၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး စာမျက်နှာ ၁၉၆။

၁၉၇၄

ဦးဘိုးခ (ခေါ်) ဦးကျော်မြင့် နှင့် ကိုမောင်မောင်။

အလုပ်ဝတ္တရား ဆောင်ရွက်ရာတွင် ရရှိသည့် ထိခိုက်မှုမဟုတ်ဟု ဆုံးဖြတ်ထားသည့်အတွက် ဆရာဝန်၏ ဆေးလက်မှတ်ကို သက်သေခံအဖြစ် လက်ခံ သင့်-မသင့် စဉ်းစားရန် မလိုတော့ချေ။

၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ (၅) နှင့် (၆) အရ၊ အလုပ်သမားများသည် အခွင့်အရေးများ ရရှိပိုင်ခွင့် ရှိသည်နှင့်အမျှ မိမိတို့တွင် အလုပ်ဝတ္တရား ဆောင်ရွက်ရာ၌ တာဝန်ကျေပွန်စွာ ဆောင်ရွက်ရန် ဖြစ်သည်။ ပါစင်ဂျာတင်ခွင့်မရှိသော မော်တော်ယာဉ်ပေါ်တွင် ပါစင်ဂျာမတင်ရန် ပိတ်ပင်လျက်နှင့် ပါစင်ဂျာများတင်ပြီး မော်တော်ယာဉ်ခ တောင်းခြင်းမှာ တာဝန်မဲ့ ဆောင်ရွက်မှု ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

လျှောက်ထားခံရသူ ကိုမောင်မောင်သည် အလုပ်ခွင်တွင် ဒဏ်ရာရခဲ့သည် ဖြစ်စေကာမူ အလုပ်ကြောင့် ထိခိုက်မှု မဟုတ်သဖြင့် အလုပ်ရှင်၌ တာဝန်မရှိ။ ထို့ကြောင့် ပေါင်းတည်မြို့နယ် အလုပ်သမား လျော်ကြေး ကြီးကြပ်ရေး ကော်မတီ၏ အမိန့်ကို ပယ်ဖျက်ပြီး ဤအယူခံလျှောက်လွှာကို ခွင့်ပြုလိုက်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကိုမြိုင် ပါ (၆)

† ၁၉၇၄ ဒီဇင်ဘာလ ၁၇ ရက်။

နှင့်

ဒေါ်မြသင် (အရွယ်မရောက်သေးသူများဖြစ်သည့် ၁။ မောင်မျိုးမြင့် ၂။မောင်မျိုးလွင် ၃။ အေးအေးချို တို့အတွက် အုပ်ထိမ်းသူ)။*

**ကာလစည်းကမ်းသတ် ဥပဒေအချက် (၁၃)၊ ကလေးများကို အုပ်ထိန်းရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုခြင်း။**

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုတို့က အယူခံတရားပြိုင်အား ကလေးများနှင့် ပစ္စည်းကို အုပ်ထိန်းရန်ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုသည့် အမှုသည် ကာလစည်းကမ်းသတ် ဥပဒေအချက် (၁၃) နှင့် အကျုံးဝင်သဖြင့် တနှစ်အတွင်းတရားစွဲဆိုရမည်။

**အယူခံတရားလိုအတွက်။** ။ဗဟိုတရားရုံးရှေ့နေကြီး၊ ဦးစောလွင်။

**အယူခံတရားခံအတွက်။** ။ဗဟိုတရားရုံး ရှေ့နေကြီး၊ ဦးဘကျော်။

အယူခံတရားလို ကိုမြိုင် ပါ ၆ ဦးတို့က အရွယ်မရောက်သေးသူ မောင်မျိုးမြင့်၊ မောင်မျိုးလွင်နှင့် အေးအေးချိုတို့အတွက် အုပ်ထိန်းခွင့် လက်မှတ်ရရှိသူ အယူခံ တရားပြိုင် ဒေါ်မြသင်အပေါ်တွင် အုပ်ထိန်းခွင့်အမိန့်သည် ပယ်ဖျက်ကြောင်း မြွက်ဟ စေလိုမှုကို ယခင်တရားရုံးချုပ် မူလဘက်ဌာနခွဲ (၁) တွင် တရား စွဲဆိုခဲ့သည်။ မူလရုံးက အယူခံတရားလိုများ စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်း သတ်ကျော်လွန် နေပြီး ဖြစ်သည်ဟု ဆိုပြီး ပလပ်လိုက်သည့် အတွက် ဤအယူခံမှု စွဲဆိုခြင်း ဖြစ်သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၁။

† ၁၉၇၂ ခုနှစ်၊ တရားမမှုကြီး အမှတ် ၂ တွင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၁) တရားသူကြီးရုံး၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၇၄

ကိုမြိုင် ပါ-၆ နှင့် ဒေါ်မြသင် (အရွယ်မရောက်သေးသူများ ဖြစ်သည့်—
၁။ မောင်မျိုးမြင့်
၂။ မောင်မျိုးလွင်
၃။ အေးအေးချို
တို့အတွက် အုပ်ထိန်းသူ)။

အယူခံတရားလိုများက ၎င်းတို့သည် ၁၉၅၉ ခုနှစ်ခန့်က သမိုင်းအုတ်ကျင်းရပ် ညောင်ပင်သာလမ်းတွင် ဆန်းနှဲသဉ် ဆေးဆိုးပန်းရိုက်ကုမ္ပဏီ တည်ထောင်ခဲ့သည်။ ကလေးများ၏ ဖခင်ဖြစ်သူ ဦးဘိုးစံဆိုသူအား ပန်းရေးလုပ်ငန်းဆရာအဖြစ်ဖြင့် ကုမ္ပဏီတွင် ခန့်အပ်ထားသည့်အတွက် ၎င်း၏ဇနီး၊ ကလေးတွေ၏ မိခင် ဒေါ်ငွေသိန်းအား ကုမ္ပဏီ၏ အစုရှင်တဦးအဖြစ် ထည့်သွင်းပေးခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ကုန်ကြမ်းများ မရသဖြင့် ကုမ္ပဏီကို ယာယီပိတ်ထားပြီး အစုရှင်များထည့်သွင်းထားသော အစုငွေအချို့အဝက်ကို ပြန်ပေးခဲ့သည်။ ပန်းရေးဆရာ ဦးဘိုးစံနှင့် မငွေသိန်းတို့မှာ မော်လမြိုင်တွင် ၁၉၆၄ ခုနှစ်က ကွယ်လွန်သွားခဲ့သည်။ မငွေသိန်း၏ အမနှင့် ဖခင်ဖြစ်သူ ဦးစိုးမင်းတို့သည် ကုမ္ပဏီပိုင် ခြံဝင်းအတွင်းရှိ နေအိမ်သို့ ပြန်ပြီးကလေးများနှင့်အတူ နေထိုင်ခဲ့သည်။ ထို့နောက် ဒေါ်မြသင်သည် ယာခင်မူလဘက် ဌာနခွဲ (၁) တရားမ အထွေထွေမှုအမှတ် ၇၉/၆၇ တွင် မငွေသိန်း၏ ခလေးများကို အုပ်ထိန်းခွင့် လျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာတွင် ကုမ္ပဏီပိုင်ပစ္စည်းများကို ခလေးများပိုင်ဆိုင်သည်ဆိုကာ လျှောက်လွှာတွင် ထည့်သွင်းခဲ့သဖြင့် အုပ်ထိန်းခွင့်လက်မှတ်တွင် ထိုပစ္စည်းများ ပါဝင်နေသည်။ စင်စစ်မှာ ထိုပစ္စည်းများကို မငွေသိန်းမပိုင်ခဲ့ပါ။ ထိုလျှောက်လွှာတင်သည့်အခါက နှင့် အုပ်ထိန်းသူ လက်မှတ်ထုတ်ပေးသည့်အခါက အယူခံတရားလိုများမသိခဲ့ရပါ။ သို့ဖြစ်၍ ဒေါ်မြသင်အား ထုတ်ပေးသည့် အုပ်ထိန်းခွင့် လက်မှတ်မှာ မှားယွင်းနေသဖြင့် အမိန့်ကို ပယ်ဖျက်ပေးသင့်ပါသည်ဟု အဆိုပြုခဲ့သည်။

အယူခံတရားပြိုင်က အခင်းဖြစ်ပစ္စည်းများမှာ ကုမ္ပဏီကို ဖျက်သိမ်းလိုက်သည့်အခါ မငွေသိန်းက ကုမ္ပဏီမှ ပစ္စည်းများကို တန်ဖိုးထား၍ ယူလိုက်ခြင်းဖြစ်သဖြင့် မငွေသိန်းပိုင်ခဲ့ပါသည်။ အုပ်ထိန်းခွင့်လက်မှတ် လျှောက်လွှာတင်သည့်အခါက အယူခံတရားလိုများသိခဲ့ပါသည်။ အယူခံတရားလိုများ၏ အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေပါသည်။ တရားလိုများသည် ယာခင်ရန်ကုန်တရားမရုံးတွင် တရားမကြီးမှုအမှတ် ၇၇/၇၀ အခင်းဖြစ် ပစ္စည်းများနှင့် ပတ်သက်၍ တရားစွဲဆိုရာ၊ ၎င်းအမှုကို ပလပ်သဖြင့် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ (၁၁) အရ၊ နောက်ထပ် စွဲဆိုသည့် အမှုမှာ ပိတ်ပင်နေပြီ ဖြစ်သည်ဟု ထုချေခဲ့သည်။

မူလရုံးက အောက်ပါကောက်ချက်နှစ်ခုကို ထုတ်ခဲ့ကြောင်း တွေ့ရသည်—

## ကောက်ချက်များ

၁။ ရန်ကုန်မြို့ တရားမရုံး တရားမကြီးမှု အမှတ် ၇၇/၇၀ တရားလိုတို့က တရားပြိုင်များအပေါ် အချင်းဖြစ် အဆောက်အဦနှင့် ပစ္စည်းများသည် ဆန်းနှဲယဉ် ဆေးဆိုး

၁၉၇၄

ကိုမြိုင် ပါ-၆ နှင့် ဒေါ်မြသင် (အရွယ်မရောက်သေးသူများ ဖြစ်သည့်— ၁။ မောင်မျိုးမြင့် ၂။ မောင်မျိုးလွင် ၃။ အေးအေးချို တို့အတွက် အုပ်ထိန်းသူ)။

ပန်းရိုက်ကုမ္ပဏီပိုင်ဖြစ်ကြောင်း မြွက်ဟဒီကရီပေးရန် စွဲဆိုရာ ပလပ်လိုက်ပြီးဖြစ်၍ ယခု အမှုစွဲဆိုရန် တရားမကျင့်ထုံးပုဒ်မ ၁၁ အရ ပိတ်ပင်ပြီးဖြစ်သည်ဆိုရာ မှန်သလား။

၂။ ယခုအမှုစွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီဆိုရာ မှန်သလား။

ကောက်ချက်အမှတ် (၂) နှင့် ပတ်သက်၍ အယူခံတရားပြိုင်တို့ဖက်က အားကိုးခြင်းမပြုတော့ပါဟုဆိုသည့်အတွက် မူလရုံးက ယင်းကောက်ချက်ကို မဖြေဆိုခဲ့ကြောင်း တွေ့ရသည်။

ကာလ စည်းကမ်းသတ်နှင့် ပတ်သက်သည့် ဒုတိယကောက်ချက်ကို တရားပြိုင်များဖက်က အသားပေး၍ ဖြေဆိုခဲ့သည်။ အယူခံ တရားလိုများ စွဲဆိုသည့်အမှုမှာ ၃ နှစ်နှင့် ၃ လ အချိန်ကာလ ကျော်လွန်လာပြီဖြစ်သည်။ ကာလ စည်းကမ်းသတ် ဥပဒေအချက် (၁၃) အရ၊ အယူခံ တရားလိုတို့သည် အုပ်ထိန်းခွင့်လက်မှတ် ထုတ်ပေးသည့်ရက်မှ တနှစ်အတွင်း စွဲဆိုရမည် ဖြစ်သော်လည်း မစွဲခဲ့သည့်အတွက် ကာလ စည်းကမ်းသတ် ကျော်လွန်သည်ဟုဆိုပြီး အမှုကို မူလရုံးက ပလပ်ခဲ့သည်။

ဒေါ်မြသင်သည် ကလေးများ၏ ကိုယ်နှင့် ပစ္စည်းများကို အုပ်ထိန်းခွင့်ပြုရန် ၁၉၆ဂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့က လျှောက်ထားခဲ့သည်။ ၁၉၆ဂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် အုပ်ထိန်းခွင့်လက်မှတ်ကို ဒေါ်မြသင်အား ထုတ်ပေးခဲ့သည်။ ထိုနောက်အယူခံတရားလိုတို့သည် ယခင်ရန်ကုန် တရားမရုံးတွင် ၁၉၇၀ ခုနှစ်၊ မတ်လ ၃ ရက်နေ့က အခင်းဖြစ် ပစ္စည်းများကို ဆန်းနုယဥ် ဆေးဆိုးပန်းရိုက် ကုမ္ပဏီကပိုင်ဆိုင်ကြောင်းမြွက်ဟ ကြေငြာပေးရန် တရားစွဲဆိုခဲ့သည်၊ ယင်းအမှုကို အယူခံတရားလိုတို့က ရုပ်သိမ်းခွင့်တောင်းသည့်အတွက် တရားရုံးက ရုပ်သိမ်းသည့်အနေနှင့် ပလပ်ခဲ့သည်။

အယူခံ တရားလိုများ စွဲဆိုသည့် အမှုအတွက် ကာလစည်းကမ်းသတ် အချိန်ကာလမှာ ကာလစည်းကမ်းသတ် ဥပဒေအချက် (၁၃) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်သည်ဟု မူလရုံးက ဆုံးဖြတ်ချက်မှာ မှန်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ တရားမရုံးတရုံး၏ တရားမကြီးမှု မဟုတ်သော အခြားတရားမမှုတွင် ချမှတ်သည့်အမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် ချမှတ်သည့်အမိန့်ကို၊သို့မဟုတ် ဆုံးဖြတ်ချက်ပေးသည့်နေ့မှ တနှစ်အတွင်း တရားစွဲဆိုရမည်ဟု ကာလစည်းကမ်းသတ်အချက် (၁၃) က ပြဋ္ဌာန်းထားသည်။ အယူခံ တရားလိုတို့က အယူခံ တရားပြိုင်အား ကလေးများနှင့် ပစ္စည်းကို အုပ်ထိန်းရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် စွဲဆိုသည့်အမှုမှာ ဤကာလ စည်းကမ်းသတ်အချက် (၁၃) နှင့် အကျုံးဝင်သည်။

အယူခံ တရားလိုတို့က အယူခံ တရားပြိုင်အား ထုတ်ပေးထားသည့် အုပ်ထိန်းခွင့်လက်မှတ်ကို ပယ်ဖျက်ပေးရန် ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၂၀ ရက်နေ့က လျှောက်ထား

၁၉၇၄
ကိုမြိုင် ပါ-၆ နှင့် ဒေါ်မြသင် (အရွယ်မရောက်သေးသူများဖြစ်သည့်— ၁။ မောင်မျိုးမြင့် ၂။ မောင်မျိုးလွင် ၃။ မအေးအေးချိုတို့အတွက် အုပ်ထိန်းသူ)။

စွဲဆိုခဲ့သည်။ အုပ်ထိန်းခွင့် လက်မှတ်ကို ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့က ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ၃ နှစ် ၃ လကြာမှ တရားစွဲဆိုကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်သည်။

အယူခံ တရားလိုတို့က ၎င်းတို့သည် ဤအုပ်ထိန်းခွင့် လက်မှတ်နှင့် ပတ်သက်၍ ရန်ကုန် တရားမရုံး တရားမကြီးမှုအမှတ် ၇၇/၇၀ တွင် တရားစွဲဆိုခဲ့သည်။ ထို့ကြောင့် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ (၁၄) အရ၊ ထိုအမှုစွဲဆိုသည့် အချိန်ကာလကို နုတ်သင့်သည်ဟု တင်ပြသည်။ ရန်ကုန် တရားမရုံးတွင် အယူခံ တရားလိုတို့က တရားမကြီးမှုအမှတ် ၇၇/၇၀ ကို ၁၉၇၀ ခုနှစ်၊ မတ်လ ၃ ရက်နေ့က စွဲဆိုခဲ့သည်။ ထိုအမှုတွင် အယူခံ တရားလိုတို့ တင်သွင်းသည့် အဆိုလွှာအပိုဒ် (၈)၌ အယူခံ တရားပြိုင်ကို အုပ်ထိန်းခွင့်လက်မှတ် ထုတ်ပေးပြီးကြောင်း သိရှိခဲ့သည်ဟု ဖေါ်ပြထားသည်။ ထို့ကြောင့် အုပ်ထိန်းခွင့်လက်မှတ် ထုတ်ပေးလိုက်သည့် ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ တရားမကြီးမှုအမှတ် ၇၇/၇၀ စွဲဆိုသည့် ၁၉၇၀ ခုနှစ် မတ်လ ၃ ရက်နေ့အထိ ဆိုလျှင် ၁ နှစ်နှင့် ၁၀ လကျော်ပြီဖြစ်သည်။ ထို့ကြောင့် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ (၁၄) အရ သက်သာခွင့် ရနိုင်မည်မဟုတ်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်ပြီး စရိတ်နှင့်တကွ ဤအယူခံကို ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၆၄ိ ခွင့်ပြုသည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ရင်ရီ — ၁၉၇၄ အောက်တိုဘာ လ ၁၈ ရက်။

နှင့်

ဒေါ်သိန်းလှ ပါ ၃ *

**မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇၊ ပိုင်ဆိုင်ခွင့်စာချုပ် စာတမ်းများ ပေးအပ်၍ ပေါင်နှံခြင်း ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများ ပေးအပ်၍ ပေါင်နှံသည့် ကိစ္စတွင် စာချုပ် ချုပ်ဆိုရန်လို မလို၊ စာချုပ် စာတမ်း အပ်နှံကြောင်း မှတ်တမ်းရှိသည့်အခါ ယင်းမှတ်တမ်းကု မှတ်ပုံတင်ရန်လို မလို။**

**ဆုံးဖြတ်ချက်။** ။စာချုပ်စာတမ်းများကို အပေါင်ပေး အပ်နှံ၍ ငွေချေးယူခြင်းမှာ ဥပဒေအရ အပေါင်ပြုလုပ်ခြင်း အထမြောက်သဖြင့် ယင်းကိစ္စအတွက် စာချုပ် ချုပ်ရန်မလို။ သို့ရာတွင် စာချုပ်စာတမ်းများ အပ်နှံခြင်းအတွက် အရေးအသား တခုခုရှိခဲ့လျှင် ယင်းရေးသားသောစာသည် ချေးငွေအတွက် အာမခံအဖြစ် ပေးသည့်ကိစ္စကို သက်သေခံခြင်း ဖြစ်ပါက၊ မှတ်ပုံတင်အက်ဥပဒေပုဒ်မ (၁၇)အရ၊ မှတ်ပုံတင်ရန်မလို၊ အပေါင်ပြုလုပ်ခြင်း ကိစ္စတရပ်လုံးသည် ရေးသားထားသည့် စာအပေါ် အခြေပြုပါကမူယင်းစာကို မှတ်ပုံတင်ရန် လိုအပ်သည်။

အယူခံတရားလိုအတွက်။ ။ဦးချန်ထွန်းအောင်။

အယူခံတရားခံအတွက်။ ။ဦးအေးမောင် (ပန်းတနော်)။

အယူခံ တရားလို ဒေါ်ရင်ရီက အယူခံတရားပြိုင် ၃ ဦးတို့အပေါ် ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများ ပေးအပ်လျက် အပေါင်ပြုပြီး ချေးယူထားသည့် ငွေ ကျပ် ၇၀,၀၀၀ ကို ပြန်ရရန်အတွက် ရန်ကုန်မြို့ အမှတ် (၂၅၃/၂၅၅) ပန်းဆိုးတန်းရှိ မြေနှင့် အဆောက်အအုံကို ရွှေးနုတ်ခြင်း၊ ပိတ်ပင်ရန်နှင့် ရောင်းချခွင့် ဒီကရီ ရလိုကြောင်း ယခင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၁) တွင် တရားစွဲ ဆိုခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၆၁။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀ တွင် တရား ရုံးချုပ်၊ မူလဘက်ဌာနခွဲ (၁) တရားသူကြီး ရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၄ — ဒေါ်ရင်ရီ နှင့် ဒေါ်သိန်းလှ ပါ ၃။

အဆိုလွှာအရ၊ လွန်ခဲ့သည့် ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့က တရားပြိုင်နှင့် ၎င်း၏ ကွယ်လွန်သူ ခင်ပွန်း ဦးလှဘို့သည်၊ တရားလိုထံမှ အမှတ် (၂၅၃/၂၅၅) ပန်းဆိုးတန်း လမ်းရှိ မြေနှင့် အဆောက်အဦ နှင့် ပတ်သက်သည့် ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများကို အာမခံနှင့် ပေးအပ်ပြီး ငွေ ကျပ် ၅၀,၀၀၀ ကို ချေးယူ ခဲ့ပါသည်။ ထို့နောက် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အယူခံ တရားပြိုင် အမှတ် (၁)၊ နှင့် ၎င်း၏ ကွယ်လွန်သူ ခင်ပွန်း ဦးလှဘို့သည်၊ အထက်တွင် ဖော်ပြထားသည့် ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများကို အာမခံ ထား၍ ငွေ ကျပ် ၂၀,၀၀၀ ကို အယူခံ တရားလို ထံမှ ထပ်မံ ချေးယူ ခဲ့ပါသည်။ ထိုချေးငွေ နှစ်ရပ်ပေါင်း ငွေ ကျပ် ၇၀,၀၀၀ မှာ အတိုးမရှိပါ၊ ဦးလှမှာ ၁၉၇၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကွယ်လွန်သွားရာ အယူခံ တရားပြိုင်နှင့် အတူ သမီးများ ဖြစ်သော အယူခံ တရားပြိုင်အမှတ် (၂) နှင့် (၃) ကို အမှုတွင် ထည့်သွင်း စွဲဆိုခြင်း ဖြစ်ပါသည်။ ချေးငွေများကို ပြန်ဆပ်ရန် တောင်း ဆိုခဲ့ သော်လည်း အယူခံ တရားပြိုင်များက ငြင်းဆိုခဲ့ကြောင်း စသည်ဖြင့် အဆို ပြုခဲ့သည်။

အယူခံ တရားပြိုင် အမှတ် (၁) ဒေါ်သိန်းလှက ငွေ ကျပ် ၇၀,၀၀၀ ချေးယူခဲ့သည်ဆိုခြင်းမှာ မမှန်ပါ။ အယူခံ တရားလို၏ လင်ပါ သမီးဖြစ်သူ ဒေါ်ခင်လှက အယူခံတရားပြိုင် အမှတ် (၁) နှင့် ၎င်း၏ ခင်ပွန်း ဦးလှတို့ ပိုင်သော အမှတ် (၂၅၃/၂၅၅) ပန်းဆိုးတန်းလမ်းရှိ သုံးထပ်တိုက်နှင့် မြေကို ဝယ်လိုကြောင်း ပြောခဲ့ရာ ကျပ်ငွေ ၂,၅၀,၀၀၀ နှင့် အရောင်းအဝယ်ပြုရန် နှစ်ဘက် သဘောတူညီခဲ့ကြပါသည်။ ထိုပစ္စည်းများမှာ မြန်မာနိုင်ငံ (အစိုးရ တာဝန်ခံချုပ်) အာမခံ ကုမ္ပဏီ လီမိတက်တွင် ပေါင်ထားသဖြင့်ဒေါ်ခင်လှက ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ငွေ ကျပ် ၂၆,၀၀၀ ပေးသဖြင့် ထို ကုမ္ပဏီထံမှ ပစ္စည်းကို ရွေးယူခဲ့ပါသည်။ ကုမ္ပဏီမှ ပြန်လည်ရရှိသည့် စာချုပ် စာတမ်းများကို အရောင်း အဝယ် စာချုပ်ရေးနိုင်ရန်အတွက် ဒေါ်ရင်ရီအား၊ အပ်နှံ လိုက်ပါသည်။ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ငွေ ကျပ် ၂၄,၀၀၀ ထပ်ပေးသဖြင့် စရန်ငွေ ကျပ် ၅၀,၀၀၀ ဖြစ်သွားပါသည်။ ထို့နောက် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် နေ့တွင် ဦးလှက ဒေါ်ခင်လှထံမှ နောက်ထပ်စရန်ငွေ ကျပ် ၂၀,၀၀၀ ယူသဖြင့်စရန်ငွေစုစုပေါင်း ကျပ် ၇၀,၀၀၀ ဖြစ်သွားပါသည်။ ထိုငွေများမှာ အဆိုပါ မြေနှင့် တိုက်ကို ငွေ ကျပ် ၂,၅၀,၀၀၀ နှင့် ဒေါ်ခင်လှက ဝယ်ယူသဖြင့် စရန်ငွေ အဖြစ် ပေးခြင်းသာ ဖြစ်ပါသည်။ ထို့နောက် ဒေါ်ခင်လှမှာ ဟောင်ကောင်သို့ ထွက်ခွာသွားသဖြင့် အယူခံ တရားလိုက တိုက်နှင့် မြေကို တန်ဖိုး ငွေ ကျပ် ၁,၅၀,၀၀၀ အထိ လျှော့ရန် အကြိမ်ကြိမ် ပြောဆိုခဲ့သော်လည်း အယူခံ တရားပြိုင် အမှတ် (၁) နှင့် ခင်ပွန်း ဦးလှတို့

ကမလျော့နိုင်ကြောင်း ပြန်ကြား ခဲ့ပါသည်။ အရောင်း အဝယ် ပြုလုပ်ရန်မှာ အယူခံ ၁၉၇၄
တရားလိုဘက်မှ ပျက်ကွက်ခြင်းဖြစ်ရာ စရန် အဖြစ် ပေးထားသော ငွေ ကျပ် ၇၀,၀၀၀ ဒေါ်ရင်ရီ
ကို အယူခံ တရားလို၌ ပြန်တောင်းပိုင်ခွင့် မရှိပါ။ ထို့အပြင် အယူခံ တရားလို နှင့်
ဘက်မှ အကိုးအကား ပြုသည့် စာတမ်း မှာ မှတ်ပုံတင် ထားခြင်း မရှိ သဖြင့် ဒေါ်သန်းလှ
သက်သေခံ မဝင်ပါ စသည်ဖြင့် ထုချေခဲ့သည်။ ပါ ၃။

မူလရုံးက အောက်ဖော်ပြပါ ကောက်ချက်များကို ထုတ်ခဲ့သည်—

၁။ တရားပြိုင် ဒေါ်သိန်းလှ နှင့် ၎င်း၏ ခင်ပွန်း ဦးလှတို့က ရန်ကုန်မြို့၊ ပန်းဆိုးတန်း၊ အမှတ် (၂၅၃/၂၅၅) ကို စုစုပေါင်း ငွေ ကျပ် ၇၀,၀၀၀ ဖြင့် ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများ အပ်နှံ၍ပေါင်နှံခဲ့သည် ဆိုခြင်းမှာ မှန်ပါသလား။

သို့မဟုတ်

တရားလို၏လင်ပါသမီး ဒေါ်ခင်လှက ယင်းပစ္စည်းကို ငွေ ကျပ် ၂,၅၀,၀၀၀ ဖြင့်ဝယ်ယူရန် သဘောတူပြီး စရန်ငွေ အဖြစ် ငွေ ကျပ် ၇၀,၀၀၀ ကို ပေးခဲ့သည် ဆိုခြင်းမှာ မှန်ပါသလား။

၂။ သက်သေခံ အမှတ် (က) စာသည် မှတ်ပုံ မတင်သဖြင့် ယခု အမှုစွဲ ဆိုပိုင်ခွင့် ရှိမရှိ။

မူလရုံးက၌အမှုကိုစစ်ဆေးပြီး ပထမကောက်ချက်နှင့် ပတ်သက်၍၊ "တရားပြိုင် ဒေါ်သိန်းလှနှင့် ခင်ပွန်း ဦးလှတို့က ရန်ကုန်မြို့၊ ပန်းဆိုးတန်းအမှတ် (၂၅၃/၂၅၅) မြေနှင့်တိုက်ကို စုစုပေါင်းငွေကျပ် ၇၀,၀၀၀ ဖြင့် ပိုင်ဆိုင်ခွင့်စာချုပ် စာတမ်းများအပ်နှံ၍ပေါင်ခဲ့သည်ဆိုခြင်းမှာ မှန်သည်ဟုဖြေဆိုသည်" ဟု ဆုံးဖြတ်ပြီးဒုတိယကောက်ချက်နှင့်ပတ်သက်၍၊ "သက်သေခံအမှတ် (က) စာမှာ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၁၇ အရ၊ မှတ်ပုံတင်ရန် လိုအပ်သည်ဟု ယူဆသည်။ ထိုစာကိုမှတ်ပုံတင်ခြင်းမရှိသဖြင့်တရားလိုမှာ ယခုအမှုကို တရားစွဲဆိုပိုင်ခွင့်မရှိဟုဖြေဆိုသည်" ဟုဆုံးဖြတ်ပြီးအမှုကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံမှုတင်ခြင်းဖြစ်သည်။

ပထမကောက်ချက်အပေါ်တွင် မူလရုံးကချမှတ်သည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အယူခံတရားပြိုင်က အယူခံမဝင်ပေ။ ထို့ကြောင့် ဤအယူခံမှုတွင် အယူခံ တရားပြိုင်အမှတ် (၁) ဒေါ်သိန်းလှနှင့် ၎င်း၏ခင်ပွန်း ဦးလှတို့က ၁၉၆၂ ခု နိုဝင်ဘာလ ၁၆ ရက်နေ့စွဲဖြင့် အယူခံတရားလိုထံ ရေးသည့်စာ၊ သက်သေခံအမှတ်

၁၉၇၄
ဒေါ်ရင်ရီ
နှင့်
ဒေါ်သိန်းလှ
ပါ ၃ ။

(က) သည် မှတ်ပုံတင်ခြင်း အက်ဥပဒေပုဒ်မ (၁၇) အရ မှတ်ပုံမတင်ထားသည့်အတွက် ယင်းဥပဒေပုဒ်မ (၄၉) အရ သက်သေခံစာတမ်းအဖြစ်ဖြင့် လက်မခံသင့်ဟုဆုံးဖြတ်ချက်မှန်မမှန်ကိုသာ စိစစ်ရန်လိုတော့သည်။

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများ အပ်နှံ၍ အပေါင်ပြုလုပ်သည့်အခါ သီးခြားစာချုပ်တခု ချုပ်ဆိုရန်မလိုပေ။ သို့သော်တခါတရံ အကြောင်းကြောင်းကြောင့် စာချုပ်စာတမ်းများ အပ်နှံကြောင်းကို စာရေးပေးလေ့ရှိကြသည်။ မှတ်တမ်းပြုလေ့ရှိသည်။ ယင်းကဲ့သို့ စာရေးသည့်အခါ၊ မှတ်တမ်းပြုလုပ်သည့်အခါ၊ ပြဿနာပေါ်လေ့ရှိသည်။ ရေးသည့်စာ သို့မဟုတ် ပြုလုပ်သည့်မှတ်တမ်းသည် မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ (၁၇) အရ မှတ်ပုံတင်ရမည့်စာတမ်းဟုတ်မဟုတ်အငြင်းပွားတတ်ကြသည်။ ယင်းကဲ့သို့ အငြင်းပွားကြသည့်အခါ ရေးသားသည့်စာ၊ သို့မဟုတ် မှတ်တမ်းသည် မှတ်ပုံတင်ခြင်း ပြုလုပ်သင့်မသင့်ကို ဆုံးဖြတ်ရာတွင်အောက်ပါအချက် နှစ်ချက်ကို အဓိကထား၍ စဉ်းစားရပေသည်——

(၁) ရေးသည့်စာ၊ သို့မဟုတ် မှတ်တမ်းသည် ချေးငွေအတွက် အာမခံအဖြစ်ပေးသည့်ကိစ္စကို သက်သေခံခြင်းအတွက် ရေးပေးခြင်းသာဖြစ်သလော။

သို့မဟုတ်

(၂) အပေါင်ပြုလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ အဓိကအင းပေးသော စာတမ်းဟုတ်မဟုတ်၊ တနည်းအားဖြင့်ဆိုလျှင် အပေါင်ပြုလုပ်ခြင်းကိစ္စတရပ်လုံးသည်၊ ယင်းစာတမ်းအပေါ် အခြေပြုသလော။

ယခုအမှုတွင် သက်သေ အထောက်အထားများ အရ၊ အယူခံ တရားလိုက ဒေါ်သိန်းလှနှင့်ဦးလှတို့ကိုပထမ ၂၆,၀၀၀ ကျပ်ချေးလိုက်သည်။ ထို့နောက် ၁၉၆၂ ခု၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ၂၄,၀၀၀ ကျပ်ထပ်မံချေးခဲ့သည်။ ထိုငွေ ၂၄,၀၀၀ ကျပ်ကို ဒေါ်သိန်းလှတို့က လက်ခံရရှိသည့်အချိန်တွင် ငွေ ၅၀,၀၀၀ ကျပ်အတွက် ပြဒီမန်စာချုပ်တခုလက်မှတ်ထိုးပေးခဲ့သည်။ တချိန်တည်းမှာ ရန်ကုန်မြို့၊ အမှတ် (၂၅၃/၂၅၅) ပန်းဆိုးတန်းလမ်း တိုက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်ခွင့်စာချုပ် စာတမ်းများကိုအယူခံတရားလိုအား ပေးအပ်သည့်အပြင်၊ သက်သေခံအမှတ် (က) စာကိုလည်းပေးခဲ့သည်။ စာချုပ်စာတမ်းများကို အပေါင်ပေးအပ်နှံ၍ ငွေချေးယူခြင်းမှာ ဥပဒေအရ၊ အပေါင်ပြုလုပ်ခြင်း အထမြောက်လေသည်။ ထိုကဲ့သို့ အပ်နှံစာပေးခြင်းမှာအပေါင်ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး စာချုပ်စာတမ်းများ ပေးအပ်ခြင်းကို မှတ်တမ်းတင်ခြင်းမျှသာဖြစ်သည်။ အပေါင်ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး အဓိကဖြစ်

သောစာတမ်းဟုမဆိုနိုင်ပေ။ သက်သေခံအမှတ် (က) စာသည် အပေါင်ပြုလုပ်ခြင်းကိုအခြေခံသည့် စာချုပ်ဖြစ်သည်ဟု မဆိုနိုင်ချေ။ ယင်းစာမရှိလျှင်လည်း အပေါင်အထမြောက်ပေသည်။ ထို့ကြောင့် သက်သေခံအမှတ် (က) သည် မှတ်ပုံတင်အက်ဥပဒေပုဒ်မ (၁၇) အရ၊ မှတ်ပုံတင်ရမည့် စာတန်းဖြစ်သည်ဟု ကျွန်ုပ်တို့မယူဆပေ။

၁၉၇၄
——
ဒေါ်ရင်ရီ
နှင့်
ဒေါ်သိန်းလှ
ပါ ၃။

သို့ဖြစ်၍မူလခုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားလိုစွဲဆိုသည့် အဘိုင်းပဏာမအပေါင်ဒီကရီ ချမှတ်ပေးလိုက်သည်။ မူလရုံးနှင့် အယူခံရုံး အတွက် စရိတ်များကို အယူခံတရားပြိုင်များက ကျခံစေရန် အမိန့်ချသည်။

## တရားမပထမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄

ဒီဇင်ဘာလ ၁၈ ရက်။

ဦးလှသန်း

နှင့်

ဒေါ်ကျင်နု

**အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၈၊ အမွေထိန်းစာ ထုတ်ပေးခြင်း ကိစ္စတွင် ကွယ်လွန်သူ၏ ကျန်ရစ်သော ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တရားရုံးကဆုံးဖြတ်ပိုင်ခွင့်ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။အမွေထိန်းစာ လျှောက်ထားသည့် ကိစ္စတွင် လျှောက်လွှာတွင် ဖော်ပြထားသည့် ပစ္စည်းများမှာ ကွယ်လွန်သူပိုင် မပိုင်၊ ကွယ်လွန်သူသည် မည်သည့်ပစ္စည်းများ ထားရစ်ခဲ့သည်။ ယင်းပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသည် မရှိသည်ကို ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ အမွေထိန်းစာ ထုတ်ပေးလိုက်ခြင်းအားဖြင့် ယင်းအမွေထိန်းစာနှင့် ပူးတွဲထားသည့် စာရင်းတွင်ပါရှိသည့် ပစ္စည်းများသည် ကွယ်လွန်သူ ပိုင်ခဲ့သည့် ပစ္စည်းများဖြစ်သည်ဟု ရုံးကသတ်မှတ်ပေးခြင်းမဟုတ်ပေ။

**လျှောက်ထားသူအတွက်။** ။ဦးဇော်ဝင်းလှိုင်။

**လျှောက်ထားခံရသူအတွက်။** ။ဒေါ်မြင့်မြင့်ခင်။

မှော်ဘီခရိုင်၊ ထန်းတပင်မြို့တွင် နေထိုင်ခဲ့သည့် ဒေါ်ဦးဆိုသူ ကွယ်လွန်အနိစ္စရောက်ခဲ့ရာ၊ ၎င်း၏ဘူဆိုသူ လျှောက်ထားသူ ကိုလှသန်းက ဒေါ်ဦး၏ပစ္စည်းများနှင့် ပတ်သက်၍ အင်းစိန်မြို့ရုံးထိုင်၊ ရန်ကုန်တိုင်း တရားရုံးတွင်အမွေထိန်းစာ လျှောက်ထားခဲ့သည်။ ဒေါ်ဦး၏ သွေးအနီးစပ်ဆုံး ဖြစ်သူများကလည်း လျှောက်ထားသူကို အမွေထိန်းစာထုတ်ပေးရန် သဘောတူခဲ့ကြသည်။ သို့သော် ဒေါ်ဦးကွယ်လွန် အနိစ္စမရောက်ခင်က ကွယ်လွန်ခဲ့သည့် ဒေါ်ဦး၏ မောင်ဖြစ်သူ၏ ဇနီး၊ လျှောက်ထားခံရသူ ဒေါ်ကျင်နုက ကန့်ကွက်လွှာတင်ခဲ့၏။ ကန့်ကွက်လွှာဟုဆိုသော်လည်း ဒေါ်ကျင်နုက လျှောက်ထားသူ ကိုလှသန်းကို အမွေထိန်းစာထုတ်

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမပြင်ဆင်မှုအမှတ် ၄၁။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ တွင် (ရန်ကုန်တိုင်း) အင်းစိန်မြို့နယ်၊ပြည်သူ့တရားရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

ပေးရန် ကန့်ကွက်ခြင်းမဟုတ်ပေ။ လျှောက်ထားသူ တင်သည့် လျှောက်လွှာနှင့် ပူးတွဲထားသည့် ပစ္စည်းများမှာ ဒေါ်ဦးတဦးတည်းပိုင်မဟုတ်၊ ၎င်း၏ခင်ပွန်းလည်းပိုင်ခဲ့သည်ဟု ဒေါ်ကျင်နုက တင်ပြခဲ့ခြင်းသာဖြစ်သည်။

၁၉၇၄ — ဦးလှသန်း နှင့် ဒေါ်ကျင်နု။

လျှောက်ထားသူ၏ လျှောက်လွှာနှင့် လျှောက်ထားခံရသူတို့၏ ကန့်ကွက်လွှာတို့အရ၊ မူလဘိုင်းရုံးက အောက်ပါကောက်ချက်ကို ထုတ်ခဲ့သည်—

ကောက်ချက်

"အမွေအုပ်ထိန်းစာ လျှောက်ထားသည့် အမှုတွင် ကန့်ကွက်သူကအမွေထိန်းစာထုတ်ပေးခြင်းကို ကန့်ကွက်ခြင်းမရှိဘဲ၊ ကွယ်လွန်သူ၏ ကျန်ရစ်သော ပစ္စည်းပိုင်ဆိုင်ခွင့်တွင် အငြင်းပွားနိုင်ပါသလား"

နှစ်ဘက် ရှေ့နေကြီးများ၏ လျှောက်လဲချက်များကို ကြားနာပြီး၊ ဒေါ်ဦး ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးသင့်သည်ဟု ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကိုမကျေနပ်၍၊ ဤပြင်ဆင်မှု လျှောက်လွှာကိုတင်၏။

ကွယ်လွန်သူဘဦး၏ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် ပတ်သက်၍၊ ထိန်းသိမ်းရန် အမွေထိန်းစာခွင့်သိကြောင်း လျှောက်ထားလျှင်၊ သက်ဆိုင်ရာ တရားရုံးက ယင်းပစ္စည်းများကို ထိန်းသိမ်းရန်လို မလို၊ လျှောက်ထားသူသည် လျှောက်ထားပိုင်ခွင့်ရှိ မရှိ၊ လျှောက်ထားသူအား အမွေထိန်းစာ ထုတ်ပေးသင့် မသင့်ကိုသာ ဆုံးဖြတ်ရန်ဖြစ်သည်။ လျှောက်လွှာတွင် ဖော်ပြထားသည့် ပစ္စည်းများမှာ ကွယ်လွန်သူပိုင် မပိုင်၊ ကွယ်လွန်သူသည် မည်သည့် ပစ္စည်းများ ထားရစ်ခဲ့သည်၊ ယင်းပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသည် မရှိသည်ကို ဆုံးဖြတ်ပိုင်ခွင့်မရှိချေ။

အမွေထိန်းစာ ထုတ်ပေးလိုက်ခြင်းအားဖြင့် ယင်းအမွေထိန်းစာနှင့် ပူးတွဲထားသည့်စာရင်းတွင်ပါရှိသည့် ပစ္စည်းများသည် ကွယ်လွန်သွားသူ ပိုင်ခဲ့သည့် ပစ္စည်းများဖြစ်သည်ဟုရုံးက သတ်မှတ်ပေးခြင်းမဟုတ်ပေ။

ထို့ကြောင့်မူလဘိုင်းရုံးက လျှောက်လွှာတွင် ပါရှိသော ပစ္စည်းစာရင်း အရ၊ ထိုပစ္စည်းများသည် အမှန်တကယ် ဒေါ်ဦးပိုင်ဟုတ် မဟုတ်ကို ဆက်လက်စစ်ဆေးသွားမည်ဟု ၁၉၇၃ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့က ချမှတ်သော အမိန့်မှာ မှားနေသည်ဟုဆိုရပေမည်။

သို့ဖြစ်၍ ယင်းအမိန့်ကို ပယ်ဖျက်ပြီး အထက်တွင်ဖော်ပြထားသည့် အတိုင်း လျှောက်ထားသူ၏ လျှောက်လွှာကို မူလဘိုင်းရုံးက ဆက်လက်ဆောင်ရွက်ရန်ညွှန်ကြားလိုက်သည်။ စရိတ်ခွင့်မပြု။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄

အောက်တိုဘာ လ ၁၈ ရက်။

### မသန်းကြည်

### နှင့်

### ကိုတင်စိန် ပါ ၂*

**အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူသည် အက်ဥပဒေပုဒ်မ (၁၀)၊ အုပ်ထိန်းခွင့် ပေးရာတွင် စဉ်းစားရမည့်အချက်များ။**

**ဆုံးဖြတ်ချက်။** ။အုပ်ထိန်းခွင့် လျှောက်ထားချက်ကို စဉ်းစားရာတွင် အရွယ်မရောက်သေးသူ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုနှင့် ကောင်းရာ ကောင်းကြောင်း အဝဝတို့ကို အဓိကထား၍ စဉ်းစားရန်ဖြစ်သည်။

**အယူခံတရားလိုအတွက်။** ။အကျိုးဆောင် ဦးထွန်းတင်။

**အယူခံတရားခံများအတွက်။** ။မလာ။

အယူခံတရားလို မသန်းကြည်နှင့် အယူခံတရားပြိုင် အမှတ် (၁) ကိုတင်စိန်တို့မှာ အကြင်လင်မယားဖြစ်ကြသည်။ ရောဝတီတိုင်း၊ ဖျာပုံမြို့၊ အောက္ကဘာ ကျေးရွာတွင် နေထိုင်သူများဖြစ်ကြသည်။ လွန်ခဲ့သော ၇ နှစ်ခန့်က အိမ်ထောင်ကျခဲ့ကြ၍ အတူနေထိုင် ပေါင်းသင်းလာပြီး၊ မသန်းကြည်သည် သားမောင်သန်းထွန်းကို မွေးဖွားခဲ့သည်။ သား မောင်သန်းထွန်း ၉ လသားအရွယ်တွင် လင်မယားရန်ဖြစ်ကြပြီး ကွဲသွားကြသည်။ (မသန်းကြည်က သား မောင်သန်းထွန်း ၁ နှစ်နှင့် ၈ လသားအရွယ်က လင်မယားချင်း ကွဲကွာကြသည်ဟုဆိုသည်။) မောင်တင်စိန်က ၎င်း၏ ဖခင်ဖြစ်သူအယူခံတရားပြိုင် အမှတ်(၂)ဦးရွှေမောင်အိမ်တွင် သားမောင်သန်းထွန်းကိုပါ ခေါ်လာပြီး နေထိုင်ခဲ့သည်။ နောက် ၂ နှစ်လောက် အကြာ

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၇၆။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈ တွင် ရောဝတီတိုင်း၊ ဖျာပုံမြို့၊ တိုင်းပြည်သူ့တရားရုံး၏ ချမှတ်သော ဆုံးဖြတ်ချက်ကို အယူခံဝင်မှု။

၁၉၇၄

မသန်းကြည် နှင့် ကိုတင်စိန် ပါ ၂။

တွင် မောင်တင်စိန်သည် နောက်အိမ်ထောင်ပြုခဲ့သည်။ မောင်သန်းထွန်းကို ဘိုးအေဖြစ်သူ ဦးရွှေမောင်က နွားနို့၊ ဆိတ်နို့ အစရှိသည်တို့ကို တိုက်ကျွေးပြီး မွေးလာခဲ့သည်။ မောင်သန်းထွန်း အသက် ၅ နှစ်ကျော် ၆ နှစ်ခန့်အရွယ်တွင် မသန်းကြည်က သားကို ပြန်ရလိုကြောင်း ကျေးရွာ ရ-လ-က အဖွဲ့ထံ တောင်းဆိုခဲ့ရာ၊ကျေးရွာ ရ-လ-က အဖွဲ့က နှစ်ဖက်ကို စစ်ဆေးပြီး မောင်သန်းထွန်းကို အဘိုးဖြစ်သူ ဦးရွှေမောင်ကပင် ဆက်လက်စောင့်ရှောက်သွားပြီး ကလေးကြီးပြင်းလာ၍ အမှားအမှန် တွေးခေါ် တတ်သည့် အရွယ်ကျလျှင် ပျော်ပိုက်ရာ နေရာမှာနေထိုင်နိုင်သည်ဟု အဆုံးအဖြတ်ပေးလိုက်သည်။ ယင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ မသန်းကြည်က ဖျာပုံမြို့ရုံးထိုင်၊တိုင်းပြည်သူ့တရားရုံး၌ တရားမကြီးမှု အမှတ် ၈/၇၃ တွင် မောင်တင်စိန်နှင့် ဦးရွှေမောင်တို့ကို တရားပြိုင်ပြုလုပ်၍ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူ အက်ဥပဒေ ပုဒ်မ (၁၀) အရ၊ မောင်သန်းထွန်းအတွက် ၎င်းအား အုပ်ထိန်းသူ ခန့်အပ်ရန် တရားစွဲဆိုခဲ့သည်။

ဖျာပုံမြို့ရုံးထိုင်၊ တိုင်းပြည်သူ့တရားရုံးက နှစ်ဘက် သက်သေများကို စစ်ဆေး၍ မသန်းကြည်၏ လျှောက်လွှာကို ပယ်ပြီး ကလေးအား ယခုလက်ရှိ ဘိုးအေဖြစ်သူ ဦးရွှေမောင်ကပင် ဆက်လက် ကျွေးမွေး စောင့်ရှောက်သွားရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤအယူခံလျှောက်လွှာကို မသန်းကြည်တင်ခြင်းဖြစ်သည်။

မသန်းကြည်က ဘိုးအေဖြစ်သူ ဦးရွှေမောင်သည်အစက ကလေးကိုတွေ့ခွင့်ပြုသော်လည်း နောက်ပိုင်းတွင် တွေ့ခွင့်မပြုတော့ကြောင်း၊မောင်တင်စိန်မှာလည်း နောက်ထပ်အိမ်ထောင်ပြုပြီး ဖြစ်သဖြင့် မိထွေးဖြစ်သူက မောင်သန်းထွန်းကို နှိပ်စက်မှာစိုးရိမ်မိပါကြောင်းစသည်ဖြင့် တင်ပြသည်။ မသန်းကြည်၏ ပညာရှိ အကျိုးဆောင်ကြီး ဦးထွန်းတင်က မောင်သန်းထွန်းသည် အသက်အရွယ်နုနယ်သော ကလေးဖြစ်၍ မိခင်ကသာ အုပ်ထိန်းခွင့်ရှိသဖြင့် မိခင်ကို ဦးစားပေး၍ စဉ်းစားသင့်သည်ဟု တင်ပြသည်။ ထိုအဆိုပြုချက်နှင့် ပတ်သက်၍ စီရင်ထုံးများစွာတင်ပြခဲ့သည်။

အရွယ်မရောက်သေးသူကို အုပ်ထိန်းခြင်းနှင့် ပတ်သက်၍ အုပ်ထိန်းခွင့် လျှောက်ထားသူ၏ လျှောက်ထားချက်ကို စဉ်းစားရာတွင် အရေးကြီးဆုံးသော အချက်မှာ အရွယ်မရောက်သေးသူ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုနှင့် ကောင်းရာ ကောင်းကြောင်း အစစတို့ကို အဓိကထား၍ စဉ်းစားသင့်သည်ဟု စီရင်ထုံးအားလုံးတို့ကတညီတညွတ်တည်းပြဆိုထားသည်ကို တွေ့ရသည်။

ဦးရွှေမောင်၏ အိမ်နှင့် မသန်းကြည်တို့ အိမ်မှာ ၄-၅ အိမ်သာခြားကြောင်း၊နေ့စဉ် မောင်သန်းထွန်းကျောင်းသွားသည့်အခါ မသန်းကြည်၏ အိမ်ရှေ့သို့အသွားအပြန်ဖြတ်သွားကြောင်းသက်သေအထောက်အထားအရပေါ် လွင်သည်။ ထို့ကြောင့် ကလေးကို

၁၉၇၄ မသန်းကြည် နှင့် ကိုတင်စိန် ပါ၂။

တွေ့ခွင့်မပြုဟုဆိုသည်မှာ ဖြစ်နိုင်စရာ အကြောင်းမရှိပေ။ကလေးကို မိထွေးက နှိပ်စက်ညှဉ်းပန်းမည်ဟု စိုးရိမ်ကြောင်းတင်ပြချက်မှာလည်း မဖြစ်နိုင်ပေ။မောင်တင်စိန်သည် နောက်အိမ်ထောင်နှင့် သီးခြားနေပြီး ကလေးမောင်သန်းထွန်းသည် ဘိုးအေ ဖြစ်သူ ဦးရွှေမောင်နှင့်သာ အတူနေခြင်းဖြစ်သည်။

မသန်းကြည်၏ အဆိုအရ အရောင်းအဝယ်လုပ်၍ တလ ၂၅ဝိ၊ ၃ဝဝိ ခန့် ဝင်ငွေရှိသည်၊ သို့သော်လည်း အတည်တကျပစ္စည်းအရောင်းအဝယ်နှင့် ပတ်သက်၍ တိတိကျကျ ဝင်ငွေအနည်းဆုံးမည်မျှမည်မျှရသည်ကို မဖော်ပြနိုင်ပေ။ လက်ရှိကလေးကို စောင့်ရှောက် ဖုပ်ထိန်းထားသူ ဦးရွှေမောင် အနေနှင့် လယ်ကေ ၂ဝ လောက်လုပ်ပြီး၊ ကျွဲ ၄ ကောင်ရှိသည်ဟု တင်ပြခဲ့သည်။ ယင်းတင်ပြချက်ကို သက်သေများက ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

၉ လအရွယ်ကတည်းက အသက် ၅ နှစ်ကျော်၊ ၆ နှစ်အရွယ်အထိ အယူခံတရားလို မသန်းကြည်သည် ကလေးကိုပြန်ခေါ်ပြီး စောင့်ရှောက် ထိန်းသိမ်းရန် မည်ကဲ့သို့မှ ဆောင်ရွက်ခဲ့ကြောင်း အမှုတွဲအရ ပေါ်လွင်သည်။ဤအချက်ကိုကြည့်ခြင်း အားဖြင့် မသန်းကြည်သည် သားငယ် မောင်သန်းထွန်းအပေါ်တွင် တွယ်တာခြင်း မရှိကြောင်း ထင်ရှားသည်။ တနည်းအားဖြင့်ဆိုလျှင် မိဘတို့၏ ထားရှိအပ်သော မေတ္တာတရား ခေါင်းပါးပြီး သားငယ်ကို လျစ်လျူရှုလာခဲ့သည်ဟု ယူဆရပေမည်။

ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရွယ်မရောက်သေးသူ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုနှင့် ကောင်းရာ ကောင်းကြောင်း အဝဝတို့ကို အဓိကထား၍ စဉ်းစားရမည်ဆိုသော် မောင်သန်းသွန်းကို ၎င်း၏ ဘိုးအေဖြစ်သူ ဦးရွှေမောင်က ထိန်းသိမ်းစောင့်ရှောက်ခြင်းကသာလျှင် ၎င်း၏ ကောင်းရာ ကောင်းကြောင်းကို ဖြစ်စေမည့်အပြင် ၎င်း၏ ပျော်ရွှင်မှုကိုလည်း ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့ယူဆသည်။

သို့ပါသောကြောင့် ဤအယူခံလျှောက်လွှာကို စရိတ်မရှိ ပလပ်လိုက်သည်။

## တရားမအဘသေးအဖွဲ့အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးသန်းအောင်

နှင့်

မောင်သန်းမြိုင် *

†၁၉၇၄
အောက်တိုဘာ
လ ၂၁ ရက်။

**အလုပ်လုပ်ရင်း အမောဆို့ပြီး နှလုံးရပ်၍ သေဆုံးခြင်းဖြစ်ကြောင်း ဆရာဝန်က ထောက်ခံထားခြင်း၊ ဆရာဝန်ကို ရုံးမှခေါ်ယူ စစ်ဆေးရန် လို မလို၊ အခြားရောဂါဝေဒနာကြောင့် သေဆုံးကြောင်း သက်သေပြရန် အလုပ်ရှင်၏ တာဝန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်ဆရာဝန်၏ သေဆုံးမှုဆိုင်ရာ ဆေးစစ်ချက် ထောက်ခံစာတွင် မကျင်သိန်းမြင့်သည် ရုတ်တရက် အမောဆို့ပြီး နှလုံးရပ်၍ သေဆုံးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ အလုပ်ခွင်တွင် အလုပ်လုပ်ရင်း ရုတ်တရက် အမောဆို့ပြီး သေဆုံးကြောင်း ထင်ရှားသဖြင့် ဆရာဝန်ကိုရုံးမှ ခေါ်ယူစစ်ဆေးရန် မလိုဟု ကျွန်ုပ်တို့ယူဆသည်။ အကယ်၍ အခြားအကြောင်းကြောင့်၊ သို့မဟုတ် အခြားရောဂါဝေဒနာ စွဲကပ်နေသောကြောင့် မကျင်သိန်းမြင့် သေဆုံးခဲ့သည်ဟု အယူခံတရားလိုက ဆိုလိုပါလျှင် ထိုအချက်နှင့်ပတ်သက်ပြီး သက်သေပြရန်မှာ အယူခံတရားလို၏ တာဝန်သာဖြစ်ခဲ့သည်။

**အယူခံတရားလိုအတွက်။** ။ဦးချိန်ဖိုးနှင့် ဦးခင်မောင်ကလေး။

**အယူခံတရားခံအတွက်။** ။ကိုယ်တိုင်၊ ရှုံးသဟာယ မန္တတာ ဂိုရ်။

အယူခံ တရားပြိုင် မောင်သန်းမြိုင်၏ ဇနီးဖြစ်သူမကျင်သိန်းမြင့်သည် မအူပင်မြို့၊ ဇောတိကဆန်စက်တွင် ဆန်အိတ်များ ထမ်းရင်း ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က လဲကျ၍ သေဆုံးခဲ့သည်။ ယင်းကဲ့သို့ သေဆုံးသည့်အတွက် အယူခံ တရားပြိုင် မောင်သန်းမြိုင်က ဇောတိက ဆန်စက်ပိုင်ရှင်၏ ကိုယ်စားလှယ်ဖြစ်သူ အယူခံ တရားလို ဦးသန်းအောင် ထံမှ အလုပ်သမားလျော်ကြေး တောင်းဆိုခဲ့သည်။ မအူပင်မြို့နယ် အလုပ်သမား လျော်ကြေး စီစစ်ရေးကော်မတီက အမှုစစ်ဆေးပြီး အယူခံ တရားလိုက အလုပ်သမား လျော်ကြေးငွေ ကျပ် ၂,၀၀၀ အယူခံ

---

* ၁၉၇၃ ခုနှစ်၊ တရားမအသေးအဖွဲ့အယူခံမှုအမှတ် ၃၆။

† ၁၉၇၃ ခုနှစ်၊ တရားမအလုပ်သမား လျော်ကြေးမှုအမှတ် ၁ တွင် မအူပင်မြို့၊ အလုပ်သမား လျော်ကြေးစီစစ်ရေးကော်မတီမှုး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

တရားပြိုင်အား ပေးရန် အမိန့်ချမှတ် ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေး ဥပဒေ ပုဒ်မ (၃၀) အရ၊ အယူခံ ဝင်ခြင်းဖြစ်သည်။

မကျင်သိန်းမြင့် သည် သူ၏ အလုပ်သမား မဟုတ်၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) ၏ အလုပ်သမား တဦးသာ ဖြစ်သည်ဟု အယူခံ တရားလိုက တင်ပြသည်။ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီရှေ့တွင် စစ်ဆေးခဲ့သည့်အခါက၊ အယူခံ တရားလိုသည် မကျင်သိန်းမြင့်မှာ သူ၏ အလုပ်သမား မဟုတ်၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) ၏ အလုပ်သမား ဖြစ်သည်ဟု အဆိုမပြုခဲ့ချေ။ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ ရှေ့တွင် စစ်ဆေးသည့် သက်သေများ အနက် တဦးကမျှ မကျင်သိန်းမြင့်သည် အယူခံ တရားလို၏ အလုပ်သမား မဟုတ်ဟု မပြောခဲ့ချေ။ သက်သေ မောင်သန်းမြင့် ဆိုသူက အလုပ်သမားများကို အလုပ်သမားမှူး ဦးကျော်ဒိုးက ငွေရှင်းပေးသည်။ ဦးကျော်ဒိုးက ပိုင်ရှင် ကိုယ်စားလှယ် ဦးသန်းအောင်ထံမှ လုပ်ခ ငွေများကို ရှင်းယူကြောင်း ထွက်ဆိုထားသည်။ ထို့ကြောင့် အယူခံ တရားလိုက မကျင်သိန်းမြင့်သည် သူ၏ အလုပ်သမား မဟုတ်၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) ၏ အလုပ်သမား ဖြစ်သည်ဟု တင်ပြချက်မှာ နောက်မှ အကြံရ၍ တင်ပြခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီသည် သေဆုံးမှု ဆိုင်ရာ စစ်ဆေးချက် ထောက်ခံစာ ထုတ်ပေးသော မအူပင်မြို့၊ မြို့နယ် ဆရာဝန်ကြီးကို ခေါ်ယူ စစ်ဆေးခြင်း မပြုပဲ၊ ဆုံးဖြတ်ချက်ချခြင်းမှာ မှားသည်ဟု အယူခံ တရားလိုက တင်ပြသည်။ သက်သေထွက်ချက်များ အရ၊ မကျင်သိန်းမြင့် ကို ဆေးရုံသို့ ခေါ်သွားသည်။ ဆေးရုံတွင် တာဝန်ကျဆရာဝန်က စမ်းသပ်သည့် အခါ အသက် မရှိတော့ကြောင်း ပေါ်လွင်သည်။ မြို့နယ်ဆရာဝန်၏ သေဆုံးမှု ဆိုင်ရာ ဆေးစစ်ချက် ထောက်ခံစာတွင် မကျင်သိန်းမြင့်သည် ရှတ်တရက် အမောဆို့ပြီး နှလုံးရပ်၍ သေဆုံးခြင်း ဖြစ်ကြောင်း ဖော်ပြ ထားသည်။ အလုပ်ခွင်တွင် အလုပ်လုပ်နေရင်း ရှတ်တရက် အမောဆို့ပြီး သေဆုံးကြောင်း ထင်ရှားသဖြင့် ဆရာဝန်ကို ရုံးမှ ခေါ်ယူ စစ်ဆေးရန် မလိုဟု ကျွန်ုပ်တို့ ယူဆသည်။ အကယ်၍ အခြားအကြောင်းကြောင့်၊ သို့မဟုတ် အခြားရောဂါ ဝေဒနာ စွဲကပ်နေသောကြောင့် မကျင်သိန်းမြင့် သေဆုံးခဲ့သည်ဟု အယူခံတရားလိုက ဆိုလိုပါလျှင် ထိုအချက်နှင့် ပတ်သက်ပြီး သက်သေပြရန်မှာ အယူခံ တရားလို၏ တာဝန်သာ ဖြစ်ခဲ့သည်။ ထိုအချက်နှင့် ပတ်သက်၍ အယူခံ တရားလိုသည် သက်သေ ပြခဲ့ခြင်း မရှိကြောင်း တွေ့ရသည်။

၁၉၇၄ ဦးသန်းအောင် နှင့် မောင်သန်းမြိုင်။

အယူခံ တရားလိုသည် မကျင်သိန်းမြင့်၏ အသုဘ ကိစ္စအတွက် ငွေ ကျပ် ၅၀ ယူခဲ့သည့်အပြင်၊ မကျင်သိန်းမြင့် သေဆုံးမှုအတွက် ရပ်ကွက် လူကြီးများနှင့် ညှိနှိုင်း၍ အယူခံ တရားပြိုင် မောင်သန်းမြိုင်ကို ငွေ ကျပ် ၃၀၀ ပေးခဲ့သည်။ အယူခံ တရားပြိုင်က ငွေ ကျပ် ၃၀၀ ကို လက်မခံကြောင်း သိရသည်။ မိမိ၏ အလုပ်သမား မဟုတ်လျှင် ဤကဲ့သို့ ပြုမူ ဆောင်ရွက်ရန် လိုမည် မဟုတ်ဟု ကျွန်ုပ်တို့ ယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မအူပင်မြို့နယ် အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီ ချမှတ်ခဲ့သည့် အမိန့်မှာ မှန်သည်ဟု ကျွန်ုပ်တို့ ယူဆသဖြင့် ဤအယူခံမှုကို စရိတ်မရှိ ပလပ် လိုက်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၄
အောက်တိုဘာ လ ၂၁ ရက်။

### အမ်၊ အီး၊ အရစ် (ဖ်)

နှင့်

### မလှကျင် *

**မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ၊ အိမ်ငှားကစိုက်၍ အိမ်ပြင်သည့်ငွေကို ကာလစည်းကမ်းသတ် ကျော်လွန်နေသော အိမ်လခကြွေးများမှ ခုနှိမ်ခွင့်ရှိ မရှိ။**

ထုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် ကျော်လွန်နေသည့် အိမ်လခကြွေးများနှင့် အိမ်ပြင်သည့်အတွက် ကုန်ကျငွေကို ခုနှိမ်ခွင့်မရှိ။

**အယူခံတရားလိုအတွက်။** ။မစ္စတာ အင်၊ စီ၊ ဆင်း။

**အယူခံတရားခံအတွက်။** ။ဦးစိုးမောင်။

အယူခံ တရားလိုသည် ရန်ကုန်မြို့၊ အနော်ရထာလမ်း အမှတ် ၂၁၆/၂၂၀ အဆောက်အအုံ၏ ပိုင်ရှင်ဖြစ်သည်။ အယူခံတရားပြိုင်သည် ယင်းအဆောက်အအုံ၏ အခန်းနံပါတ် ၃ ၏ အိမ်ငှားဖြစ်သည်။ ယင်းအခန်းအတွက် စံငှားခမှာ တလ ၅၀ ကျပ်ဖြစ်သည်။

အယူခံတရားလိုက အယူခံ တရားပြိုင်ပေါ်တွင် ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့အထိ အိမ်လခကြွေး ၅၃ လအတွက် ရလိုကြောင်း၊ ယခင်တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) တွင် တရားစွဲတောင်းဆိုခဲ့သည်။ ၅၃ လအတွက် တလ ၅၀ ကျပ်နှုန်းနှင့် စုစုပေါင်း ၂၆၅၀ ကျပ်ဖြစ်သော်လည်း၊ အယူခံတရားပြိုင်က အိမ်လခအဖြစ်ဖြင့် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင်

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၃၇။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၀ တွင် တရားရုံးချုပ်၊ မူလဘက်ဌာနခွဲ (၂) (ရန်ကုန်မြို့တရားမရုံးဆိုင်ရာ) တရားသူကြီး (၁) ရုံး၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

တင်သွင်းထားသည့် ၄၀၅ ကျပ်ကို ယင်းငွေပမာဏမှ ခုနှိမ်ပြီး စုစုပေါင်း ၂၁၉၁ ကျပ် အတွက်သာ ဒီကရီချမှတ်ပေးရန် တောင်းဆိုသည်။

၁၉၇၄
အမ်၊ အီး၊ အရစ်(ဖ်) နှင့် မလှကျင်။

အိမ်လခ ကြွေးများပေးရန် ကျန်ရှိနေကြောင်းကို အယူခံ တရားပြိုင်က မငြင်းချေ။ သို့ရာတွင် အယူခံတရားလိုသည် အိမ်လခကြွေး ၃၆ လ အတွက်သာ တရားစွဲ တောင်းဆိုနိုင်ခွင့်ရှိသည်။ ကျန်သည့် ၁၇ လအတွက်မှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်သည်။ ထို့အပြင် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ၎င်း၏ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့စွဲပါ အမိန့်အရ အယူခံတရားပြိုင်က စိုက်ထုတ်၍ အိမ်ပြင်ဆင်ထားသည့် ငွေစုစုပေါင်း ၁၁၀၀ ကျပ်ကို ခွင့်ပြုခဲ့သည့် အတွက် ထိုနေ့ရက် နောက်ပိုင်းမှစပြီး လစဉ်ပေးရန် အိမ်လခများနှင့် ၁၁၀၀ ကျပ်ကို ခုနှိမ်ခဲ့ပြီး ဖြစ်သည့်အတွက် ဤအမှုတွင် ယင်းငွေ ၁၁၀၀ ကျပ်ကို စွဲဆိုသည့်ငွေထဲမှ နုတ်ရန် သင့်သည်ဟု ထုချေခဲ့သည်။

မူလရုံးက အိမ်လခကြွေး ၃၆ လအတွက်သာ ခွင့်ပြုသည်။ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင် တရားပြိုင်တင်သွင်းထားသည့် ငွေ ၄၀၅ ကျပ်နှင့် အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်ကို ခုနှိမ်ပြီး ငွေ ၂၉၅ ကျပ် အတွက်သာ ဒီကရီချမှတ်ပေး၍ ကျန်တောင်းဆိုသည့် ငွေများအတွက် အမှုပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေ နပ်၍ ဤအယူခံမှုဘင်ခြင်းဖြစ်သည်။

ဤအယူခံမှုတွင် စဉ်းစားရန် အချက်တချက်သာ ရှိသည်။ ကာလ စည်းကမ်းသတ် ကျော်လွန်နေသဖြင့် တရားစွဲဆို၍ တောင်းဆိုပိုင်ခွင့်မရှိသော အိမ်လခ ကြွေးပမာဏ ထဲမှ အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်ကို ခုနှိမ်ခွင့်ပြုသင့်-မသင့် အချက်ဖြစ်သည်။ အယူခံ လျှောက်လွှာအပိုဒ် (၄) တွင် အိမ်လခကြွေး ၅၃ လအတွက် ငွေ ၂၆၅၀ ကျပ်ထဲမှ အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်နှင့် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးတွင် အပ်ထားသည့် ငွေ ၄၀၅ ကျပ်၊ စုစုပေါင်း ၁၅၀၅ ကျပ်ကို နုတ်၍ ၁၁၄၅ ကျပ်အတွက် ဒီကရီချပေးသင့်သည်ဟု အယူခံတရားလိုက တောင်းဆိုထားသည်။ ပဋိညာဉ် အက် ဥပဒေ ပုဒ်မ (၆၀) နှင့် (၆၁) တို့ကို ကိုးကား၍ မြီရှင်တဦးသည် စည်းကမ်းသတ် ကျော်လွန်နေသည့် အကြွေးကို တရားစွဲဆို တောင်းခွင့် မရှိသော်လည်း၊ မြီစားထံမှ ရရှိသည့်ငွေကို ယင်းကာလစည်းကမ်းသတ် ကျော်လွန်နေသည့် အကြွေးနှင့် ခုနှိမ်ခွင့် ရှိသည်ဟု အယူခံတရားလို၏ အကျိုးဆောင်က တင်ပြသည်။ ဤအမှု အဖြစ်အပျက် အကြောင်းအရာ အချက်အလက်များသည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ (၆၀) နှင့် (၆၁) တို့နှင့် လုံးဝအကျုံးမဝင်ဟု ကျွန်ုပ်တို့ ယူဆသည်။ အယူခံတရားပြိုင်သည် စိုက်ထားသည့် အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်ကို အိမ်လခများနှင့် ခုနှိမ်ရန် ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ကမှ လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေးဝန်ထံမှ အမိန့်

၁၉၇၄
အမ်၊ အီး၊ အရစ်(ဖ်) နှင့် မလှကျင်။

ရရှိခဲ့သည်။ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ (၁၁) အရ၊ အယူခံတရားပြိုင်သည် ယင်းနေ့ နောက်ပိုင်းမှ စ၍ ပေးရန်ရှိသည့် အိမ်လခများနှင့် အိမ်ပြင်ခ ၁၁၀၀ ကျပ်ကိုခုနှိမ်လာခဲ့သည်။ ထိုကဲ့သို့ ခုနှိမ်မည့် အကြောင်းကိုလည်း အယူခံ တရားပြိုင်၏ အကျိုးဆောင်က အယူခံတရားလိုထံ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့က စာရေး အကြောင်းကြားခဲ့သည့် သက်သေခံ အမှတ် (က) စာတွင် အတိအလင်း ဖော်ပြထားခဲ့ပြီး ဖြစ်သည်။ အယူခံတရားပြိုင်သည် အိမ်ပြင်ခငွေ ၁၁၀၀ ကျပ်ကို ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် နောက်ပိုင်း လစဉ်ပေးရမည့် အိမ်လခများနှင့် ခုနှိမ်ခွင့် ရှိသဖြင့် အယူခံတရားလိုသည် ကာလ စည်းကမ်းသတ် ကျော်လွန်နေသည့် အိမ်လခ ကြွေးများနှင့် ယင်းအိမ်ပြင်သည့်အတွက် ကုန်ကျသည့် ငွေ ၁၁၀၀ ကျပ်ကို ခုနှိမ်ခွင့်မရှိပေ။

ထို့ကြောင့် မူလရုံးက ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီမှာ မှန်ကန်သည်ဟု ယူဆသဖြင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ပ၊စ၊ဘ၊ / ၁၁၆၂၁၁ / ဗဟိုဘာသာရုံးချုပ် / ၁၀၀၀၀ + ၁၀ / ၁၄-၇-၇၉/၉